# မြဝတီ နေ့စဉ်

တိုင်းပြည်၏စတုတ္ထမဏ္ဍိုင်ကို ဖော်ဆောင်ပေးသည် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၁၇၃)

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်
၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၈ ရက်၊ ဗုဒ္ဓဟူးနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

လောကဌ် အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ အဖကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ လောကဌ် ရဟာန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ မကောင်းမှုကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဂကတို့ကို ပစ္စည်းလေးပါးဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ **ဓမ္မပဒ**

**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

**နေပြည်တော် အောက်တိုဘာ ၇**

(၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁)၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၏ **စာမျက်နှာ ၁၆ ကော်လံ ၁** ☆




## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၈ ရက်)

# ထိန်းသိမ်းကြစေ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေ

မြန်မာ့ရိုးရာယဉ်ကျေးမှုအနုသုခုမပညာရပ်များသည် လွန်စွာသိမ်မွေ့လှသည်။ မြန်မာ့ယဉ်ကျေးမှုသည် နှစ်ပေါင်းထောင်ချီ၍တည်ရှိနေသောယဉ်ကျေးမှုဖြစ်သည်။ ယဉ်ကျေးမှုဟူသောစကားရပ်ကို မြန်မာအဘိဓာန်တွင်ဖွင့်ဆိုထားသည်မှာ "သိမ်မွေ့ပြေပြစ်သောတတ်သိလိမ္မာမှု၊ တိုးတက်ထွန်းကားလာသောလူမှုအဆင့်အတန်း၊ အစဉ်အလာအားဖြင့်ထိန်းသိမ်းတည်ရှိလာသောဓလေ့ထုံးတမ်းစသည်"ဟူ၍ဖွင့်ဆိုထားသည်။ မြန်မာ့ယဉ်ကျေးမှုပညာရပ်များဖြစ်သော သီဆိုခြင်း၊ ကခုန်ခြင်း၊ သီချင်းရေးသားခြင်း၊ သီချင်းနှင့်တီးလုံးများကို တူရိယာများဖြင့်တီးခတ်ခြင်းတို့မှာ လွယ်ကူလှသောပညာရပ်မဟုတ်ပေ။ လွန်စွာခက်ခဲလှသည်။ သင်ကြားပေးသူကသင်ကြားပေးတိုင်း သင်ယူသူကမကြိုးစားလျှင် တတ်မြောက်ခြင်းရှိမည်မဟုတ်ပေ။

ထို့ကြောင့်ရှေးစာဆိုများက "သင်တိုင်းမတတ်တဲ့သည်ပညာ၊ ပါရမီရှိမှသာ"ဟုဆိုထားသည်။ ပါရမီဆိုသည်မှာလည်း သူ့မျိုးရိုးနှင့်သူဆက်နွှယ်လာခြင်းဖြစ်သည်။ ပါရမီရှိတိုင်းလည်း ဝါသနာရှိမှတတ်မြောက်လွယ်ပေမည်။မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီးမှန်သမျှတွင် စည်းနှင့်ဝါးသည်အခြေခံဖြစ်သည်။ စည်းနှင့်ဝါးကိုမလွှဲကိုင်ထား၍လုပ်ဆောင်ရခြင်းဖြစ်သည်။ ဆိုလိုချင်သည်မှာ တီးချင်သလိုတီး၊ ဆိုချင်သလိုဆို၊ စည်းမမိ၊ ဝါးမမိပညာရပ်များမဟုတ်ကြောင်းကိုသိစေလိုခြင်းဖြစ်သည်။ ဝန်ကြီးပဒေသရာဇာရေးသားခဲ့သော ပုစဉ်းတောင်သံကြိုးဟုခေါ်ဆိုသော "ထံတျာတေရှင်၊ ထံတျာတေရှင်၊ ဒျန့်ဒျန့် ထံတျာတေရှင်" ကြိုးသီချင်းကိုစတင်သင်ကြားရသည်။ စည်းဝါးကျနစနစ်တကျအခြေခံသင်ယူပြီးမှ သီတာသီတာအစချီ ကလပ်ကြီးကြိုး၊ သာယာသာယာအစချီသော ကလပ်ငယ်ကြိုးတို့ကိုတစ်ဆင့်စီသင်ယူကြရသည်။ ကြိုးသီချင်း ၁၃ ပုဒ်ကိုအခြေခံသင်ရိုးအဖြစ်သတ်မှတ်ထားပြီး တတ်မြောက်အောင်သင်ယူကြရသည်။

ထိုမှတစ်ဆင့်ဘွဲ့သီချင်းများ၊ သီချင်းခံများ၊ ပတ်ပျိုးသီချင်းများ၊ ယိုးဒယားသီချင်းများ၊ မွန်သီချင်းများ၊ လေးထွေသံကပ်၊ မြင်းခင်း၊ လောကနတ်ချင်း၊ ဒိန်းသံ၊ ကရင်သြသံ၊ ဘောလယ်၊ တေးထပ် စသည်ဖြင့် သင်ယူကြရသည်။ မဟာဂီတသီချင်းကြီးများသည် သာယာနာပျော်ဖွယ်ကောင်းလှသည်။ ထို့အတူ အကပညာရပ်မှာလည်းခက်ခဲသည်။ ခေါင်းခါးခြေလက်ကိုလှုပ်ရှားရသည့်ကဗျာလွတ်သည် အက၏အခြေခံဖြစ်သည်။ အကမှာလည်း စည်းနှင့်ဝါးကိုအခြေခံပြီး စည်းမိ၊ ဝါးမိအောင်ကကြရသည်။ သီချင်းရေးခြင်းဆိုသည်မှာလည်း မိမိ၏စိတ်တွင်ထင်သမျှရေးသား၍ရသည်မျိုးမဟုတ်ပါ။ သီချင်းသည်ကဗျာနှင့်ဆက်နွှယ်သည်။ သီချင်း၏အဆုံးပိုဒ်များမှာ ချသံညီကြရသည်။ ဥပမာအားဖြင့် တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်ဟူသောသီချင်းတွင် သီချင်းအပိုဒ်ဆုံးတွင် "အီ" ကာရန်နှင့်ဆုံးထားသည်။ ဆိုလိုသည်မှာ စည်းကမ်းနည်းလမ်းနှင့်စနစ်တကျရှိနေသော မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပညာရပ်များဖြစ်ကြောင်း သာဓကပြလိုခြင်းဖြစ်သည်။ ခက်ခဲနက်နဲ၍အဓိပ္ပာယ်ပြည့်ဝလှသော ဤအနုသုခုမပညာရပ်ကို မြန်မာတို့ပိုင်ဆိုင်ထားခဲ့သည်မှာ ပျူခေတ်မှယနေ့တိုင်ဖြစ်သည်။

၁၉၉၃ ခုနှစ်မှ စတင်၍ ၂၀၁၆ ခုနှစ်အထိ နှစ်စဉ်ကျင်းပခဲ့သော မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို အကြောင်းအမျိုးမျိုးကြောင့်ရပ်ဆိုင်းထားရာမှ ၂၀၂၂ ခုနှစ်တွင် (၂၃) ကြိမ်မြောက်အဖြစ် ပြန်လည်ကျင်းပခဲ့သည်။ ၂၀၂၅ ခုနှစ်ဆိုလျှင် (၂၆)ကြိမ်မြောက်ရှိပြီဖြစ်သည်။၂၀၂၅ ခုနှစ် (၂၆)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ဦးတည်ချက်(၄)ရပ်ဖြင့် ကျင်းပခြင်းဖြစ်သည်။ အဆိုပါဦးတည်ချက်များမှာ မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် အမျိုးသားယဉ်ကျေးမှုလက္ခဏာများကိုဖော်ထုတ်ထိန်းသိမ်းမြှင့်တင်နိုင်ရေး၊ ပြည်ထောင်စုသွေးချင်းများ၏ သွေးစည်းညီညွတ်သည့်စိတ်ဓာတ်နှင့် အမျိုးသားစည်းလုံးညီညွတ်မှုစိတ်ဓာတ်တို့ကို မြန်မာ့အနုပညာဖြင့်ဖော်ထုတ်ပြသနိုင်ရေး၊ မြန်မာ့ရိုးရာအနုပညာရပ်များကို မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းအမွေပေးအပ်နိုင်ရေး၊ နိုင်ငံတော်၏လူမှုစီးပွားရေးဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ယဉ်ကျေးမှုနှင့်အနုပညာ၏အခန်းကဏ္ဍမှတစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေးဟူ၍ဖြစ်သည်။

၂၀၂၅ ခုနှစ်(၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကိုအောက်တိုဘာလ ၇ ရက်မှ ၁၃ ရက်အထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁(MICC-1)၊ အမျိုးသားစာကြည့်တိုက်၊ အမျိုးသားပြတိုက်၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၊ လေ့ကျင့်ရေးဇာတ်ရုံနှင့် နေပြည်တော်မြို့တော်ခန်းမ လဟာပြင်ဇာတ်ရုံတို့တွင် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်သည်။ ဖွင့်ပွဲအခမ်းအနားကို ရုပ်မြင်သံကြားများနှင့်ရေဒီယိုများမှ တိုက်ရိုက်ထုတ်လွှင့်ပေးခဲ့သည်။

ယနေ့လူငယ်မောင်မယ်များ၏ရိုးရာယဉ်ကျေးမှု မြန်မာ့အနုသုခုမပညာရပ်များကို စိတ်ဝင်စားစွာသင်ယူထားကြသည်မှာ နိုင်ငံအတွက်ဂုဏ်ယူဖွယ်ဖြစ်သည်။ အရိုးကိုအရွက်မဖုံးစေဖို့အတွက် ယဉ်ကျေးမှုကဏ္ဍကို သူတို့လေးတွေ ခိုင်ခိုင်မာမာထိန်းသိမ်းကြမည်ဖြစ်သည်။ ဗဟိုအဆင့်သို့ရောက်လာသူများမှာ သက်ဆိုင်ရာပြည်နယ်နှင့်တိုင်းဒေသကြီးတို့မှ ထူးချွန်စွာအောင်မြင်လာခဲ့ပြီးမှ ဗဟိုအဆင့်သို့ရောက်လာခြင်းဖြစ်သည်။ ပြိုင်ပွဲတွင် တိုင်းရင်းသားလူမျိုးပေါင်းစုံနှင့်တွေ့ဆုံခွင့်ရခြင်းကပင် အတွေ့အကြုံများ၊ ဗဟုသုတများရရှိစေသည်။ တိုင်းရင်းသားအချင်းချင်းတွေ့ဆုံရင်းနှီးချစ်ခင်ကာ ပြည်ထောင်စုစိတ်ဓာတ်၊ ရိုးရာယဉ်ကျေးမှုကိုချစ်သည့်စိတ်ဓာတ်များပိုမိုထွန်းကားလာပြီး နိုင်ငံတော်၏လူမှုစီးပွားဘဝဖွံ့ဖြိုးရေးတွင် တစ်တပ်တစ်အားပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မည်ဟုယုံကြည်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

**ရွေးကောက်ပွဲကျင်းပရန်**

**၈၁**

**ရက်**

**သာ လိုတော့သည်။**

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

- ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင်စတင်၍ အပိုင်းလိုက်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကို လေ့လာလိုသည့် ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် လေ့လာလိုသည့် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ် အလိုက် သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခွင့်ကို ၁၆-၉-၂၀၂၅ ရက်နေ့မှစတင်ကာ ၅-၁၂-၂၀၂၅ ရက်နေ့အထိ လျှောက်ထားနိုင်ကြောင်း၊
- လွှတ်တော်ရွေးကောက်ပွဲများ စောင့်ကြည့်လေ့လာရာတွင် ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ လိုက်နာရမည့်ကျင့်ဝတ်ကို အမိန့်ကြော်ငြာစာအမှတ် (၆၈/၂၀၂၅)ဖြင့်လည်းကောင်း၊ ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို အမိန့်ကြော်ငြာစာအမှတ် (၆၉/၂၀၂၅)ဖြင့်လည်းကောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၆-၉-၂၀၂၅ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။ အဆိုပါ အမိန့်ကြော်ငြာစာများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ Official Website ဖြစ်သည့် www.uec.gov.mm တွင် ဝင်ရောက်ကြည့်ရှု၍ Download ရယူနိုင်ကြောင်း၊
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် သက်ဆိုင်ရာနိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များကို တိုက်ရိုက်ဖိတ်ကြားစာ ပေးပို့၍သော်လည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် သံတမန်ဆက်သွယ်မှုပြုထားသည့် နိုင်ငံခြားသံရုံးများ၊ ကောင်စစ်ဝန်ရုံးများနှင့် အမြဲတမ်းကိုယ်စားလှယ်ရုံးများမှ ကိုယ်စားလှယ်များကိုလည်း နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ဖိတ်ကြား၍သော်လည်းကောင်း နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများအဖြစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို စောင့်ကြည့်လေ့လာခွင့်ပြုသွားမည်ဖြစ်ကြောင်း။

## မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ။

မဲစာရင်းများကို ၃၀-၉-၂၀၂၅ ရက်နေ့မှ ၁၃-၁၀-၂၀၂၅ ရက်နေ့အထိ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများတွင် ပထမအကြိမ် ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ(၃)ဖြင့် တောင်းဆိုပါ။ အမည်နှင့် အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ(၄)ဖြင့် ကန့်ကွက်ပါ။ အချက်အလက်များပြင်ဆင်ရန်ရှိပါက ပုံစံ(၄-က)ဖြင့် လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ပါသည်။

## ရွေးကောက်ပွဲတွင် ယာယီနေရပ်စွန့်ခွာနေရသူများ ကြိုတင်မဲပေးနိုင်သည်။

ယာယီနေရပ်စွန့်ခွာနေရသူများသည် မိမိတို့၏ နေရပ်ရင်း မဲဆန္ဒနယ်အတွက် ကြိုတင်မဲပေးနိုင်ရန် ပုံစံ (၁၅) များကို မိမိတို့ရောက်ရှိရာဒေသ မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် အခမဲ့ရယူ၍ ၁၂-၁၀-၂၀၂၅ ရက်နေ့နောက်ဆုံးထားလျှောက်ထားနိုင်သည်။


မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၆၇-၇၃၉၉၈၊ ဖက်စ် ၀၆၇-၇၃၉၉၉/၀၆၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၆၇-၇၄၀၀၆၊ ၀၆၇-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ခိုလမ်မြို့၊ လွိုင်လင်မြို့၊ နမ့်စန်မြို့နှင့် မိုင်းနောင်မြို့တို့၌ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား မြို့လုံးကျွတ်စုပေါင်းဆွမ်းဆန်တော်နှင့်လှူဖွယ်ပစ္စည်းများ လောင်းလှူပွဲများပြုလုပ်

**နေပြည်တော် အောက်တိုဘာ ၇**


ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ခိုလမ်မြို့ရှိ သံဃာတော်များနှင့်သာသနာ့နွယ်ဝင်သီလရှင်များအား မြို့လုံးကျွတ်စုပေါင်းဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လောင်းလှူပွဲကို ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ခိုလမ်မြို့ရှိ ပြည်ထောင်စုလမ်းမကြီးတစ်လျှောက်၌ပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ တက်ရောက်လောင်းလှူကြသည်။

အဆိုပါ ဆွမ်းဆန်တော်လောင်းလှူပွဲတွင် ခိုလမ်မြို့ရှိ ဘုန်းတော်ကြီးကျောင်း ၂၅ ကျောင်းမှ သံဃာတော် ၈၈ ပါး၊ ရှင်သာမဏေ ၃၄၆ ပါးနှင့် သာသနာ့နွယ်ဝင်သီလရှင် ၅၆ ပါးတို့က ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကြွချီတော်မူကြရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများက ဆွမ်းဆန်တော်၊ လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေများ ဆက်ကပ်လောင်းလှူကြသည်။

အလားတူ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့၊ နမ့်စန်မြို့နှင့် မိုင်းနောင်မြို့များတွင်လည်း မြို့လုံးကျွတ်စုပေါင်း ဆွမ်းဆန်စိမ်းလောင်းလှူပွဲများ ပြုလုပ်ကာ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက ဆွမ်းဆန်တော်၊ လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေများ ဆက်ကပ်လောင်းလှူခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)



သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများက ဆွမ်းဆန်တော်နှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လောင်းလှူကြစဉ်။




# သထုံမြို့၌ (၃၃)ကြိမ်မြောက် ဂိုဏ်းပေါင်းစုံ သံဃမဟာပဝါရဏာပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

**သထုံ အောက်တိုဘာ ၇**

မွန်ပြည်နယ် သထုံမြို့နယ်တွင် ဂိုဏ်းပေါင်းစုံဆရာတော်ကြီးများ ကြီးမှူး၍ ကျောင်းတိုက်အသီးသီးမှ ဂိုဏ်းပေါင်းစုံသံဃာတော်များ သံဃမဟာပဝါရဏာပွဲနှင့် ပဝါရဏာပြုသံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို အောက်တိုဘာလ ၆ ရက် သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)က ရွှေစာရံ စေတီတော် တောင်ဘက်မုခ်အနီးရှိ ကလျာဏီသိမ်တော်ကြီး၌ ကျင်းပသည်။

သံဃမဟာပဝါရဏာပွဲတွင် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တစန္ဒိမာ အရှင်သူမြတ်ဦးဆောင်၍ သံဃာတော်များက နမောတဿသုံးကြိမ်ရွတ်ဆိုကာ ဖွင့်လှစ်ခြင်း၊ ပဝါရဏာပြု သံဃာအရေအတွက် ဖတ်ကြားခြင်း၊ ပဝါရဏာအမေးအဖြေပြုခြင်း၊ ဝါစဉ်အလိုက် သံဃပဝါရဏာပြုခြင်း၊ မေတ္တာသုတ်ပရိတ် တရားတော်များ ပွားများပူဇော်ခြင်း၊ ထေရ်ကြီးဝါကြီး ဆရာတော် သံဃာတော်များအား စုပေါင်းပူဇော်ကန်တော့ကြပြီး ဆရာတော်ကြီးများထံမှ ဂိုဏ်းပေါင်းစုံ သံဃာတော်များက အဆုံးအမဩဝါဒများခံယူခြင်းတို့ကို ပြုလုပ်ခဲ့ကြသည်။

ယင်းနောက် ပဝါရဏာပြုတော်မူကြသည့်သံဃာတော်များအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မိုးစိုး၊ ခရိုင်နှင့်မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များစုပေါင်းကာ စာရေးတံမဲများ ဆက်ကပ်ခြင်း၊ ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ စုပေါင်းလောင်းလှူခြင်းတို့ ပြုလုပ်ခဲ့ကြသည်။

အဆိုပါသံဃမဟာပဝါရဏာပြုရာသို့ သထုံမြို့နယ်အတွင်းရှိ ကျောင်းတိုက်အသီးသီး၌ ဝါဆိုဝါကပ်တော်မူခဲ့ကြသည့်ဂိုဏ်းပေါင်းစုံ သံဃာတော်စုစုပေါင်း ၆၆၉ ပါး တက်ရောက်ပဝါရဏာပြုတော်မူခဲ့ကြကြောင်း သိရသည်။

**ချမ်းမြေ့**

# ပထမဆုဖလားကိုထိုက်ထိုက်တန်တန်ဆွတ်ခူးရရှိခဲ့သည့် မြန်မာ(ISPE FC) အမျိုးသားဘောလုံးအသင်း ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိ၊ တာဝန်ရှိသူများနှင့် အားကစားဝါသနာရှင်ပြည်သူများက သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆို



**ရန်ကုန် အောက်တိုဘာ ၇**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် Lincang မြို့၌ စက်တင်ဘာလ ၃၀ ရက်မှ အောက်တိုဘာလ ၇ ရက်အထိ ကျင်းပခဲ့သည့် သုံးနိုင်ငံဖိတ်ခေါ်ဖလား အမျိုးသားဘောလုံးပြိုင်ပွဲသို့ မြန်မာ (ISPE FC) အမျိုးသားဘောလုံးအသင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ပထမဆုဖလားကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိခဲ့ပြီး ယနေ့မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

အဆိုပါအဖွဲ့ကို ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူး၊ အားကစားနှင့်ကာယပညာ ဦးစီးဌာန ယှဉ်ပြိုင်ရေးနှင့်လေ့ကျင့်ရေး ဌာနခွဲ(၂) ညွှန်ကြားရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူး၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)မှ ဒုတိယ ကျောင်းအုပ်ကြီးများ၊ မိဘဆွေမျိုး၊ မိတ်သင်္ဂဟများ၊ ရန်ကုန်တိုင်းဒေသကြီး အားကစားအောင်နိုင်ရေး အထောက်အကူပြုအဖွဲ့ဝင်များ၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)မှ သင်တန်းသား၊ သင်တန်းသူများ၊ အားကစားဝါသနာရှင် ပရိသတ်များက အိုးစည်ဒိုးပတ်များဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။

အဆိုပါ အောင်ပွဲရမြန်မာ(ISPE FC) အမျိုးသားဘောလုံးအသင်းသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် အနောက်မြင်းပြိုင်ကွင်းလမ်းရှိ ကျိုက္ကဆံအားကစားကွင်း ဂိတ်နံပါတ်(၉)သို့ပြန်လည်ဝင်ရောက်ခဲ့ရာ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)မှ သင်တန်းသား၊ သင်တန်းသူများက အောင်သပြေပန်းခက်များနှင့် ဂုဏ်ယူစွာ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြကြောင်း သိရသည်။ **မြဝတီ**

# “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”** အစီအစဉ်မှ **“အမြင်မတူ ခံယူချက်မတူရင် လက်နက်မဲ့ပြည်သူကို လက်နက်အားကိုးနဲ့ လိုက်လံသတ်ဖြတ်နေတဲ့အကြမ်းဖက် PDF”**ခေါင်းစဉ်ဖြင့် ၈-၁၀-၂၀၂၅ ရက်**(ယနေ့)**မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“ခိုင်လုံသောအကြောင်းအရင်းမရှိဘဲ လူနေကျေးရွာများဘက် အကြမ်းဖက်သမားတွေရဲ့ ရှော့တိုက်ဒုံးပစ်ခတ်မှုကြောင့် စာသင်သားကိုရင်များ သေဆုံးထိခိုက်ခဲ့ရ”**ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**



သစ်ပင်အကြောင်းကို လေ့လာသောပညာသည် တစ်ယောက်သည် သစ်ပင်အမျိုးမျိုးတို့ကို တစ်ပင်ပြီး တစ်ပင် လက်တွေ့ကြည့်ရှုလေ့လာရ၏။ သစ်တစ်ပင်တည်းကို စိုက်၍ကြည့်နေခြင်းအားဖြင့် သစ်ပင်တို့အကြောင်းကို သိနိုင်မည်မဟုတ်ချေ။ စိတ္တာနုပဿနာ (ခေတ်အခေါ် စိတ်သုတေသန) အလုပ်မှာလည်း စိတ်ကို သတိနှင့်စောင့်ကြည့်သောအခါ၌ တစ်ခုဖြစ်ပြီး တစ်ခုပျက်သွားသော စိတ်ကလေးများ၊ အကြောင်းတိုက်ဆိုင်ခိုက်၌ ဖြစ်ပေါ်လာပြီး ပျောက်ပျက်သွားသော စိတ်ကလေးများ၊ အနီမှုန့်နှင့်ရောသည့်အခါ ရေနီဖြစ်ခြင်း၊ အဝါမှုန့်နှင့်ရောသည့်အခါ ရေဝါဖြစ်ခြင်းကဲ့သို့ ကောင်းသော (ကုသိုလ်)စေတသိက်နှင့်တွဲသည့်အခါ စိတ်ကောင်းဖြစ်ခြင်းသဘော၊ မကောင်းသော (အကုသိုလ်) စေတသိက်နှင့်တွဲသည့်အခါ မကောင်းသောစိတ်ဖြစ်လာခြင်းသဘော၊ ခဏခဏပြောင်းလဲလျက်ရှိခြင်းသဘော၊ အဆင်းရုပါရုံတစ်ခုကို သတိရသောအခိုက်အတန့်၌ ဝတ္ထုဒြပ်နှင့်တကွ ပေါ်လာပြီး အဟုတ်တကယ် ထင်မှတ်ရခြင်းသဘော၊ နောက်တစ်ခဏ၌ တခြားအဆင်းတစ်ခုဝင်လာသည့်အခါ ခုတင်က တကယ်ထင်ရသော ဝတ္ထုဒြပ် ကွယ်ပျောက်သွား၍ နောက်တစ်ခုက တွန်းထုတ်လိုက်သကဲ့သို့ ဖြစ်ရသောသဘော၊ ဝမ်းနည်းဖွယ်သော အာရုံတစ်ခုပေါ်လာသည့်အခါ လှိုက်လှိုက်လှဲလှဲ ဝမ်းနည်းလာသောသဘော၊ ပျော်ရွှင်ဖွယ်သော အာရုံတစ်ခု ပေါ်လာသည့်အခါ ဝမ်းသာမိသောသဘော၊ ဘယ်သင်းမှ အဟုတ်တကယ် အနှစ်သာရမရှိသောသဘော စသည်များသည် ယောဂီ၏ဉာဏ်အမြင်၌ ပေါ်လာတတ်ပေသည်။ ပထဝီဗေဒပညာသမားသည် မြေကြီးရှိရာသို့ သွားရသေးသည်။ ရုက္ခဗေဒပညာသမားသည် သစ်ပင်ရှိရာသို့ သွားရသေးသည်။ ပတ္တမြားပညာသည်သည် ပတ္တမြားအမျိုးမျိုးကို ဆောင်ထားရဦးမည်၊ စိတ္တာနုပဿနာ (စိတ်ပညာသည်) ယောဂီအဖို့မူကား စိတ်ကိုစောင့်ကြည့်လေ့လာရန်အတွက် အထူးတလည် ပစ္စည်းတစ်ခုဆောင်ထားဖို့လည်းမလို။ မြေကြီးပညာသည်ကဲ့သို့ ဝတ္ထုရှိရာသို့ ထသွားဖို့လည်းမလို။ ထိုင်လျက်ဖြစ်စေ၊ လျောင်းလျက်ဖြစ်စေ၊ ထလျက်ဖြစ်စေ၊ သွားလျက်ဖြစ်စေ စိတ်ကလေးသည် အခါခပ်သိမ်း သူနှင့်အတူ ကပ်ပါလျက်ရှိသည်ဖြစ်သောကြောင့် အချိန်မရွေး၊ နေရာမရွေး စောင့်ကြည့်လိုက်သည်နှင့်တစ်ပြိုင်နက် စူးစမ်းလေ့လာဖို့အလုပ်ပေါ်ထွက်လာရပေသည်။ လေ့လာစရာ ပညာရပ်အမျိုးမျိုးတို့တွင် စိတ်ကလေး၏ ပြောင်းလဲပုံ၊ ဖြစ်ပေါ်ပုံ၊ ပျောက်ပျက်ပုံ၊ တကယ်မဟုတ်ပါဘဲလျက် တကယ်ထင်ရအောင် လှည့်စားပုံအခြင်းအရာများကို စောင့်ကြည့်လေ့လာရခြင်းကဲ့သို့ စိတ်ဝင်စားဖွယ်ကောင်းသော ပညာရပ်တစ်ခုသည် အဘယ်မှာ ရှိနိုင်ပါအံ့နည်း။ စိတ်ဝင်စားဖွယ်ကောင်းသည်သာမကသေး၊ ပညာရပ်တကာတို့တွင် စိတ်သုတေသနပညာကဲ့သို့ တန်ဖိုးရှိသော ပညာရပ်သည် အဘယ်မှာရှိနိုင်ပါမည်နည်း။

စိတ္တာနုပဿနာအလုပ်သည် ခက်ခဲလှသည်၊ ပျင်းစရာကောင်းသည်၊ မြင်ဖို့ခက်သည် စသည်ဖြင့် ပြောတတ်ကြခြင်းမှာ ဘောလုံးပွဲ၊ ဘိုင်စကုပ်ပွဲကြည့်လျက်ရှိသော လူများက ပြောချင်ပြောကြပါစေ။ ရက်အပိုင်းအခြားနှင့် စမ်းသပ်ကြည့်လိုသော ယောဂီများအဖို့မှာ စိတ္တာနုပဿနာအလုပ်နှင့်ပတ်သက်၍ လမ်းမှန်အောင်ပြတတ်သည့် ဆရာမျိုးရှားလျက်ရှိသည့်အတွက် အလွဲလွဲအချော်ချော် ပြောရှာကြခြင်းဖြစ်သည်။ ပေါက်ရောက်ဖို့ လွယ်ကူသည်မဟုတ်သော်လည်း အားထုတ်ဖို့မှာ (ဆရာကောင်း၍ တပည့်၌ သဒ္ဓါတရားနှင့်ပြည့်စုံပါက) မဖြစ်နိုင်လောက်အောင် ခဲယဉ်းလှသော အလုပ်မဟုတ်သင့်ပါ။

## အကျိုးတရားများ

စိတ်သဘာဝကို ယထာဘူတကျကျ သိမြင်အောင် သုတေသနပြုလုပ်သော စိတ်ပညာသည်တစ်ယောက်သည် (စိတ္တာနုပဿနာ ပဿနာယောဂီဝင်ဖြစ်သည်။) စိတ်၏သဘောသဘာဝတ္တကို အထိုက်အလျောက် ထိုးထွင်းသိမြင်လာသောအခါ၌ (သောတာပန်၊ သကဒါဂါမ်စသော နာမည်ကြီးများကိုအသုံးမပြုဘဲ တမင်ရှောင်၍ရေးသည်) ခံစားရရှိသော အကျိုးကျေးဇူးများကို အနည်းငယ်ဖော်ပြလိုသေးသည်။ ထိုသူသည် မိမိ၏စိတ်အကြောင်းကိုလည်းကောင်း၊ ခပ်သိမ်းသော စိတ်တို့၏အကြောင်းကိုလည်းကောင်း ရိပ်မိနားလည်သည်ဖြစ်၍ ပထမ၌ လောဘကိုမပယ်နိုင်သေးသဖြင့် လောဘစိတ်ဖြစ်တတ်သေးစေကာမူ လောဘစိတ်ဖြစ်သည်နှင့်တစ်ပြိုင်နက် လိုချင်၍မရသဖြင့် အခံရခက်သောသဘောကို ဆင်ခြင်လိုက်ရာတွင် လောဘစိတ်သည် ကွယ်ပျောက်သွားရပေသည်။ (ငယ်ထိပ်ကိုစိုက်၍ ရှုသောနည်း၊ ဝမ်းဗိုက်ကိုစိုက်၍ ရှုသောနည်း၊ ထွက်သက်ဝင်သက်ကို ရှုသောနည်း၊ 'မာသဘော'ဆိုသော နည်းမျိုးတို့ဖြင့် ဤသို့ ဖြစ်နိုင်ကြပါ၏လော။) လောဘစိတ်၏အပြစ်ကို တပ်တပ်အပ်အပ်မမြင်ဖူးဘဲလျက် လောဘစိတ်ကို တွန်းထုတ်နိုင်ပါမည်လော။ ဝမ်းဗိုက်၏ဖောင်းခြင်း၊ ပိန်ခြင်းကိုလည်းကောင်း၊ ကြာကြာထိုင်၍ ကိုက်ခဲညောင်းညာလာခြင်းကိုလည်းကောင်း စိုက်၍ ရှုထားခြင်းအားဖြင့် ထိုအခိုက်တွင် လောဘမဖြစ်နိုင်သော်လည်း ကမ္မဋ္ဌာန်းကျောင်းမှ ထွက်လာ၍ လောဘစိတ်ဝင်လာသောအခါ ထိုစိတ်ကိုမည်သည့်နည်းဖြင့် နှင်ထုတ်ရန်ဖြစ်နိုင်ပါသနည်း။ စိတ်အကြောင်းကို ပိုင်ပိုင်နိုင်နိုင်သိထားမှသာလျှင် အလိုမရှိအပ်သော စိတ်မျိုးကို နှင်ထုတ်နိုင်မည်မဟုတ်ပါလော။ စိတ်သုတေသနအလုပ်လုပ်၍ အထိုက်အလျောက် ပေါက်ရောက်ထားသော (ဉာဏ်အမြင်ရဖူးသော) ပုဂ္ဂိုလ်သည် သတိစောင့်လျက်ရှိနေပါလျှင် လောဘ၊ ဒေါသ၊ မာန စသောအခြင်းအရာများကို အလျဉ်းမပယ်နိုင်သေးလျှင်ရှိမည်၊ ကြာရှည်စွာလက်မခံဘဲ ချက်ချင်းမောင်းထုတ်နိုင်သည်၊ မောင်းထုတ်တတ်သည်၊ အလိုရှိအပ်သော စိတ်ကောင်းကိုသာ လက်ခံသည်။ ထို့ကြောင့် လူသာမန်တို့ထက် စိတ်ဆင်းရဲမှုသက်သာသည်။ လူတိုင်းလူတိုင်းသည် ကိုယ့်လောကကို ကိုယ့်စိတ်ဖြင့် ဖန်ဆင်းလျက်ရှိသည်ဟု ဗုဒ္ဓဟောတော်မူရာ စိတ်သဘာဝကို ယထာဘူတကျကျ ထိုးထွင်းသိမြင်အောင် လေ့ကျင့်ထားခြင်းကဲ့သို့ နောက်ကျိညစ်ညမ်းသော လောကမျိုးမဖြစ်ပေါ်အောင် ချုပ်ကိုင်နိုင်သော ပညာသည် ကမ္ဘာလောကတွင် အဘယ်မှာရှိနိုင်ပါဦးမည်နည်း။ (စိတ္တာနုပဿနာခေါ်ခဲ့လျှင် တရားစော်နံလှသည်ဟု ခေတ်လူငယ်များဆိုကြမည် စိုးသည်တစ်ကြောင်း၊ ဤခေတ်လူများအဖို့၌ 'သုတေသန' ဟူသော စကားလုံးသည် သာ၍ပေါ်လွင်သည်ဟု ယူဆသည် တစ်ကြောင်းကြောင့် ထည့်သွင်းသုံးနှုန်းခြင်းအတွက် ရှေးကျသောလူများက နှာခေါင်းရှုံ့ကြလျှင်လည်း မတတ်နိုင်ပါ။ ဤခေတ်တွင် လက်မခံနိုင်ကြလျှင်လည်း နောင်ခေတ်များအတွက် မျှော်လင့်ပါသည်။)

## ဒုတိယ ဦးအောင်မြတ်ထွဋ်တဲ့

မကြာသေးမီက ဤခေတ်တွင် အလွန်တရာထင်ရှားကျော်စော၍ သာသနာ့ဝန်ထမ်းရဟန်းတော်များ၏ ကြည်ညိုဖွယ်ဆောင်ရေးအတွက် အထူးကြိုးစားဆောင်ရွက်လျက်ရှိသည့် ဆရာတော်ကြီးတစ်ပါးအား ဖူးတွေ့ခွင့်ရရှိ၍ လောကီရေးရာ လောကုတ္တရာရေးပါ ထွေရာလေးပါးစကားလက်ဆုံကျကြရာတွင် ဆရာတော်က စာပေကျမ်းဂန်နှင့်တကွ အယူအဆအရာတွင် စူးစူးရှရှသဘာဝကျလှသည်ဟု နာမည်ကြီးခဲ့သည့် အရှင်အာဒိစ္စဝံသ (လူအမည် ဦးအောင်မြတ်ထွဋ်)အကြောင်းကို စကားစပ်မိ၍ မိန့်တော်မူလေသည်။ ဆရာတော်က ဦးအောင်မြတ်ထွဋ်သည် စာအရေးအသား အလွန်ကောင်းမွန်ကြောင်း၊ သို့ရာတွင် တင်းမာခက်ထန်သော မာနသံပါသည့်အတွက်ကြောင့် သူ၏စာကိုကြိုက်သော်လည်း လက်မခံချင်ဘဲရှိကြကြောင်း၊ ကျွန်ုပ်(ရွှေဥဒေါင်း) မှာလည်း ဒုတိယ ဦးအောင်မြတ်ထွဋ် ဖြစ်နေဟန်ရှိကြောင်းနှင့်မိန့်တော်မူလေသည်။ ကျွန်ုပ်သည် ဆရာတော်မြင်သည့်အတိုင်း ကိုယ့်ဘာသာကိုယ်လည်း မြင်မိဖူးပါသည်။ သို့ရာတွင် ဆရာတော်၏ စကားကိုကြားရသည့်အခါ မိမိ၏အပြစ်အနာအဆာများကို နှိုက်နှိုက်ချွတ်ချွတ်ထပ်ဆင့်စစ်ဆေးရုံသာမက အဘယ်သို့သောအကြောင်းကြောင့် ၎င်းအပြစ်မျိုး ကျွန်ုပ်၌ရှိနေရသည်ကို စူးစမ်းရှာဖွေခြင်းအားဖြင့် အောက်ပါအတိုင်းတွေ့ရှိရပါသည်။

**ဆက်လက်ဖော်ပြပါမည်။**

---

# မှော်ဘီမြို့နယ်၌ သဘာဝမြေဩဇာပြုလုပ်နည်း တိရစ္ဆာန်အစာပြုလုပ်နည်းနှင့် မီးခိုးမြူငွေ့ လေထုညစ်ညမ်းမှုလျှော့နည်းစေရေး အသိပညာပေးဟောပြော



**ရန်ကုန် အောက်တိုဘာ ၇**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်း၍ သဘာဝမြေဩဇာပြုလုပ်နည်း၊ တိရစ္ဆာန်အစာပြုလုပ်နည်းနှင့် မီးခိုးမြူငွေ့၊ လေထုညစ်ညမ်းမှု လျှော့နည်းစေရေး အသိပညာပေးဟောပြောပွဲကို အောက်တိုဘာလ ၇ ရက်တွင် မြောင်းတကာကျေးရွာအုပ်စု ရိုးဝကျေးရွာခန်းမ၌ ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဥမ္မာရွှေက မီးခိုးမြူငွေ့ဖြစ်ပွားစေသည့်အကြောင်းရင်းများ၊ အမှိုက်သရိုက်များ၊ တောင်ယာမီး၊ တောမီးရှို့ခြင်းတို့ကြောင့် လေထုညစ်ညမ်းမှုများဖြစ်ပွားစေပြီး ရှူရှိုက်မိသူများအား ကျန်းမာရေးထိခိုက်စေနိုင်ခြင်းကြောင့် လေထုညစ်ညမ်းမှုလျှော့နည်းစေရေး လိုက်နာဆောင်ရွက်ရမည့်အကြောင်းအရာများကို ပြောကြားသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူးက တောင်သူများ ဓာတ်မြေဩဇာလျှော့ချသုံးစွဲရေး၊ သဘာဝမြေဩဇာသုံးစွဲနိုင်ရေးအတွက် သဘာဝမြေဩဇာပြုလုပ်နည်းနှင့် တိရစ္ဆာန်များ အစားအစာရှားပါးမှုမရှိစေရေး တိရစ္ဆာန်အစာပြုလုပ်နည်းတို့ကို အသိပညာပေးဟောပြောကြောင်း သိရသည်။

**မေစံပယ်စိုးမိုး**

# ဖွဲ့နဆီစက်၊ ဆိုလာနှင့် ဆက်စပ်ပစ္စည်းများတပ်ဆင်ထုတ်လုပ်မည့် စက်ရုံတည်ဆောက်နေမှု ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၇

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ်ရှိ Mapco မှ ဖွဲ့နဆီစက်တည်ဆောက်နေမှုနှင့် ဒက္ခိဏသီရိမြို့နယ်ရှိ New Stellar Energy MM Co., Ltd. ၏ ဆိုလာနှင့်ဆက်စပ်ပစ္စည်းများ တပ်ဆင်ထုတ်လုပ်မည့် စက်ရုံနှင့် Myanmar New Power Auto Co., Ltd. မှ SKD စနစ်ဖြင့် လျှပ်စစ်သုံးမော်တော်ယာဉ် နှစ်ဘီး၊ သုံးဘီးမော်တော်ဆိုင်ကယ် တပ်ဆင်ထုတ်လုပ်မည့် စက်ရုံစီမံကိန်းများသို့ရောက်ရှိပြီး စက်ရုံများတည်ဆောက်နေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ပြည်ထောင်စုနယ်မြေ(နေပြည်တော်) စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ဦးစီးဌာနမှူးက လိုက်လံရှင်းလင်းပြသသည်။



ကြည့်ရှုစစ်ဆေးစဉ်ပြည်ထောင်စုဝန်ကြီးက စက်ရုံအဆောက်အအုံများတည်ဆောက်ရာတွင် မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာစံချိန်စံညွှန်းလမ်းညွှန်ချက်များ -၂၀၂၅ နှင့်အညီ တိတိကျကျလိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် စိုက်ပျိုးရေးအခြေခံစက်မှုလုပ်ငန်း (Agro Based Industry) များကို အောင်မြင်အောင် တွန်းအားပေးဆောင်ရွက်လျက်ရှိသဖြင့် စက်ရုံစီမံကိန်းလုပ်ငန်းများ အမြန်ဆုံးပြီးစီးအောင်ဆောင်ရွက်၍ လယ်ယာထွက်ကုန်ပစ္စည်းများအား တန်ဖိုးမြှင့်စတင်ထုတ်လုပ်နိုင်ရေး ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ပြင် ဆိုလာနှင့် ဆက်စပ်ပစ္စည်းများဖြစ်သည့် အင်ဗာတာ၊ ဘက်ထရီများ တပ်ဆင်ထုတ်လုပ်ရန်အတွက် စက်ရုံအား သတ်မှတ်အချိန်တွင် စတင်လည်ပတ်နိုင်ရေးအတွက် အဆင့်အလိုက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ရေးဆွဲထားရှိသည့် အချိန်ဇယားအတိုင်းပြီးစီးရေး ကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ဝန်ကြီးဌာနအနေဖြင့် စက်ရုံတည်ဆောက်ရေးလုပ်ငန်းများ၊ စက်တပ်ဆင်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အချိန်မီပြီးစီးရေး၊ စနစ်တကျရှိရေး၊ လိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီ ကူညီဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးအတွက် အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်ငံတော်မှ ထုတ်ပြန်ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များကို တိတိကျကျလိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားပြီး ကုမ္ပဏီတာဝန်ရှိသူများ၏ တင်ပြချက်များကို ညှိနှိုင်းပေါင်းစပ်ဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။ **မြဝတီ**

# ဘယ်လာရုစ်နိုင်ငံ ဖျော်ဖြေရေးအဖွဲ့ ပြင်ဦးလွင်မြို့တွင် လှည့်လည်ကြည့်ရှုလေ့လာ

ပြင်ဦးလွင် အောက်တိုဘာ ၇

မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံချစ်ကြည်ရေးတိုးမြှင့်နိုင်ရန်အတွက် မြန်မာနိုင်ငံတွင် ရောက်ရှိနေသော ဘယ်လာရုစ်နိုင်ငံမှ ဖျော်ဖြေရေးအဖွဲ့သည် ယနေ့တွင် ပြင်ဦးလွင်မြို့ရှိ အထင်ကရနေရာများသို့ လှည့်လည်သွားရောက်ကြည့်ရှုလေ့လာကြသည်။

အဆိုပါ ဖျော်ဖြေရေးအဖွဲ့တွင် ဘယ်လာရုစ်တေးဂီတပညာရှင်နှင့်တေးရေး/တေးဆို Mr. Vladimir Sukolinsky၊ အဆိုရှင်များဖြစ်ကြသည့် Ms.Nadezhda Bryleva နှင့် Ms. Anzhelika Zaitseva မန်နေဂျာ Mr.Danila Kisiev တို့လေးဦးပါဝင်ပြီး မြန်မာ-ရုရှားချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌ မစ္စတာ အယ်လ်ဇန္ဒား ရုရှားသံရုံးမှ ကိုယ်စားလှယ် Mr. Andrei Tretiakov နှင့် MRTV မှ တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်ရှိ ကျောက်ဖြစ်ရုပ်ကြွင်းပြတိုက်၊ အင်ကြင်းကျောက်ပြတိုက်၊ ရွှံ့ညွန်တော၊ ဝါးပိုးဝါးပင်များထိန်းသိမ်းထားရှိမှု လိပ်ပြာပြတိုက်၊ မြန်မာသစ်ခွမျိုးရင်းပြကွက်များအား စိတ်ပါဝင်စားစွာဖြင့် အသေးစိတ်လေ့လာကြည့်ရှုကြသည်။

ဆက်လက်၍ ပြင်ဦးလွင်မြို့တွင်ရှိ အမှတ်တရပစ္စည်းအရောင်းဆိုင်များသို့ သွားရောက်ကြပြီး အမှတ်တရပစ္စည်းများ ဝယ်ယူအားပေးကြသည်။

ထို့မှတစ်ဆင့် ပွဲကောက်ရေတံခွန် အပန်းဖြေစခန်း (BE.FALLS)သို့ သွားရောက်ကြပြီး အပန်းဖြေစခန်းအတွင်းရှိ မှန်တံတားပေါ်မှ ဖြတ်သန်းကြည့်ရှုကာ ဆင်လိမ္မာသရုပ်ပြသမှုအား ကြည့်ရှုကြသည်။



ဆက်လက်၍ အပန်းဖြေစခန်းအတွင်း ဘာဂီယာဉ်ဖြင့် လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ထိုသို့ သွားရောက်စဉ် မြန်မာတို့၏ သီတင်းကျွတ်ရုံးပိတ်ရက်ကာလအတွင်း လွတ်လပ်ပျော်ရွှင်စွာအပန်းဖြေလာရောက်နေကြသည့် ပြည်သူများနှင့်အတူ တွေ့ဆုံနှုတ်ဆက်ခြင်း၊ စုပေါင်း၍ အမှတ်တရဓာတ်ပုံရိုက်ခြင်းများလည်း ဆောင်ရွက်ကြသည်။

အဆိုပါ ဖျော်ဖြေရေးအဖွဲ့သည် အောက်တိုဘာလ ၅ ရက်တွင် မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့ကြပြီး ယင်းနေ့ညပိုင်းက မန္တလေးမြို့တော်ခန်းမတွင်လည်းကောင်း၊ အောက်တိုဘာလ ၆ ရက် ညက ပြင်ဦးလွင်မြို့ရှိ တပ်မတော်နည်းပညာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင်လည်းကောင်း ဖျော်ဖြေတင်ဆက်ခဲ့ကြပြီး နေပြည်တော်နှင့်ရန်ကုန်မြို့တို့တွင် ဆက်လက်၍ ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်ကြောင်း သိရသည်။ **မြဝတီ**

# ကျောက်မဲမြို့နယ်တွင် ယာယီပြည်သူ့ဆေးရုံဖွင့်လှစ်၍ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် အောက်တိုဘာ ၇

ကျန်းမာရေးဝန်ကြီးဌာနသည် ပြည်သူလူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လွှမ်းခြုံမှုတိုးတက်စေရန် ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့ လာဘမုနိ တရုတ်ဘုံကျောင်းတွင် အောက်တိုဘာလ ၅ ရက်မှစတင်၍ ယာယီဆေးရုံဖွင့်လှစ်ကာ ဒေသခံတိုင်းရင်းသားပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် လူနာများလက်ခံကုသပေးလျက်ရှိရာ ထိုဒေသအနီးတစ်ဝိုက်မှ ဒေသခံတိုင်းရင်းသားပြည်သူများလာရောက်ကုသမှုခံယူလျက်ရှိပြီး အောက်တိုဘာလ ၅ ရက်မှ ၆ ရက်အထိ ပြင်ပလူနာ ၁၆၅ ဦးနှင့် အတွင်းလူနာ လေးဦးကို လိုအပ်သောကုသမှုများ ဆောင်ရွက်ပေးခဲ့သည်။



ကျောက်မဲမြို့ ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့်လည်း ပဏာမကျန်းမာရေးစောင့်ရှောက်ခြင်းလုပ်ငန်းများကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနအောက်ရှိ ကျေးလက်ကျန်းမာရေးဌာနနှင့် ဌာနခွဲများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်ပြီး ကျောက်မဲမြို့ပေါ်နှင့် အနီးတစ်ဝိုက်ရှိကျေးရွာများမှ ဒေသခံ တိုင်းရင်းသားပြည်သူများကို ကျန်းမာရေးပညာပေးခြင်းလုပ်ငန်း၊ ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်း၊ ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးစောင့်ရှောက်ရေးလုပ်ငန်း၊ ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းနှင့် ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းများကို ပြန်လည်အားဖြည့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **မြဝတီ**

# မုဒုံမြို့ရှိ ဆံတော်ရှင်ကန်ကြီးစေတီတော်၏ (၁၅၁) ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

မုဒုံ အောက်တိုဘာ ၇

မွန်ပြည်နယ် မော်လမြိုင်ခရိုင် မုဒုံမြို့ရှိ သမိုင်းဝင် ဆံတော်ရှင်ကန်ကြီးစေတီတော်၏ (၁၅၁)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို အောက်တိုဘာလ ၆ ရက်က ဆံတော်ရှင်ကန်ကြီးစေတီတော် မင်္ဂလာကန်တော်၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲကို မျိုးဆက်သစ်လူငယ်များ အားကစားစိတ်ဓာတ်ရှင်သန်ထက်မြက်စေရန်နှင့် ပြည်နယ်အတွင်း လှေလှော်အားကစားသမားကောင်းများ ပေါ်ထွက်လာစေရန်ရည်ရွယ်၍ နှစ်စဉ်ကျင်းပလျက်ရှိပြီး မြို့ပေါ်ရပ်ကွက်များမှ လှေလှော်အသင်း ၁၀ သင်း ပါဝင်ယှဉ်ပြိုင်ကြကာ ဗိုလ်လုပွဲတွင် မာရဇိန်လှေလှော်အသင်းနှင့် မျိုးဆက်သစ်လှေလှော်အသင်းတို့ယှဉ်ပြိုင်လှော်ခတ်ကြရာ မာရဇိန်လှေလှော်အသင်းက အနိုင်ရရှိခဲ့သည်။

ဆက်လက်၍ ဆုပေးပွဲကျင်းပရာ ဆံတော်ရှင်ကန်ကြီးစေတီတော် ဩဝါဒစရိယဆရာတော် ဘဒ္ဒန္တကေတုဝါရ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးပြည်သိမ်းနှင့်အဖွဲ့ဝင်များ၊ ဆံတော်ရှင်ကန်ကြီးစေတီတော် ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပထမတံခွန်စိုက်ဒိုင်း၊ ဒုတိယ၊ တတိယ၊ စတုတ္ထဆုနှင့် တစ်ဦးချင်းဆုရရှိသူများကို ဆုများအသီးသီးချီးမြှင့်ပေးအပ်ကြောင်း သိရသည်။ **ရာမညာ(မြန်/ဆက်)**

# (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပမှုမြင်ကွင်း


























# တိုးချဲ့စိုက်ပျိုးသင့်သော ဈေးကွက်ဝင်ဒန့်သလွန်ပင် အပိုင်း(၂)

မှုမှု(မလှိုင်)

**ဒန့်သလွန်ပင်ကိုအသုံးပြုပုံများ**

ယနေ့ခေတ်တွင် ဒန့်သလွန်ရွက်နှင့်အသီးများသည်ဆေးဖက်ဝင်အာနိသင်ကြောင့် လူအများစိတ်ဝင်စားလာကြကြောင်း၊ အိန္ဒိယနိုင်ငံတွင် ဒန့်သလွန်အရွက်ကိုစားသုံးခြင်းထက် အမှုန့်ကြိတ်ပြီးအသုံးပြုမှုပိုများကြောင်းသိရှိရသည်။ မြန်မာနိုင်ငံတွင် ဒန့်သလွန်သီးကို ကုန်စိမ်းသီးနှံဟင်းသီးဟင်းရွက်အဖြစ်သာဈေးကွက်တွင်ကျယ်ကြောင်းတွေ့ရှိရပြီး အများအပြားရောင်းချလေ့ရှိသည်။ အိန္ဒိယတွင် အရွက်ကိုအမှုန့်ကြိတ်ပြီးရောင်းချနိုင်သည်။ အမှုန့်ကြိတ်လျှင်စိုက်ကွင်းထဲမှ ခူးလာသောအရွက်များအား ရေစနစ်တကျဆေးကြောရသည်။ အရွက်မှ ဗီတာမင်များလျော့နည်းခြင်း၊ ဖုန်မှုန့်နှင့် အခြားမလိုလားအပ်သော ရောနှောမှုများမဖြစ်စေရန် အဝတ်ပါးပါး သို့မဟုတ် ခြင်ထောင်ပုံစံ ဆန်ခါလေးများဖြင့် စနစ်တကျအခြောက်ခံသင့်သည်။ အိမ်ထဲသို့မဟုတ် လုံခြုံသောအဆောက်အအုံထဲတွင် အဝတ်ပါးစဖြန့်ခင်းပြီး အခြောက်ခံနိုင်သည်။ အကိုင်းလိုက်လည်း တွဲလျားချိတ်ပြီးအခြောက်ခံနိုင်သည်။ ခြောက်လာသောအရွက်များကို အမှုန့်ကြိတ်ပြီးရလာသောအမှုန့်များကို အစိုဓာတ်မပြန်အောင် လေလုံသောဖန်ပုလင်း၊ ဘူးများထဲထည့်ပြီးသုံးနိုင်သည်။ ထိုသို့မဟုတ်ပါက အာဟာရဓာတ်များလျော့နည်းသွားစေနိုင်သည်။ ထိုသို့ စနစ်တကျသိုလှောင်သိမ်းဆည်းပါက အပူချိန် ၂၄ ဒီဂရီ (အခန်းတွင်းအပူချိန်) တွင် ခြောက်လအထိသိမ်းဆည်းနိုင်ကြောင်းသိရှိရသည်။ ထိုသို့အမှုန့်ကြိတ်စားသုံးခြင်းဖြင့် ပါဝင်သောအာဟာရဓာတ်များကို မလျော့ဘဲစားသုံးနိုင်သည်ဟုဆိုသည်။

**ဒန့်သလွန်တွင်ပါဝင်သောအာဟာရဓာတ်များ**

ဒန့်သလွန်ရွက်နှင့်ဒန့်သလွန်သီးတို့မှာအာဟာရဓာတ်ကြွယ်ဝစွာပါဝင်ပြီး ပရိုတင်း၊ ဗီတာမင်နှင့် သတ္တုဓာတ်များကြွယ်ဝစွာပါဝင်၍ ဒန့်သလွန်ရွက်တွင် ခန္ဓာကိုယ်အတွက်လိုအပ်သည့် အမိုင်နိုအက်စစ်လည်းကြွယ်ဝသည်။ ဒန့်သလွန်ရွက်နှင့်ဒန့်သလွန်သီးများတွင် ဗီတာမင်အေ၊ ဗီတာမင်B1(သိုင်ရာမင်)၊ B2 (ရိုဗိုဖလာပင်)၊ B3 (နီရာဆင်)၊ B–6၊ Folate နှင့် Ascorbic အက်စစ် (ဗီတာမင်စီ)၊ ကယ်ဆီယမ်၊ ပိုတက်စီယမ်၊ သံဓာတ်၊ မဂ္ဂနီဆီယမ်၊ ဖော့ဖရိတ်နှင့် ဇင့်တို့ကြွယ်ဝစွာပါဝင်နေသည်။ အဆီပါဝင်မှုအရမ်းနည်းပြီး အန္တရာယ်ရှိသောကိုလက်စထရောမပါဝင်ပါ။ သွေးတိုးရောဂါကုသရန် အဓိကထားအသုံးပြုကြသည်။ မြန်မာ့ဆေးဖက်ဝင်အပင်များတွင်ပါရှိပြီး တိုင်းရင်းဆေးအဖြစ် အလွန်ပင်အသုံးဝင်သောကြောင့် မြန်မာ့အာယုဗ္ဗေဒဆေးသိပ္ပံဆရာတော် အရှင်နာဂသေနဘိဝံသ (သိမ်ဖြူ) ရေးသားသည့် ပုံပြဆေးအဘိဓာန်ဆေးကျမ်းတွင် ဒန့်သလွန်၏အာနိသင်ကို ဖော်ပြထားသည်။

ဒန့်သလွန်သည် အနည်းငယ်ချိုပြီး ဖန်သည့်အရသာရှိသည်။ ဝမ်းမီးကိုကောင်းစေပြီး အစာကြေ၊ နှုတ်မြိန်စေသည်။ လေ၊ သည်းခြေ၊ သလိပ် သုံးပါးကိုနိုင်နင်းစေပြီး အဖျဉ်းရောဂါ၊ အပူနာ၊ အကြောအခြင်ရောင်ရမ်းခြင်းနှင့် မျက်စိနာတို့ကိုသက်သာစေနိုင်ကြောင်း၊ အမြစ်၊ အခေါက်၊ အသီး၊ အရွက်နှင့် အစေ့စသည်ဖြင့် တစ်ပင်လုံးနီးပါးဆေးဖက်ဝင်အသုံးပြုနိုင်သည်။

**ကျန်းမာရေးအတွက် အကျိုးကျေးဇူးရစေနိုင်မှုများ**

**အမိုင်နိုအက်စစ်**

ဒန့်သလွန်ရွက်သည် ခန္ဓာကိုယ်၏ဖွံ့စည်းမှုနှင့် ပရိုတင်းများဖြစ်ပေါ်မှုအတွက် အသုံးဝင်သောအမိုင်နိုအက်စစ် ၁၈ မျိုးပါဝင်ပြီး အဆိုပါအက်စစ်များမှ ကိုယ်ခန္ဓာ၏လုပ်ငန်းစဉ်များပုံမှန်လည်ပတ်စေရန် အထောက်အကူပြုပေးနိုင်သည်။

**ရောင်ရမ်းမှုမဖြစ်အောင်လုပ်ဆောင်ပေးနိုင်ခြင်း**

ဒန့်သလွန်ရွက်တွင် သံဓာတ်ပါဝင်ပြီး ရောင်ရမ်းမှုကိုကျဆင်းစေသည့်အာနိသင်နှင့် ရောဂါပိုးများကိုပယ်ဖျက်သေစေနိုင်သော အစွမ်းသတ္တိများပါဝင်သည်။ ဒန့်သလွန်ရွက်သည် အနာဒဏ်ရာများ၊ အပူလောင်ခြင်းနှင့် ပြတ်ရှဒဏ်ရာလိုအသေးစားဒဏ်ရာများကိုပါသက်သာစေနိုင်သည်။ အနာကျက်လည်းမြန်စေသည်။



**နို့ထွက်စေခြင်း**

နို့တိုက်မိခင်များနို့ထွက်စေရန်အတွက် ဒန့်သလွန်ရွက်စားသုံးပေးခြင်းကို ရှေးယခင်ကာလကတည်းက အသုံးပြုလေ့ရှိခဲ့သည်။ နို့တိုက်မိခင်များ နို့ထွက်ကောင်းအောင် အထောက်အကူပေးသည်ဟုဆိုသည်။ ကလေးမီးဖွားပြီး မိခင်နို့ထွက်နည်းနေပါက ဒန့်သလွန်ရွက်ကို ဟင်းချိုချက်သောက်ပေးလျှင် နို့ရည်ရွှင်စေသည်။

**ကိုလက်စထရော**

ဒန့်သလွန်ရွက်သည်အဆီများကိုလောင်ကျွမ်းစေပြီး ခန္ဓာကိုယ်ကို ကျစ်လျစ်သွယ်လျစေသည့်အပြင် အားအင်ပြည့်စေသည်။ ဒန့်သလွန်ရွက်သည် သရေစာစားချင်စိတ်ကိုဖျောက်ဖျက်ပေးပြီး ကျန်းမာတက်ကြွသောဘဝနေထိုင်မှုတစ်ရပ်ဖန်တီးရန်အတွက် အသုံးပြုနိုင်သော သဘာဝဆေးနည်းကောင်းတစ်ခုဖြစ်သည်။ ကိုလက်စထရောပမာဏနည်းခြင်းက နှလုံးရောဂါခံစားရနိုင်ခြေကိုလျှော့ချပေးသလို အခြားနှလုံးသွေးကြောရောဂါများခံစားရနိုင်ခြေကို လျှော့ချရာတွင်လည်း အထောက်အကူပြုသည်။ ဒန့်သလွန်အရွက်ကိုကြိတ်ပြီးရရှိသည့် သတ္တုရည်ဟင်းစားဇွန်းသုံးဇွန်းခန့်တိုက်ပေးခြင်း သို့မဟုတ် အရွက်ကိုအခြောက်ခံ၍ ရေနွေးထဲထည့်၍ ရေနွေးကြမ်းကဲ့သို့သောက်ပေးခြင်းဖြင့် သွေးတိုးရောဂါကိုသက်သာစေသည်။

**ဆီးချို**

ဒန့်သလွန်ရွက်၏နောက်ထပ်အကျိုးကျေးဇူးမှာ ဆီးချိုရောဂါကို ထိန်းချုပ်ပေးနိုင်ခြင်းပင်ဖြစ်သည်။ ဒန့်သလွန်ရွက်သည် အချိုဓာတ်မပါဘဲ ခန္ဓာကိုယ်အတွက် စွမ်းအင်ထောက်ပံ့ပေးသည်။ ထို့ကြောင့် သွေးတွင်းသကြားဓာတ်ကို လျှော့ချပေးနိုင်သည့် ဆေးဖက်ဝင်အပင်တစ်မျိုးဖြစ်သည်။ ဒန့်သလွန်ရွက်တွင်ပါဝင်သော တာပင်းနွိုက်များသည် ပန်ကရိယတွင်းရှိ အင်ဆူလင်ကိုထုတ်ပေးသော ဘီတာဆဲလ်များကို လှုံ့ဆော်နိုင်စွမ်းရှိ၍ ဒန့်သလွန်ရွက်ဟင်းခါးစားသုံးပြီးချိန်တွင် သွေးတွင်းဂလူးကို့ပမာဏလျော့နည်းစေသည့်အတွက် ဆီးချိုရောဂါဝေဒနာရှင်များအနေဖြင့်စားသုံးပေးသင့်ကြောင်း အကြံပြုထားသည်။ ညဘက်ဆီးသွားများလျှင် ဒန့်သလွန်ရွက်သတ္တုရည်တစ်ဇွန်းနှင့် ပျားရည်ဟင်းစားဇွန်းတစ်ဇွန်းရောစပ်ပြီး သောက်ပေးက သက်သာစေနိုင်သည်။ ဆီးချိုရှိသူများအနေဖြင့် ပျားရည်အစား ချင်းထောင်းရည်ဟင်းစားဇွန်းတစ်ဇွန်းစပ်၍သောက်ပေးနိုင်သည်။

**ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ**

ဓာတ်တိုးဆန့်ကျင်ပစ္စည်းများသည် ခန္ဓာကိုယ်၏ဆဲလ်များကျန်းမာစေရန်အတွက် အရေးပါသောအခန်းကဏ္ဍကနေပါဝင်နေသည့်အရာတစ်မျိုးဖြစ်သည်။ ဓာတ်တိုးဆန့်ကျင်ပစ္စည်းများမှ ကင်ဆာရောဂါဖြစ်နိုင်ခြေကိုလျှော့ချပေးနိုင်သလို အသက်အရွယ်အိုမင်းမှုဖြစ်စဉ်ကိုလည်း နှေးကွေးစေသည်။ ဒန့်သလွန်ရွက်သည်အရေပြားကိုအားဖြည့်ပေးနိုင်သော ဓာတ်တိုးဆန့်ကျင်ပစ္စည်းအမျိုး ၃၀ အထိပါဝင်သည်။ နေ့စဉ်စားသုံးသည့်အစားအသောက်များတွင် ဒန့်သလွန်ရွက်ကို ထည့်သွင်းစားသုံးပေးပါက ခန္ဓာကိုယ်၏ဇီဝကမ္မဖြစ်ပျက်မှုကိုလှုံ့ဆော်ပေးမည်ဖြစ်သလို ကိုယ်အလေးချိန်ကိုလည်းကျဆင်းစေမည်ဖြစ်သည်။

**ဆံပင်သန်စွမ်းစေခြင်း**

ဒန့်သလွန်ရွက်တွင်ဆံပင်နှင့်ဦးရေပြားကို အကျိုးပြုသည့်ဗီတာမင်နှင့်သတ္တုဓာတ်အများအပြားပါဝင်နေသည်။ ဆံပင်နှင့်ဦးရေပြားသန့်ရှင်းစေရန်၊ ဆံပင်ကျွတ်သက်သာစေရန်နှင့် ဗောက်မထစေရန်အတွက် အသုံးပြုနိုင်သလို ဆံသားခြောက်သွေ့ပျက်စီးခြင်းမဖြစ်အောင်ကာကွယ်ရာတွင်လည်း အထောက်အကူပြုသည်။ ဒန့်သလွန်ရွက်တွင် ဆံသားကိုကျန်းမာသန်စွမ်းစေသည့် ဗီတာမင် B1၊ B2၊ B3၊ B6၊ Folate နှင့် ဗီတာမင်စီတို့ပါဝင်နေ၍ဖြစ်သည်။ ဒန့်သလွန်ရွက်သည် ဦးရေပြားတွင်သွေးလည်ပတ်မှုကိုတိုးတက်စေသလို ဆံပင်သန်စွမ်းမှုကို အထောက်အကူပြုပေးသည်။ ဦးရေပြားတွင်သွေးလည်ပတ်မှုကောင်းမွန်စေသည့်အခါ ဆံခြည်တွင်းပေါက်လေးများကို အာဟာရပြည့်ဝစေပြီး ဆံပင်များကိုသန်စွမ်းနက်မှောင်စေခြင်းဖြစ်သည်။

**အာရုံကြောစနစ်**

ဒန့်သလွန်ရွက်သည် အာရုံကြောစနစ်တွင်ချို့ယွင်းမှုများမဖြစ်အောင် တိုက်ထုတ်ရာတွင်လည်း အထောက်အကူပေးသည်။ ဒန့်သလွန်ရွက်သည် ခေါင်းတစ်ခြမ်းကိုက်ခြင်း၊ ခေါင်းကိုက်ခြင်း၊ မအီမသာဖြစ်ခြင်းနှင့် အခြားအာရုံကြောဆိုင်ရာဝေဒနာများကို သက်သာစေနိုင်သည်။ ဦးနှောက်၏စွမ်းဆောင်ရည်ကိုတိုးတက်ကောင်းမွန်စေသည်။ အယ်ဇိုင်းမားလိုမျိုးရောဂါများမဖြစ်အောင် ကာကွယ်ရာတွင်လည်း အထောက်အပံ့ပေးသည်။

**အစာခြေစနစ်ကိုကောင်းမွန်စေခြင်း**

ဒန့်သလွန်ရွက်သည်အစာကြေလွယ်ပြီး အစာချေဖျက်မှုကို ကောင်းမွန်အောင်အထောက်အကူပေးသည်။ ခန္ဓာကိုယ်အစိတ်အပိုင်းများရှိ အာဟာရဓာတ်များကို ပိုမိုစုပ်ယူနိုင်စေသည်။

**အဆိပ်ပြေစေခြင်း**

ဒန့်သလွန်ရွက်သည် ခန္ဓာကိုယ်တွင်းမှအဆိပ်အတောက်များကိုပြေစေပြီး သွေးသန့်စေသည်။ ဒန့်သလွန်ရွက်ကို ကြက်သွန်ဖြူ၊ ပတဲကော၊ မိဿလင်တို့နှင့် ဟင်းခါးချက်သောက်ပေးခြင်းဖြင့် မိန်းကလေးများ မီးယပ်ထိန်ခြင်း၊ ငုပ်ခြင်းများကိုသက်သာပျောက်ကင်းစေသည်။ လေထိုးလေအောင့်ဖြစ်ကာ နာကျင်ခြင်း၊ မီးယပ်ချမ်းထပြီးဖျားနာခြင်းများအတွက် ဟင်းခါးရည်တွင် ငါးရံ့ကင်ထည့်၍ သောက်ပေးခြင်းဖြင့်သက်သာစေနိုင်သည်။

**ဝက်ခြံနှင့်ဆားဝက်ခြံများကိုသက်သာစေခြင်း**

ဒန့်သလွန်ရွက်သည် အရေပြားတွင်အဆိပ်အတောက်ဖြစ်စေသောအရာများကို ဖယ်ရှားပေးပြီး အရေပြားကိုနုပျိုစေသည်။ အသားအရေကိုကြည်လင်စေပြီး ဖြူဝင်းလှပစေနိုင်သည်။ ဝက်ခြံနှင့်အမည်းစက်များဖြစ်ပေါ်မှုကိုလည်း သက်သာစေသည်။ ဒန့်သလွန်ရွက်နှင့် ကွမ်းစားဂမုန်းတို့ကို ဆတူကြိတ်ပြီး ရရှိသည့်သတ္တုရည်ကို ကလေးများတွင်ဖြစ်တတ်သည့် မှက္ခရုနာ၊ အပူအစပ်အစားများ၍ဖြစ်တတ်သော နှုတ်ခမ်းကွဲနာ၊ လျှာကွဲနာများကို လိမ်းပေးလျှင် သက်သာပျောက်ကင်းစေနိုင်သည်။

**ကူးစက်ရောဂါများကို တိုက်ဖျက်နိုင်ခြင်း**

ဒန့်သလွန်ရွက်တွင် ဗက်တီးရီးယားများကိုသေစေနိုင်သည့်အာနိသင်နှင့်မှိုပိုးကိုတိုက်ဖျက်နိုင်သောအာနိသင်များရှိခြင်းကြောင့် ကူးစက်ရောဂါများတိုက်ဖျက်ရာတွင် အထောက်အကူပြုသည်။ ဒန့်သလွန်ရွက်သည် အရေပြားတွင်ကူးစက်ရောဂါဖြစ်စေသော မှိုပိုးများကိုတိုက်ဖျက်ပေးသလို သွေးနှင့်ဆီးလမ်းကြောင်းဆိုင်ရာကူးစက်ရောဂါများကိုဖြစ်စေနိုင်သော ဗက်တီးရီးယားများကိုလည်းတိုက်ဖျက်ပေးသည်။ အသံဝင်၊ အသံပျက်၊ လည်ချောင်းနာလျှင် ဒန့်သလွန်ရွက်ကိုကြိတ်ခြေ၍ အရည်ကိုစစ်ယူကာ လက်ဖက်ရည်ဇွန်းတစ်ဇွန်းသောက်ပေးက သက်သာစေနိုင်သည်။ ပန်းနာရင်ကျပ်ဖြစ်က ဒန့်သလွန်ကြိတ်ခြေရည်တစ်ဇွန်း၊ ချင်းကြိတ်ခြေရည်တစ်ဇွန်း ဆတူရောစပ်၍သောက်ပေးနိုင်လျှင် ဆီးချိုရောဂါသက်သာစေနိုင်သလို ပန်းနာရင်ကျပ်ဖြစ်မှုကိုလည်း သက်သာစေသည်။ ဒန့်သလွန်မြစ်ကိုကြိတ်ခြေပြီး သတ္တုရည်နှင့် ထန်းလျက်ဆတူရောစပ်သောက်သုံးပါက ခေါင်းကိုက်ဝေဒနာသက်သာစေသည်။ ဒန့်သလွန်မြစ်ကို အခြောက်လှန်း၊ အမှုန့်ပြုလုပ်၍ နှမ်းဆီနှင့်ဖျော်လိမ်းပေးပါက ဝဲစို၊ ဝဲခြောက်၊ ပွေး၊ နှင်းခူ၊ ယားနာများကို သက်သာစေသည်။ အမြစ်အမှုန့်ကို နှာရှူဆေးပြုလုပ်ကလည်း ထိပ်ကပ်နာနှင့် နှာခေါင်းအပုပ်နံ့ နံ့ခြင်းများကိုသက်သာစေသည်။ အမြစ်ကိုကြိတ်၍ ရောင်တင်းသောနေရာတွင် စည်းပေးပါကလည်း သက်သာပျောက်ကင်းစေသည်ဟုဆိုသည်။ အမြစ်တွင်ပါရှိသော အာနိသင်သည် ပြင်းထန်တတ်၍ သတိနှင့်သုံးစွဲသင့်သည်။

စာမျက်နှာ ၈ သို့ ●

● စာမျက်နှာ ၇ မှအဆက်

**အသည်းကျန်းမာစေခြင်း**

ဒန့်သလွန်ရွက်တွင် polyphenols များစွာပါဝင်သည့်အတွက် အသည်းကိုအဆိပ်အတောက်ဖြစ်စေခြင်းနှင့်ပျက်စီးခြင်းများမဖြစ်အောင် ကာကွယ်ပေးသည်။ ကလေးများတွင် သန်ကောင်၊ တုတ်ကောင်ရှိပါက ဒန့်သလွန်သီးကို ဟင်းချက်ကျွေးခြင်းဖြင့်သက်သာစေသည်။ ငါးရံ့၊ ငါးခူ၊ ပုစွန်တုပ်၊ ငါးမြင်း၊ ငါးကြင်း၊ ငါးပနေ့ာ်တို့နှင့် ဒန့်သလွန်သီးကိုချက်စားပေးက အစာမကြေခြင်း၊ ဝမ်းဖောဝမ်းရောင်နာ၊ အဖျားရောဂါ၊ ပန်းနာ၊ သွေးတက်နာနှင့် သုက်အားကုန်ခန်းနာများကို သက်သာစေသည်။

**အရိုးကျန်းမာသန်စွမ်းစေခြင်း**

ဒန့်သလွန်ရွက်တွင် ကယ်ဆီယမ်နှင့်ဖော့စဖရိတ်ကဲ့သို့မရှိမဖြစ်လိုအပ်သည့်သတ္တုဓာတ်များပါဝင်သောကြောင့် အရိုးများကျန်းမာသန်စွမ်းအောင်ထိန်းသိမ်းပေးသည်။ ဒန့်သလွန်ရွက်သည် ရောင်ရမ်းမှုကိုလျော့ကျစေသောကြောင့် အဆစ်ရောင်နာခြင်းများ၊ အရိုးအဆစ်နာကျင်သည့်ဝေဒနာများကိုကုသရာတွင် ထိရောက်သောအစွမ်းအာနိသင်ရှိသည်။ ဒန့်သလွန်ရွက်သည် အရွတ်များတွင်ဖြစ်တတ်သည့်နာကျင်မှုများကို သက်သာစေနိုင်သည့်အစွမ်းရှိသည်။

**ကျောက်တည်ခြင်းမဖြစ်အောင်ကာကွယ်ပေးခြင်း**

ဒန့်သလွန်ရွက်သည် ကျောက်ကပ်၊ ဆီးအိမ်နှင့်သားအိမ်ထဲတွင် ကျောက်တည်ခြင်းမဖြစ်အောင်ကာကွယ်ပေးသည်။ ဒန့်သလွန်တွင် ကျောက်တည်ခြင်းကိုလျှော့ချပေးနိုင်သည့်အစွမ်းသတ္တိရှိသကဲ့သို့ Endogenous Oxalate Synthesis ကို ထိန်းချုပ်ရာတွင်လည်း အထောက်အကူပြုသည်။

**ကျောက်ကပ်ရောဂါမဖြစ်အောင်ကာကွယ်ပေးခြင်း**

ဒန့်သလွန်ရွက်အဆီအနှစ်သည် ဆေးဝါးများ၊ အဆိပ်ရှိသည့်အရာများနှင့် ထိတွေ့မိခြင်းကြောင့်ဖြစ်သည့် ကျောက်ကပ်ပျက်စီးခြင်းကိုကာကွယ်ပေးနိုင်စွမ်းရှိသည်။ ဒန့်သလွန်တွင်ပါသော Nephro–protective သည် ကျောက်ကပ်ထိခိုက်မှုကို လျော့ကျစေသည်။ Nephroprotective က ထိရောက်သော Bio–Absorbent အဖြစ်လုပ်ဆောင်ပေးပြီး ခန္ဓာကိုယ်တွင်းအဆိပ်အတောက်ဖြစ်စေသောအရာများနှင့် အန္တရာယ်ရှိသောအရာများကို ဖယ်ရှားရာတွင်အထောက်အကူပြုသည်။ ဆီးကျောက်တည်ရောဂါနှင့် အမျိုးသားများတွင်ဖြစ်တတ်သည့် ဆီးကျိတ်ရောင်ရောဂါကိုကာကွယ်ရန်အတွက် ဒန့်သလွန်ရွက်ကို တစ်ပတ်လျှင်နှစ်ကြိမ်ခန့်စားသုံးပေးသင့်သည်။

**သန္ဓေတားပေးနိုင်စွမ်းရှိခြင်း**

ဒန့်သလွန်တွင် သန္ဓေတားပေးနိုင်စွမ်းရှိသည်။ ဒန့်သလွန်၏အဆီအနှစ်ကိုဟော်မုန်းပျက်စီးစေမှု (Estrogenic Activity) လုပ်ဆောင်ရာတွင်အသုံးပြုသလို သန္ဓေမအောင်စေအောင် ကာကွယ်ရာတွင်လည်းအကျိုးပြုသည်။

**သွေးတိုးကျစေခြင်း**

ဒန့်သလွန်သည်သွေးပေါင်ချိန်နှင့် ကိုယ်တွင်းကိုလက်စထရောပမာဏကို သင့်တင့်သောအနေအထားဖြစ်အောင် ထိန်းညှိရာတွင် အထောက်အကူပြုသည်။ Isothiocyanate နှင့် Niaziminin တို့ကဲ့သို့ Bioactive ပစ္စည်းများသည် သွေးကြောများမပိတ်အောင်ကာကွယ်ပေးသလို အဆုတ်သွေးကြောများကိုထိခိုက်စေနိုင်သောသွေးတိုးရောဂါ(Pulmonary Hypertension) ဖြစ်ပေါ်မှုကိုလည်းလျော့ကျစေနိုင်သည်။ ဒန့်သလွန်ရွက်တွင်ပါသော Hypocholestero–lemic အစွမ်းအာနိသင်သည် အသည်းအဆီဖုံးခြင်း၊ ကျောက်ကပ်အဆီများခြင်းနှင့် သွေးတွင်းကိုလက်စထရောပမာဏများခြင်းဖြစ်နိုင်ခြေကို လျော့ကျစေနိုင်သည်။




**မျက်စိကျန်းမာစေခြင်း**

ဓာတ်တိုးဆန့်ကျင်ပစ္စည်းကြွယ်ဝသော ဒန့်သလွန်ရွက်သည် မျက်ကြည်လွှာမပျက်စီးအောင်ကာကွယ်ရာတွင်အထောက်အပံ့ပေးနိုင်သည်။ ဒန့်သလွန်ရွက်တွင်ပါသော ဓာတ်တိုးဆန့်ကျင်ပစ္စည်းများသည် မျက်ကြည်လွှာသွေးကြောများ ကျယ်လာခြင်းမျိုးမဖြစ်အောင်ကာကွယ်ခြင်းနှင့် မျက်ကြည်လွှာကြွက်သားများမထိခိုက်အောင်ထိန်းသိမ်းပေးနိုင်သည်။ မျက်စိအတွင်းရှိ သွေးကြောနံရံများထူမလာအောင်တားဆီးပေးသလို မျက်ကြည်လွှာပျက်စီးမှုမျိုးကိုလည်းကာကွယ်ပေးသည်။

**သွေးအားနည်းရောဂါကို သက်သာစေခြင်း**

ဒန့်သလွန်ရွက်သည် သွေးအားနည်းရောဂါကိုကုသရာတွင်အထောက်အကူပြုသည်။ လေ့လာမှုများအရ ဒန့်သလွန်ရွက်သည် ခန္ဓာကိုယ်၏ သံဓာတ်စုပ်ယူမှုကိုကောင်းမွန်စေအောင် အထောက်အပံ့ပေးနိုင်သလို သွေးနီဥဆဲလ်အရေအတွက်ကိုတိုးစေသည်။ ပုံမှန်သွေးပေါင်ချိန်ကို ထိန်းသိမ်းရာတွင်လည်း အထောက်အကူပြုပေးသည်။

**စွမ်းအင်ပြည့်ဝစေခြင်း**

ဒန့်သလွန်ရွက်သည် စွမ်းအင်ပြည့်ဝစေသည်။ ဒန့်သလွန်ရွက်သည် အချိုဓာတ်လုံးဝမပါဝင်ဘဲ သဘာဝနည်းအတိုင်း ခန္ဓာကိုယ်ကိုစွမ်းအင်ပြည့်ဝစေသည်။ အိပ်မပျော်သည့်ရောဂါဖြစ်ပါက ဒန့်သလွန်သီးကို ငါးပတ်နှင့်ဟင်းချက်စားပေးလျှင်သက်သာစေသည်ဟု မြန်မာတိုင်းရင်းဆေးကျမ်းတွင်ဖော်ပြထားသည်။

**ရေကိုကြည်လင်စေခြင်း**

ဒန့်သလွန်အစေ့ကိုထုထောင်းပြီး ရေတွင်တစ်နာရီကြာအောင်စိမ်ပေးမည်ဆိုလျှင် ရေကိုကြည်လင်စေသည်။ ထို့ကြောင့်အရေးပေါ်အခြေအနေများတွင် ရေကြည်ရရှိရေးအတွက် ဒန့်သလွန်အစေ့ကိုအသုံးပြုကြသည်။

| သီးနှံအမျိုးအစား | အဓိကအာဟာရဓာတ် | အရွက် (၁) ဂရမ်တွင်ပါဝင်နိုင်မှုပမာဏ | |
|---|---|---|---|
| | | ဒန့်သလွန်ရွက်အစို | ဒန့်သလွန်ရွက်အခြောက် |
| ခါကြက်ဥ | ဗီတာမင် အေ | ၄ ဆ | ၁၀ ဆ |
| လိမ္မော်/သံပရာ | ဗီတာမင် စီ | ၇ ဆ | ၁/၂ ဆ |
| နွားနို့ | ကယ်ဆီယမ်ဓာတ် | ၄ ဆ | ၁၇ ဆ |
| ငှက်ပျောသီး | ပိုတက်စီယမ်ဓာတ် | ၃ ဆ | ၁၅ ဆ |
| ဟင်းနုနယ် | သံဓာတ် | ၄ ပုံ ၃ ပုံ | ၂၅ ဆ |
| ဒိန်ချဉ် | ပရိုတင်းဓာတ် | ၂ ဆ | ၉ ဆ |

**ဒန့်သလွန်အာနိသင်၏ဘေးထွက်ဆိုးကျိုးများ**

ဒန့်သလွန်တွင် ဝမ်းပျော့ပျော့သွားစေနိုင်သောအစွမ်းသတ္တိရှိသောကြောင့် ဗိုက်နာစေသလို Gaseous Distension၊ ဝမ်းလျှောခြင်းနှင့် ရင်ပူခြင်းများကိုဖြစ်စေတတ်သည်။ ထို့ကြောင့် ဒန့်သလွန်ရွက်ကို အလွန်အကျွံစားသုံးပါက မအီမသာဖြစ်ခြင်းမျိုးဖြစ်နိုင်သည်။ ဒန့်သလွန်၏ အမြစ်၊ အပွင့်နှင့် အခက်များတွင်ပါသော ဓာတုဓာတ်ပေါင်းများက ကိုယ်ဝန်ဆောင်အမျိုးသမီးများတွင် သားအိမ်ကျုံ့ခြင်းကိုဖြစ်စေနိုင်သောကြောင့် ကိုယ်ဝန်ပျက်ကျနိုင်ခြေကိုတိုးစေသည်။ ဒန့်သလွန်တွင်ပါသော ဓာတ်အချို့သည် မွေးကင်းစကလေးငယ်များအတွက် မသင့်လျော်သောကြောင့် နို့တိုက်မိခင်များအနေဖြင့် များစွာစားသုံးရန်မသင့်လျော်ပေ။

သွေးကျဲဆေးသောက်သုံးနေရသူများအနေနှင့်လည်း ဒန့်သလွန်ရွက်ကိုမစားသင့်ပါ။ သိုင်းရွိုက်၊ အသည်းရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါတို့ကိုကုသရာတွင် အသုံးပြုသော ဆေးဝါးတချို့နှင့် ဓာတ်ပြုမှုများရှိတတ်၍ ထိုရောဂါကုသနေရသူများအနေဖြင့် အလွန်အကျွံစားသုံးခြင်းမပြုသင့်ပေ။ လောလောဆယ်သွေးပေါင်ကျနေသူများ၊ နှလုံးခုန်နှုန်းနှေးသည့်သူများအနေဖြင့် ဒန့်သလွန်ရွက်ကိုအများအပြားမစားသင့်ပေ။ ကိုယ်ခံအားဆဲလ်များကို အဆိပ်အတောက်ဖြစ်စေနိုင်သောကြောင့် ဒန့်သလွန်စေ့အဆီကိုမစားသုံးသင့်ပါ။ ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်များနှင့် သက်ကြီးရွယ်အိုများအနေနှင့် ဒန့်သလွန်ရွက်ကိုမစားခင် ဆရာဝန်ဖြင့်အရင်တိုင်ပင်သင့်သည်။

ဒန့်သလွန်ရွက်ကိုချက်ပြုတ်ရာတွင် အပူကြာကြာပေးလျှင် ပါဝင်သောအာဟာရဓာတ်များဆုံးရှုံးနိုင်သောကြောင့် ဟင်းခါးချက်သည့်အခါ ရေပွက်ပွက်ဆူပြီးဒန့်သလွန်အရွက်ခတ်၍မိနစ်အနည်းငယ်ခန့်အကြာတွင် စားသုံးပေးခြင်းဖြင့် အာဟာရဓာတ်ပြည့်ပြည့်ဝဝရရှိနိုင်သည်။

ဒန့်သလွန်၏အာဟာရပါဝင်မှုများကိုနှိုင်းယှဉ်လေ့လာလျှင် ယှဉ်တွဲသီးနှံများထက် အာဟာရဓာတ်ပိုမိုပါဝင်နေကြောင်းတွေ့ရှိရသည်။

ဆေးဖက်လည်းဝင် စားသုံးသီးနှံပင်အဖြစ်လည်း အသုံးဝင်သော ဒန့်သလွန်ပင်ကို ယခုအခါ ချဲ့ထွင်စိုက်ပျိုးလာကြပြီး ဈေးကွက်လည်းတစ်စတစ်စတွင်ကျယ်လာနေပြီဖြစ်၍ တိုးချဲ့စိုက်ပျိုးသင့်ပါသည်။ ။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်း တာဝန်မှရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှတင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်–

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့်ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။
(ခ) နိုင်ငံ့ဝန်ထမ်းများ။
(ဂ) ပညာသင်ကြားနေသူများ။
(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိဘအိုများကိုပြုစုလုပ်ကျွေးနေသူများ။
(င) မူးယစ်ဆေးဝါးဖြတ်ရန်ဆေးကုသမှုခံယူနေသူများ။
(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။
(ခ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခုအပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။
(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။
(ဃ) နိုင်ငံတော်၏လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။
(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှယာယီရွှေ့ဆိုင်းပေးရန်မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

# ပဲခူးမြို့ မဟာစေတီတော်မြတ်ကြီး၌ ဆီမီး ၁၀၀၀ ထွန်းညှိပူဇော်

ပဲခူး အောက်တိုဘာ ၇

ပဲခူးတိုင်းဒေသကြီး(YMBA)အသင်းကြီးမှ အသင်းသူ၊ အသင်းသားများစုပေါင်း၍ အောက်တိုဘာလ ၆ ရက် (သီတင်းကျွတ်လပြည့်နေ့)ပဲခူးမြို့ မဟာစေတီတော်မြတ်ကြီး၌ ဆီမီး ၁၀၀၀ ထွန်းညှိပူဇော်ပွဲ ကျင်းပသည်။

ရှေးဦးစွာ စေတီတော်မြတ်ကြီး၏ရင်ပြင်တော်ပေါ်၌ ပဲခူးတိုင်းဒေသကြီး(YMBA)အသင်းဥက္ကဋ္ဌ ဦးလှတင်ဦးနှင့် တိုင်းဒေသကြီး/ခရိုင်/မြို့နယ် အသင်းသားများက ဆီမီး ၁၀၀၀ ကို (YMBA)စာလုံးပုံဖော်ပူဇော်ကြပြီး အဘိဓမ္မာတရားတော်များရွတ်ဖတ်ပူဇော်ကြသည်။

ထို့နောက် ဘုရားဖူးလာပြည်သူများကို ပဲခူးတိုင်းဒေသကြီး(YMBA) တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အသင်းသားများစုပေါင်းပြီး စတုဒိသာကျွေးခြင်းများဖြင့်ကုသိုလ်ပြုကြကြောင်းသိရသည်။ (၄၀၁)၊ တင်စိုး(ပဲခူး)



## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

### MWD Education, Knowledge & Sports Channel

၈-၁၀-၂၀၂၅(ဗုဒ္ဓဟူးနေ့)

| | | | |
|---|---|---|---|
| ၁။ | ၀၇:၀၀ - ၀၈:၃၅ | Grade – 7 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၂။ | ၁၅:၃၀ - ၁၆:၀၅ | Grade – 7 | အင်္ဂလိပ်စာ၊ သင်္ချာ(၁)၊ |
| ၃။ | ၁၆:၀၅ - ၁၆:၄၅ | Grade – 7 | သင်္ချာ(၂)၊ ပထဝီဝင် |
| ၄။ | ၁၆:၄၅ - ၁၇:၂၀ | Grade – 7 | သမိုင်း၊ သိပ္ပံ |

### MWD Variety Channel

၈-၁၀-၂၀၂၅(ဗုဒ္ဓဟူးနေ့)

| | | |
|---|---|---|
| ၁။ | ၀၉:၁၅ | ရှာဖွေလေ့လာပြတိုက်မှာ |
| ၂။ | ၁၁:၃၀ | ကမ္ဘာတစ်ခွင်မှတ်တမ်းဝင် |
| ၃။ | ၁၄:၁၅ | တစ်ပတ်အတွင်းထိပ်တန်းရောက် ကမ္ဘာ့သတင်းသုံးသပ်ချက် |
| ၄။ | ၁၅:၄၅ | ဗုဒ္ဓဓမ္မအသိများ တိုးပွားရကြစေ |

## သီတင်းကျွတ်ပြီ နှင်းဆွတ်ရည်

❖ ဝါလကုန် သီတင်းကျွတ်
နှင်းဆွတ်စ တူရာသီ။
လှပါသည် ကြာပွင့်များ
တင့်ကြွားမာန်ချီ။
ကုသိုလ်ရေး လှူကြမည်
တူညီညာ သဒ္ဓါမချို့။
ရည်စူးကာ ဘဂဝါဖူး
ဦးချပါလို့။

❖ မိဘတွေ စိတ်ရွှင်လန်း
ချမ်းမြေ့ကြ ကာလဝယ်။
သားသမီးတွေ ဝတ်မပျက်
ကြာလက်ယှက်နွှယ်။
နိဗ္ဗာန်သို့ မှန်းလို့ကွယ်
လှမ်းလို့ရယ် လှူပါလို့။
အလိမ္မာ သားသမီးမှာလ
ဝပ်တွားကာ ဂါရဝထား
ဝတ္တရားကျေစို့။

❖ အလိမ္မာ မျိုးဆက်သစ်တို့
တိုးချစ်ကြ ဝန္ဒနာ။
မိဘနှစ်ဖြာ ရွှင်ကြည်လန်း
ချမ်းမြေ့သာယာ။
သားလိမ္မာရဲ့ စေတနာ
သမီးမှာ သဒ္ဓါလှ။
ကျေးဇူးရှင် မိဘများ
စိတ်အားတက်ကြွ။

❖ လစန္ဒာ မြမြအေး
ညရေးက လှသွေးကြွယ်။
ဝါကျွတ်ချိန် ထိန်ထိန်လင်း
နှင်းဆွတ်လို့ရယ်။
ကြာရနံ့ သင်းပျံ့ကြွယ်
ခင်းသန့်တယ် အလှတရား။
မြတ်နိုးဖွယ် အစဉ်အလာမို့
တို့ရိုးရာ တွယ်တာမှုကို
စဉ်လာပြု သည်ချိန်အခါ
အောင်စေရာ ကုသိုလ်မျိုး
တိုးပွားစေသား။ ။

**ချမ်းမြဆောင်း (ကလော)**

# (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးတွင် ပြိုင်ပွဲဝင်များနှင့်နည်းပြများ၏စကားသံများ

(၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး၏ပထမနေ့အဖြစ် ပြည်ထောင်စုနယ်မြေအတွင်းရှိ သတ်မှတ်နေရာအသီးသီးတွင် ကျင်းပလျက်ရှိရာ ပြိုင်ပွဲတွင် တာဝန်ယူကြရသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ နည်းပြများနှင့် ပြိုင်ပွဲဝင်များအား တွေ့ဆုံမေးမြန်းထားသည်များကို ပြန်လည်ဖော်ပြပေးလိုက်ရပါသည်-



ကိုအောင်သူ



မောင်အောင်ဘိုဘို



မောင်မင်းထောရွှတ်ပိုင်



မကြည်ကြည်သာ



မငွေစင်ကြယ်



မောင်ဆိုင်းဖိုးချစ်(ခ)
နိုင်ပြည့်အောင်



မောင်ပြည့်ဖုန်းသွင်



မယွန်းလဲ့လဲ့မို



မမြတ်နိုးကျော်

**ကိုအောင်သူ**
**ဆိုင်းနည်းပြ(ကရင်ပြည်နယ်)**

ကရင်ပြည်နယ်ကိုယ်စားပြု ဆိုင်းနည်းပြအနေနဲ့ ဒီပွဲကြီးမှာပါဝင်ဖြစ်တာပါ။ အသက်(၁၀-၁၅)နဲ့ (၁၅-၂၀)ကို တာဝန်ယူထားတာဖြစ်ပါတယ်။ လက်ရှိမှာ ပြည်နယ်ကိုယ်စားပြုအနေနဲ့ ၁၀ ယောက်ပါဝင်ယှဉ်ပြိုင်တာဖြစ်ပါတယ်။ ပြင်ဆင်ချိန်တစ်လလောက်အတောအတွင်းမှာ ကြိုးစားလေ့ကျင့်ပြင်ဆင်ခဲ့ပါတယ်။ ဆိုကရေးတီးအတွေ့အကြုံကတော့ အတော်များပါပြီ။ ဒါက သုံးကြိမ်မြောက်ဝင်ရောက်ယှဉ်ပြိုင်တာဖြစ်ပါတယ်။ ဆုတံဆိပ်ကတော့မရရှိသေးပါဘူး။ ဒီနှစ်မှာတော့ ဆွတ်ခူးနိုင်မယ်လို့ ရည်မှန်းထားပါတယ်။ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်တွေ မပျောက်ပျက်စေဖို့ ရည်ရွယ်ပြီးပြုလုပ်တဲ့ပွဲမို့လို့ကောင်းပါတယ်။ ဒီလိုမျိုးပွဲတွေ ပြုလုပ်ပေးလို့လည်း ဝမ်းမြောက်ဝမ်းသာဖြစ်ရပါတယ်။

**မောင်ဆိုင်းဖိုးချစ်(ခ)နိုင်ပြည့်အောင်**
**အသက်(၁၀-၁၅)**
**ဆိုင်းတစ်ဦးချင်း (ရန်ကုန်တိုင်းဒေသကြီး)**

စိမ်းလဲ့လဲ့ညိုပြာ(ကြိုး)သီချင်းနဲ့ ယှဉ်ပြိုင်ခဲ့တာဖြစ်ပါတယ်။ ချောချောမွေ့မွေ့နဲ့ ယှဉ်ပြိုင်နိုင်ခဲ့လို့ ကျေနပ်အားရမှုရှိပါတယ်။ သုံးပုဒ်ရွေးချယ်လေ့ကျင့်ထားပြီးတော့ မဲနှိုက်ပြီး ကျရာသီချင်းနဲ့ယှဉ်ပြိုင်ရတာပါ။ ကိုယ်ပိုင်နိုင်တဲ့သီချင်းတွေဖြစ်လို့ အခက်အခဲမရှိပါဘူး။ အရင်နှစ်က ပတ္တလား (၁၀-၁၅) ဝင်ပြိုင်ခဲ့ပြီးတော့ ဒုတိယရရှိခဲ့ပါတယ်။ ဒီနှစ်မှာတော့ (၁၀-၁၅)တန်းမှာ ဆိုင်းတစ်ဦးချင်းရယ်၊ ပတ္တလားရယ်၊ အဖွဲ့လိုက်ရယ် ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ လူငယ်တွေအတွက် ပညာလည်းရတယ်။ အတွေ့အကြုံလည်းရတဲ့အတွက် ဒီလိုပြိုင်ပွဲမျိုးတွေကျင်းပပေးတာဟာ အင်မတန်မှကောင်းမွန်ပါတယ်။ မျိုးဆက်သစ်လူငယ်တွေအတွက် တကယ်ကောင်းတဲ့အစီအစဉ်ဖြစ်ပါတယ်။

**မောင်ပြည့်ဖုန်းသွင်**
**အခြေခံပညာ(၁၀-၁၅)**
**ဆိုင်းတစ်ဦးချင်း(ရှမ်းပြည်နယ်)**

သေချာ ပိုင်ပိုင်နိုင်နိုင်လေ့ကျင့်ထားတဲ့အတွက် ယှဉ်ပြိုင်ရတဲ့အခါမှာတော့ အခက်အခဲသိပ်မရှိပါဘူး။ အကောင်းဆုံးယှဉ်ပြိုင်ခဲ့တဲ့အတွက်ကြောင့်လည်း ဆုတံဆိပ်ရရှိဖို့မျှော်မှန်းထားပါတယ်။ လေ့ကျင့်ပြင်ဆင်ချိန်ကတော့ တစ်လလောက်တော့ရခဲ့ပါတယ်။ နောက်ထပ်လည်း ပြိုင်ပွဲတွေယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ အခုလိုပြိုင်ပွဲတွေကျင်းပပေးတဲ့အတွက်လည်း နိုင်ငံတော်အကြီးအကဲနဲ့တကွ တာဝန်ရှိသူတွေကို ကျေးဇူးအထူးတင်ရှိပါတယ်။

**မမြတ်နိုးကျော်**
**အဆင့်မြင့်ပညာ(အမျိုးသမီး)**
**အက(ရောဝတီတိုင်းဒေသကြီး)**

တစ်ခါမှမပြိုင်ဖူးပါဘူး။ ဒီနှစ်မှာ ပထမဦးဆုံးအကြိမ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ပါတယ်။ တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲမှာပထမဆုရခဲ့လို့ အခုပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်နိုင်ခြင်းဖြစ်ပါတယ်။ အကကတော့ငယ်ငယ်ကတည်းက ဝါသနာပါတာပါ။ နောက်ပိုင်းမှပဲကဖြစ်တာပါ။ ကျောင်းစုံညီပွဲတော်တွေ၊ ဘာတွေမှာတော့ ကဖြစ်ပါတယ်။ အဲဒီကနေမှ အကကို နည်းပြသဘောမျိုးနဲ့ ပြန်လည်သင်ကြားပေးဖြစ်ပါတယ်။ ပြိုင်ပွဲဆိုတာမျိုးကတော့ ခုမှပဲစပြိုင်ဖြစ်တာပါ။ ခုလိုမျိုးပြိုင်ခွင့်ရတဲ့အတွက် အများကြီးဝမ်းသာမိသလို စိတ်လည်း တော်တော်လှုပ်ရှားရပါတယ်။ နှစ်တိုင်းပြိုင်သွားဖို့ အစီအစဉ်ရှိပါတယ်။

**မောင်သူရိန်ဇော်**
**အခြေခံပညာ(၁၅-၂၀)၊ အမျိုးသား**
**အက (တနင်္သာရီတိုင်းဒေသကြီး)**

ဒါက ကျွန်တော့်ရဲ့ ပထမဦးဆုံးပြိုင်ပွဲဖြစ်ပါတယ်။ အခုလိုမျိုးယှဉ်ပြိုင်ခဲ့ရတဲ့အတွက်လည်း အားရကျေနပ်မှုရှိပါတယ်။ ကျွန်တော်ကတော့ ကျောင်းပိတ်ပြီး မေလလောက်ကတည်းက စတင်လေ့ကျင့်ခဲ့တာပါ။ ကျွန်တော့်ရဲ့ ပထမဦးဆုံးပြိုင်ပွဲဖြစ်လို့ အရမ်းလည်းကြည်နူးမိသလို အတွေ့အကြုံတွေလည်း အများကြီးရပါတယ်။ ဝမ်းသာကျေနပ်မှုလည်းရှိပါတယ်။

**မောင်မင်းထောရွှတ်ပိုင်**
**အခြေခံပညာ(၁၀-၁၅)၊ အမျိုးသား**
**အက(ချင်းပြည်နယ်)**

အရင်နှစ်တုန်းက (၁၀-၁၅)မှာ ဝင်ပြိုင်ခဲ့ပါတယ်။ တတိယဆုရရှိခဲ့ပါတယ်။ အခုက ဒုတိယအကြိမ်မြောက် ဝင်ပြိုင်ခြင်းဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ် ဝင်ပြိုင်ပြီးတဲ့နောက်မှာ ကျောင်းကပွဲတွေ၊ ရှင်ပြုအလှူပွဲမျိုးတွေ၊ ဘုရားပွဲတွေမှာ လိုက်ကဖြစ်ပါတယ်။ ရှေ့ဆက်ပြီးလည်း အနုပညာနဲ့ပတ်သက်လို့ အများကြီးဆက်လုပ်သွားမှာဖြစ်ပါတယ်။ ဆက်ပြီးလည်း ကြိုးစားသွားမှာပါ။ အခုလိုမျိုး ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရတဲ့အတွက်လည်း အများကြီးဝမ်းသာပီတိဖြစ်မိပါတယ်။ အခြားသောတိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက ပြိုင်ပွဲဝင်တွေနဲ့ တွေ့ဆုံရတဲ့အတွက်ကြောင့်လည်း ပိုမိုရင်းနှီးချစ်ကြည်မှုတွေတိုးရတာပေါ့ဗျာ။

**မငွေစင်ကြယ်**
**အဆင့်မြင့်ပညာ၊ အမျိုးသမီး**
**အက (ရခိုင်ပြည်နယ်)**

ဒီပြိုင်ပွဲယှဉ်ပြိုင်တာက ပထမဆုံးအကြိမ်မဟုတ်ပါဘူး။ အရင်တုန်းကလည်း အဆိုရော၊ အကရော ယှဉ်ပြိုင်ခဲ့ပါတယ်။ ဒီနှစ်မှာတော့ အကကိုပဲ ဝင်ရောက်ယှဉ်ပြိုင်ခဲ့တာပါ။ အဆိုက ဗဟိုအဆင့်မှာ ဒုတိယနဲ့ နှစ်သိမ့်ဆုရရှိခဲ့ပါတယ်။ ဒီနှစ်မှာတော့ ဆုတံဆိပ်တွေရရှိဖို့ အားခဲထားပါတယ်။ ပထမအကြိမ်ပြိုင်တုန်းကတော့ ရင်ခုန်စိတ်လှုပ်ရှားခဲ့ရတာပေါ့။ အခုကတော့ တည်တည်ငြိမ်ငြိမ်နဲ့ ယှဉ်ပြိုင်နိုင်ခဲ့ပါတယ်။ ရန်ကုန်နဲ့မန္တလေးတို့ကတော့ ခက်ခဲတဲ့ပြိုင်ဘက်တွေဖြစ်ပါတယ်။ ဖြစ်နိုင်ရင်တော့ ရွှေလိုချင်တာပေါ့။ အကောင်းဆုံးကြိုးစားယှဉ်ပြိုင်သွားမှာပါ။

**မကြည်ကြည်သာ**
**အဆင့်မြင့်ပညာ၊ အမျိုးသမီး**
**ဆိုင်းတစ်ဦးချင်း(မွန်ပြည်နယ်)**

ရန်ကုန်မှာဆိုကရေးတီးလုပ်ကတည်းက ဗဟိုအဆင့်မှာဝင်ပြိုင်ဖြစ်ခဲ့ပြီး ကြေးနှစ်ဆုရရှိခဲ့ပါတယ်။ နေပြည်တော်မှာကျင်းပတဲ့ပြိုင်ပွဲတွေမှာတော့ ငွေနှစ်ဆုရရှိခဲ့ပါတယ်။ ဒီနှစ်မှာတော့ အကောင်းဆုံးပြင်ဆင်ထားတဲ့အတွက်ကြောင့်ရွှေတံဆိပ်တော့မှန်းထားပါတယ်။ ဒီပြိုင်ပွဲအတွက်ကို အများကြီးပြင်ဆင်ခဲ့ပါတယ်။ ကျောင်းတစ်ဖက်နဲ့ လုပ်နေရတဲ့အတွက်ကြောင့် ကျောင်းပြီးသွားရင်တော့ အနုပညာကိစ္စတွေပိုလုပ်ဖြစ်မှာပါ။ ဆိုင်းအပြင် ပတ္တလားတို့၊ ဘာတို့လည်းဆက်လုပ်သွားဖို့ရှိပါတယ်။ ဒီလိုပြိုင်ပွဲတွေ ဝင်ရောက်ယှဉ်ပြိုင်ခြင်းအားဖြင့် အတွေ့အကြုံသစ်တွေ အများကြီးရရှိပါတယ်။ သူငယ်ချင်းအသစ်တွေလည်း အများကြီးရရှိပါတယ်။

**မယွန်းလဲ့လဲ့မို**
**အဆင့်မြင့်ပညာ၊ အမျိုးသမီး**
**ဆိုင်းတစ်ဦးချင်း(မန္တလေးတိုင်းဒေသကြီး)**

ဒီပြိုင်ပွဲက သုံးကြိမ်မြောက် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ပါတယ်။ အရင်ပြိုင်ပွဲတွေတုန်းက ဆိုင်းတစ်ဦးချင်း ဒုတိယ၊ အဖွဲ့လိုက်ပြိုင်ပွဲမှာ ဒုတိယရရှိခဲ့ပါတယ်။ အခုပြိုင်ပွဲအတွက်တော့ ပြင်ဆင်ချိန်သိပ်မရခဲ့ပါဘူး။ အကောင်းဆုံးတော့ကြိုးစားယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ အနုပညာအနေနဲ့ကတော့ စောင်းတူရိယာကို အထူးပြုပြီး ဆက်လက်လုပ်ဆောင်သွားဖို့ရှိပါတယ်။ ဒီပြိုင်ပွဲကြီးကျင်းပတဲ့အတွက်လည်းဝမ်းသာမိသလို ကျေးဇူးလည်းအထူးတင်မိပါတယ်။ အထူးသဖြင့် သမီးတို့လို မျိုးဆက်သစ်လူငယ်တွေအတွက် မြန်မာ့ယဉ်ကျေးမှုအနုပညာကို ဆက်လက်ထိန်းသိမ်းပေးရာလည်း ရောက်ပါတယ်။

**မောင်အောင်ဘိုဘို**
**အဆင့်မြင့်ပညာ၊ အမျိုးသား**
**ဆိုင်းတစ်ဦးချင်း(ရန်ကုန်တိုင်းဒေသကြီး)**

မနှစ်ကကျင်းပတဲ့ (၂၅)ကြိမ်မြောက်မှာ စတင်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ရွှေသုံးခု၊ ငွေတစ်ခုဆွတ်ခူးနိုင်ပါတယ်။ ပြီးခဲ့တဲ့နှစ်မှာ ဆိုင်းအဖွဲ့လိုက်၊ အိုးစည်ဒိုးပတ်မှာ ရွှေရခဲ့ပြီးတော့ ဆိုင်းတစ်ဦးချင်းမှာ ငွေပဲရခဲ့ပါတယ်။ ဒါကြောင့် ဒီနှစ်မှာတော့ ဆိုင်းတစ်ဦးချင်းကို ရွှေမှန်းထားပါတယ်။ ကျောင်းတစ်ဖက်နဲ့ဆိုတော့ စိတ်ထင်သလောက်တော့ လုပ်မရဘူးပေါ့ဗျာ။ အတတ်နိုင်ဆုံးတော့ အကောင်းဆုံးယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။

တွေ့ဆုံမေးမြန်း-လင်းရာမ
ဓာတ်ပုံ-ကိုထက်

# မုံရွာမြို့ ချမ်းမြဝတီရပ်ကွက်ရှိ ပြည်သူ့ဥယျာဉ်တွင်ကျင်းပသည့် သီတင်းကျွတ်ပွဲတော် ဆီမီးပူဇော်ခြင်းနှင့် မီးပုံးပျံလွှတ်တင်မှု စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုအားပေး

မုံရွာ အောက်တိုဘာ ၇

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများသည် ယနေ့ ညနေပိုင်းတွင် မုံရွာမြို့ ချမ်းမြဝတီ ရပ်ကွက်ရှိပြည်သူ့ဥယျာဉ်အတွင်း ကျင်းပလျက်ရှိသည့် ၁၃၈၇ ခုနှစ် သီတင်းကျွတ်ပွဲတော်သို့ တက်ရောက်အားပေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဝန်ကြီးဌာနများ၊ မုံရွာမြို့ပေါ်ရှိ ဆန်၊ ဆီကုန်သည်ကြီးများအသင်းများ၊ ပုဂ္ဂလိကဘဏ်၊ ဆေးရုံ၊ ကိုယ်ပိုင်ကျောင်းများနှင့် ကုန်စည်ဒိုင်များက သီတင်းကျွတ်ပွဲတော်သို့လာရောက်ကြသည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မုံရွာမြို့ပေါ်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ကျောင်းသား၊ ကျောင်းသူများနှင့် မြို့နေပြည်သူများအား စတုဒိသာမဏ္ဍပ် ၁၇ ခုမှ စားသောက်ဖွယ်ရာများ ကျွေးမွေးဧည့်ခံနေမှုများကို လိုက်လံကြည့်ရှုအားပေးသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် နိုင်ငံကျော်အဆိုတော်များ၏ ဧည့်ခံဖျော်ဖြေနေမှုများကို ဌာနဆိုင်ရာဝန်ထမ်းများ၊ မုံရွာမြို့ပေါ်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ကျောင်းသား၊ ကျောင်းသူများနှင့် မြို့နေပြည်သူများ တပျော်တပါး ပျော်ရွှင်စွာ အားပေးနေမှုများကို ကြည့်ရှုအားပေးကြသည်။

အလားတူ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် သီတင်းကျွတ်လပြည့်နေ့ ညနေပိုင်းကလည်း ပြည်သူ့ဥယျာဉ်အနီးရှိ "အောင်ဆုပန်" စေတီတော်ကြီး၌ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်နေပြည်သူများနှင့်အတူ ဆီမီး ၂၅၀၀ ကို တပျော်တပါး ထွန်းညှိပူဇော်ကြသည်။

ထို့နောက် မုံရွာမြို့ ပြည်သူ့ဥယျာဉ်အတွင်း တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်နေပြည်သူများနှင့်အတူ မီးပုံးပျံအလုံး ၁၀၀၀ ကိုတပျော်တပါး လွှတ်တင်ကြပြီး မီးရှူးမီးပန်းများပစ်ဖောက်ကာ ဌာနဆိုင်ရာများမှ ဝန်ထမ်းများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ထို့နောက် အဆိုပါပြည်သူ့ဥယျာဉ်အတွင်း သီတင်းကျွတ်လပြည့်နေ့ အထိမ်းအမှတ် ဌာနဆိုင်ရာဝန်ထမ်းများ၊ မုံရွာမြို့ပေါ်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ကျောင်းသား၊ ကျောင်းသူများနှင့် မြို့နေပြည်သူများ အေးချမ်းသာယာစွာ ဘဝအမောများ ပြေပျောက်စေရန်အတွက် နိုင်ငံကျော်အဆိုတော်များ၏ ဖျော်ဖြေနေမှုများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နေပြည်သူ ၅၀၀၀၀ ကျော် တပျော်တပါး ပျော်ရွှင်စွာပါဝင်ဆင်နွှဲနေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်းသိရသည်။



**အေးသန္တာ**

# ၂၀၂၅ ခုနှစ် သီတင်းကျွတ်ဈေးရောင်းပွဲတော်နှင့် ဂီတဖျော်ဖြေပွဲ တတိယရက်တွင် ဈေးလာရောက်ဝယ်ယူသူ ပြည်သူများဖြင့်စည်ကား



ရန်ကုန် အောက်တိုဘာ ၇

၂၀၂၅ ခုနှစ် သီတင်းကျွတ်ဈေးရောင်းပွဲတော်နှင့်ဂီတဖျော်ဖြေပွဲ တတိယရက်တွင် ဈေးလာရောက်ဝယ်ယူသူ ပြည်သူများဖြင့် စည်ကားလျက်ရှိပြီး ယမန်နေ့ညပိုင်းက မီးရှူးမီးပန်းများ ပစ်ဖောက်ခြင်းနှင့် မီးပုံးပျံအသေးများ၊ ရုပ်ပုံမီးပုံးပျံများနှင့် အလှဆင်မီးပုံးပျံကြီးများကို လွှတ်တင်၍ စည်ကားသိုက်မြိုက်စွာကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ရန်ကုန်မြို့နေ အများပြည်သူများနှင့်အတူ ပျော်ရွှင်စွာပါဝင်ဆင်နွှဲကြသည်။

၂၀၂၅ ခုနှစ် သီတင်းကျွတ်ဈေးရောင်းပွဲတော်နှင့်ဂီတဖျော်ဖြေပွဲသို့ ပြည်သူအများအပြား စည်ကားသိုက်မြိုက်စွာ လာရောက်ကြပြီး မီးရှူးမီးပန်းများ ပစ်ဖောက်သည့်အချိန်၊ မီးပုံးပျံများ လွှတ်တင်သည့်အချိန်နှင့် အလှဆင်မီးများဖြင့် အမှတ်တရ ဓာတ်ပုံရိုက်ခြင်း၊ ဆင်များအပျော်စီးခြင်း၊ နိုင်ငံကျော်တေးသံရှင်များက တေးသီချင်းများ၊ ဒီဂျေများဖြင့် ဖျော်ဖြေတင်ဆက်မှုများကို လူငယ်လူရွယ်များက ကြည့်ရှုအားပေး၍ ပျော်ရွှင်စွာ အတူလိုက်ပါသီဆိုကခုန်ခြင်းများဖြင့် ပျော်ရွှင်စွာဆင်နွှဲကြသည်။

ထို့ပြင် လူသုံးကုန်ပစ္စည်း၊ အလှကုန်ပစ္စည်းနှင့် အစားအသောက်စသည်တို့ကို ရောင်းချနေမှုများကိုလည်း ဝယ်ယူအားပေးကြသူများဖြင့် အထူးစည်ကားလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးစိုးသိန်းနှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများက လာရောက်ကြည့်ရှုအားပေးကြသည်။

အဆိုပါဈေးရောင်းပွဲတော်ကိုအောက်တိုဘာလ ၇ ရက်အထိ နံနက် ၈ နာရီမှ ည ၁၀ နာရီအထိ ကျင်းပခဲ့ခြင်းဖြစ်ပြီး အလှူရှင်များက နံနက်၊ နေ့လယ်နှင့် ညပိုင်းများတွင် စတုဒိသာအကျွေးအမွေးများဖြင့် ကျွေးမွေးခဲ့ကာ ညပိုင်းတွင် မီးရှူးမီးပန်းများပစ်ဖောက်ခြင်း၊ မီးပုံးပျံအသေးများ၊ ရုပ်ပုံမီးပုံးပျံများနှင့် အလှဆင်မီးပုံးပျံကြီးများလွှတ်တင်ရာ ပြည်သူများက ဖုန်းများဖြင့် အမှတ်တရအလှဓာတ်ပုံရိုက်ကူး၍ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြောင်းနှင့် ပွဲတော်လာပြည်သူများ သွားလာရေး အဆင်ပြေလွယ်ကူစေရန် အကြို/အပို့ကားများ စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

**ဝန်းရံခ**

○ ကျောဖုံးမှအဆက်

ပြည်သူလူထုလုံခြုံရေးနှင့် လိုအပ်သည့် ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးနိုင်ရေး၊ အစိုးရ၏ အုပ်ချုပ်မှုယန္တရားများဖြစ်သည့် ရုံးများပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ကလေးသူငယ်များ ပညာသင်ကြားနိုင်ရေးအတွက် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေး၊ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် ဆေးရုံများပြန်လည်ဖွင့်လှစ်နိုင်ရေး စသည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။



ကျောင်းအပ်နှံသည့် ကျောင်းသား၊ ကျောင်းသူများအား ဆရာ၊ ဆရာမများက ပညာရေးဝန်ကြီးဌာနမှအခမဲ့ပေးအပ်သည့် ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်စဉ်။



ဌာနဆိုင်ရာ ဝန်ထမ်းများအတွက် ဆန်၊ ဆီနှင့် အခြေခံစားသောက်ကုန်များကို တာဝန်ရှိသူများက ပေးအပ်စဉ်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကျောက်မဲမြို့ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းနေအရွယ်ကလေးများအား တန်းစဉ်အလိုက် စတင်ကျောင်းအပ်လက်ခံခဲ့ရာ ကျောင်းလာရောက်အပ်နှံမှုအနေဖြင့် ကျောင်းသား၊ ကျောင်းသူ ၂၀၆ ဦးရှိကြောင်းသိရှိရသည်။ အဆိုပါ ကျောင်းအပ်နှံသည့် ကျောင်းသား၊ ကျောင်းသူများအား ပညာရေးဝန်ကြီးဌာနမှ အခမဲ့ပေးအပ်သည့် ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့် ထောက်ပံ့ပစ္စည်းများကို တစ်ပါတည်းပေးအပ်ကြပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ဆောင်ရွက်ပေးကြသည်။

ထို့ပြင် ဌာနဆိုင်ရာဝန်ထမ်းများအတွက် စားသောက်နေထိုင်ရေး အဆင်ပြေစေရန်အတွက်ရှမ်းပြည်နယ်အစိုးရအဖွဲ့က လျာဒါန်းသော ဆန်၊ ဆီနှင့် အခြေခံစားသောက်ကုန်များကို တာဝန်ရှိသူများက ပေးအပ်ကြသည်။

၎င်းအပြင်ဒေသခံပြည်သူများ၏ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့် တပ်မတော်မှ ဆရာဝန်များ၊ သူနာပြုများ ပူးပေါင်း၍ အောက်တိုဘာလ ၅ ရက်မှစတင်၍ကျောက်မဲမြို့ လာဘမုနိတရုတ်ဘုံကျောင်း၌ ယာယီဆေးရုံဖွင့်လှစ်ပြီး ဆေးကုသပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အထိ ဒေသခံတိုင်းရင်းသားပြည်သူ ၁၆၉ ဦးတို့ကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ကျောက်မဲမြို့နယ် တည်ငြိမ်အေးချမ်းသာယာရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ အေးချမ်းစွာလူမှုစီးပွားဘဝ



ကျန်းမာရေးဝန်ကြီးဌာနနှင့် တပ်မတော်မှဆရာဝန်များ၊ သူနာပြုများပူးပေါင်း၍ ယာယီဆေးရုံဖွင့်လှစ်ပြီး ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

လုပ်ကိုင်စားသောက်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးတာဝန်များကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

# ၂၀၂၅ ခုနှစ် (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲ စတင်ကျင်းပ
















နေပြည်တော် အောက်တိုဘာ ၇

၂၀၂၅ ခုနှစ် (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲကို ယနေ့ နံနက်ပိုင်းမှစတင်ပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာများတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ယနေ့တွင် "မဟာဂီတ" တေးသီချင်း အဆိုပြိုင်ပွဲကို အမျိုးသားပြတိုက် (နေပြည်တော်) ရှိ Mini Theatre ၌ ကျင်းပရာ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက သာဆန်းရဂုံဘွေ့(ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက ဇမ္ဗူရောင်ကွန့်(ဘွဲ့) သီချင်းဖြင့်လည်းကောင်း သီဆိုယှဉ်ပြိုင်ကြသည်။

"ခေတ်ဟောင်း/ကာလပေါ်"တေးသီချင်း အဆိုပြိုင်ပွဲကို အမျိုးသားစာကြည့်တိုက် (နေပြည်တော်) ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်း ဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ အနန္တငါးဖြာသီချင်းဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်း ဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက ရိပ်မြိုင်ရေချမ်းမေတ္တာစမ်းသီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက ဒိုးကလေးသီချင်းဖြင့်လည်းကောင်း သီဆိုယှဉ်ပြိုင်ကြသည်။

ထို့ပြင် အကပြိုင်ပွဲကို ဆင်ဖြူရှင်ခန်းမ၌ ကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသားပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း ကကြိုးကကွက်စုံလင်စွာဖြင့် ယှဉ်ပြိုင်ကြသည်။

ထို့အတူ အရေးပြိုင်ပွဲကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ အဆင့်မြင့်ပညာ (အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲတွင် ကယားပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "လူချွန်လူကောင်းတို့ဂုဏ်ရည်" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အခြေခံပညာ (အသက် ၁၅ နှစ်မှ ၂၀ အတွင်း ) အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ကျောင်းနေစဉ်" ခေါင်းစဉ်ဖြင့်လည်းကောင်း ဂီတရသစုံလင်စွာ ဖော်ကျူးတေးဖွဲ့ယှဉ်ပြိုင်ကြသည်။

အလားတူ တယောအတီးပြိုင်ပွဲကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ လေ့ကျင့်ရေးဇာတ်ရုံ၌ကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက ဝေဘာဂီရိ (ကြိုး)သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက တိမ်တမန် (ကာလပေါ်) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက မဟာဇနက (ခေတ်ဟောင်းကာလပေါ်) သီချင်းဖြင့်လည်းကောင်း သာယာငြိမ့်ညောင်းစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

ထို့အတူ ဆိုင်းတစ်ဦးချင်းအတီးပြိုင်ပွဲကို ပုဗ္ဗသီရိခန်းမ၌ကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း ) အမျိုးသားပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "စိမ်းလဲ့လဲ့ညိုပြာ(ကြိုး)"သီချင်းဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မြန်မြေနယ် ဇမ္ဗူပါ(မြင်းခင်း)" သီချင်းဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မြန်မြေနယ်ဇမ္ဗူပါ(မြင်းခင်း)" သီချင်းဖြင့် လည်းကောင်း မြိုင်မြိုင်ဆိုင်ဆိုင် တီးခတ်ယှဉ်ပြိုင်ကြသည်။

ထိုသို့ သတ်မှတ်နေရာများအလိုက်ပြိုင်ပွဲဝင်များ၏ယှဉ်ပြိုင်နေမှုများကို ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများက လာရောက်ကြည့်ရှုအားပေးကြသည်။

၂၀၂၅ ခုနှစ် (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲကို မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းဒေသကြီး/ပြည်နယ် အဆင့်၊ ဗဟိုအဆင့်ဟူ၍ အဆင့်ဆင့်ကျင်းပခဲ့ခြင်းဖြစ်ပြီး ဗဟိုအဆင့်ပြိုင်ပွဲတွင် အခြေခံပညာ (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)၊ အခြေခံပညာ(အသက် ၁၅ နှစ်မှ ၂၀ အတွင်း)၊ အဆင့်မြင့်ပညာအဆင့် ဟူ၍ အဆင့်သုံးဆင့်တို့တွင်ပြိုင်ပွဲဝင် ၁၆၆၁ ဦးပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကာ အကဲဖြတ်ပညာရှင် ၁၀၇ ဦးဖြင့် စနစ်တကျ စိစစ်အကဲဖြတ်အမှတ်ပေးသွားကြမည်ဖြစ်ကြောင်းသိရသည်။

မြဝတီ

# တူယှဉ်ဆင်နွှဲ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

မောင်လေပြေ(တောင်တွင်း)

**စာပေဝတ္ထု၊ ရတုကဗျာ**
**ပျို့လင်္ကာနှင့်၊ သာသည့်သီချင်း**
**အဲစောင်းငြင်းနှင့်၊ မကင်းမပြတ်**
**ဖတ်ရွတ်လေ့ကျက်၊**
**တီးမှုတ်လျက်သာ နေကောင်းစွာ။**
**(ဝန်ကြီးပဒေသရာဇာ)**

စာရေးသူငယ်စဉ်က အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်ရန်အတွက် သီချင်းတိုက်လေ့ကျင့်တိုင်း မဟာဂီတ (နိုင်ငံတော်မူ) သီချင်းစာအုပ်ကျောဖုံးပေါ်ရှိ ကုန်းဘောင်ခေတ်စာဆိုတော်ဝန်ကြီးပဒေသရာဇာ ရေးသားခဲ့သောကဗျာလေးကိုမြင်ပါများ၍ အလွတ်ရနေခဲ့သည်။ ယခုလည်း (၂၆) ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး၏ ပြိုင်ပွဲဝင်အဆင့်အလိုက် စံသီချင်းသတ်မှတ်မှုများကိုကြည့်ကာ လွန်ခဲ့သောဆယ်စုနှစ် နှစ်ခုကျော်ကာလများဆီသို့ အတွေးပုံရိပ်များ ပြန်လည်ရောက်ရှိသွားသည်။

မြန်မာနိုင်ငံသည် ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးအပေါင်းတို့သည် မိမိတို့ပိုင်ဆိုင်ထားကြသည့် ဘိုးဘေးအစဉ်အဆက်အဆင့်ဆင့် လက်ဆင့်ကမ်းထိန်းသိမ်းခဲ့ကြသော ဂုဏ်ယူဖွယ်ရာယဉ်ကျေးမှုအမွေအနှစ်များကို ရှေ့ဆက်၍ လက်ဆင့်ကမ်းထိန်းသိမ်းကြရမည်ဖြစ်သည်၊ ခေတ်ကာလများ မည်သို့ပင်ရွေ့လျားပြောင်းလဲစေကာမူ မြန်မာတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာများ မေးမှိန်ပျောက်ကွယ်မသွားအောင် လက်ဆင့်ကမ်းထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်သည်။ ထို့ပြင် မျိုးဆက်သစ်များအနေဖြင့် မြန်မာ့ဂီတ၊ မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကိုလက်ဆင့်ကမ်းကာ ထိန်းသိမ်းကြရမည်ဖြစ်သည်။

စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေးသည်အရေးကြီးသကဲ့သို့ တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာခြင်း၊ အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ခြင်း စသည်တို့မှာလည်း နိုင်ငံသူနိုင်ငံသားတိုင်း၏ တာဝန်များပင်ဖြစ်သည်။

အထက်ပါတာဝန်အချက်များ ကျေပွန်နိုင်မည့်အခွင့်အရေးအပြင် မြန်မာ့ရိုးရာယဉ်ကျေးမှုကို လေးစားချစ်ခင်ကြသော တိုင်းရင်းသားပြည်သူများ မျှော်လင့်နေကြသည့် (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊




အတီးပြိုင်ပွဲကြီးကို အောက်ပါဦးတည်ချက် (၄)ရပ်ဖြင့် ကျင်းပမည်ဖြစ်သည်–

၁။ မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် အမျိုးသားယဉ်ကျေးမှုလက္ခဏာများကို ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်နိုင်ရေး၊
၂။ ပြည်ထောင်စုသွေးချင်းများ၏သွေးစည်းညီညွတ်သည့်စိတ်ဓာတ်နှင့် အမျိုးသားစည်းလုံးညီညွတ်မှုစိတ်ဓာတ်တို့ကို မြန်မာ့အနုပညာဖြင့် ဖော်ထုတ်ပြသနိုင်ရေး၊
၃။ မြန်မာ့ရိုးရာအနုပညာရပ်များကို မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းအမွေပေးအပ်နိုင်ရေး၊
၄။ နိုင်ငံတော်၏လူမှုစီးပွားရေးဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ယဉ်ကျေးမှုနှင့် အနုပညာ၏ အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

၁၉၉၃ ခုနှစ်မှစတင်၍ ၂၀၁၆ ခုနှစ်အထိ နှစ်စဉ်ကျင်းပခဲ့သော မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို အကြောင်းအမျိုးမျိုးကြောင့် ရပ်ဆိုင်းထားရာမှ ၂၀၂၂ ခုနှစ်တွင် (၂၃) ကြိမ်မြောက်အဖြစ် ပြန်လည်ကျင်းပခဲ့သည်၊ ၂၀၂၅ ခုနှစ်ဆိုလျှင် (၂၆) ကြိမ်မြောက် ရှိပြီဖြစ်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ကျင်းပခြင်းအားဖြင့် လူငယ်မျိုးဆက်သစ်များသည် တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးမှုမှ လွတ်ကင်းပြီး ဇာတိသွေး၊ ဇာတိမာန်ထက်သန်ကာ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်များ ရှင်သန်ထက်မြက်စေမည်ဖြစ်သည်။ မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု၊ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာ့သုခုမပညာရပ်များသည် လူငယ်များ၏နှလုံးသား၌ ပိုမိုအားကောင်းရှင်သန်လာမည်ဖြစ်သည်၊ ခေတ်ကာလရေစီးကြောင်းတိုက်စားဖြိုဖျက်ခြင်းကြောင့် ပျက်ယွင်းလာနိုင်သည့် မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို လက်ဆင့်ကမ်းကာထိန်းသိမ်းစောင့်ရှောက်လိုစိတ်များ ပိုမိုအားကောင်းလာမည်ဖြစ်သည်။ ထို့ပြင် နူးညံ့သိမ်မွေ့ပြီး ယဉ်ကျေးသော မျိုးဆက်သစ်များလည်း ဖြစ်ထွန်းပေါ်ပေါက်လာနိုင်မည်ဖြစ်သည်။ ယခုအခါ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသော ပြိုင်ပွဲဝင်များသည် အနုပညာနယ်ပယ်တွင် အောင်မြင်မှုများရရှိကာ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို လက်ဆင့်ကမ်းထိန်းသိမ်းနိုင်ခဲ့ကြပြီဖြစ်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို ၁၉၉၃ ခုနှစ်မှစတင်၍ နှစ်စဉ်ကျင်းပခဲ့သည်။ ပြိုင်ပွဲကြီးစတင်ကျင်းပသည့်နှစ်မှစ၍ (၁၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအထိသည် ရန်ကုန်မြို့တွင်ကျင်းပခဲ့ပြီး ၂၀၀၆ ခုနှစ် (၁၄) ကြိမ်မြောက်မှစတင်၍ နေပြည်တော်သို့ပြောင်းရွှေ့ကျင်းပခဲ့သည်။ ၂၀၁၀ ပြည့်နှစ်တွင် နိုင်ငံတော်၌ ရွေးကောက်ပွဲကျင်းပခြင်းကာလဖြစ်သဖြင့် နှစ်စဉ်ကျင်းပမြဲဖြစ်သော မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို မကျင်းပနိုင်ဘဲ ၁ နှစ်ရပ်ဆိုင်းခဲ့ပြီး ၂၀၁၁ ခုနှစ်တွင် (၁၈) ကြိမ်မြောက်ပြိုင်ပွဲအဖြစ်လည်းကောင်း၊ ၂၀၁၂ ခုနှစ်တွင် (၁၉) ကြိမ်မြောက် ပြိုင်ပွဲအဖြစ်လည်းကောင်း နေပြည်တော်၌ ဆက်လက်ကျင်းပခဲ့သည်။ ၂၀၁၃ ခုနှစ်တွင် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပချိန်နှင့် တိုက်ဆိုင်နေသောကြောင့် အကြိမ် (၂၀) မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဗဟိုအဆင့်သတ်မှတ်ကျင်းပခဲ့သည်။ ၂၀၁၄ ခုနှစ်တွင်လည်း ASEAN SUMMIT အခမ်းအနားနှင့်တိုက်ဆိုင်နေသောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်ပြိုင်ပွဲများကိုကျင်းပခဲ့ပြီး ၂၀၁၅ ခုနှစ် မေလတွင် (၂၁)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ဗဟိုအဆင့်အဖြစ် နေပြည်တော်၌ ပြန်လည်ကျင်းပခဲ့ရာ ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် (၂၂) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကိုဆက်လက်ကျင်းပခဲ့ပြီးဖြစ်သည်။

၂၀၂၂ ခုနှစ် အောက်တိုဘာလတွင် ကျင်းပခဲ့သော (၂၃)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ယခင်ပြုလုပ်နေကျ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်တို့၌ မပြုလုပ်ဘဲ MICC-2၊ အမျိုးသားစာကြည့်တိုက်(နေပြည်တော်)၊ အမျိုးသားပြတိုက်(နေပြည်တော်)၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှယဉ်ကျေးမှုရတနာခန်းမနှင့် လေ့ကျင့်ရေးဇာတ်ရုံ၊ နေပြည်တော်မြို့တော်ခန်းမလဟာပြင်ဇာတ်ရုံ စသည့်နေရာသစ်များသို့ ပြောင်းရွှေ့ကျင်းပခဲ့ခြင်းဖြစ်သည်။ နိုင်ငံတော်အဆင့် ပြိုင်ပွဲကျင်းပမည့်ရက်များကို အောက်တိုဘာလ သီတင်းကျွတ်ကျောင်းပိတ်ရက်များတွင် ကျင်းပခဲ့သည်။

မြန်မာတိုင်းရင်းသားတို့သည် တိုင်းပြည်ချစ်စိတ်၊ မြန်မာ့ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးစိတ်၊ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့်ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတို့ကို ဖြစ်ပေါ်အားကောင်းစေရန်အတွက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ကျင်းပခြင်းဖြစ်သည်။ မြန်မာတို့၏အနှစ်သာရ မြန်မာ့ဂီတ၊ မြန်မာ့အက၊ မြန်မာ့တူရိယာအစုံအလင်ဖြင့် နိုင်ငံတွင်း မှီတင်းနေထိုင်ကြသော မြန်မာတိုင်းရင်းသားပေါင်းစုံက ခုံမင်နှစ်သက်ဖွယ် တင်ဆက်ယှဉ်ပြိုင်ကြသည့် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးတွင် တူယှဉ်တွဲပျော်ဆင်နွှဲနိုင်ပါစေကြောင်း ဆန္ဒပြုတင်ပြလိုက်ရပါသည်။ ။

## မဲဆန္ဒရှင်တစ်ဦးရှောင်ရန်အချက်များ

**(အီလက်ထရောနစ်မဲပေးစက်ဖြင့် ဆန္ဒမဲပေးခြင်း)**

- မဲရုံအတွင်းသို့ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အမျိုးသားမှတ်ပုံတင်ကတ်ပြား၊ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရလက်မှတ်မှအပ မသက်ဆိုင်သည့်ပစ္စည်းများ ယူဆောင်မလာရ၊
- ဆန္ဒပြုစက်ပေါ်ရှိ မိမိမဲပေးလိုသော လွှတ်တော်ကိုယ်စားလှယ်လောင်း၏အမည်နှင့် သင်္ကေတအမှတ်အသား တည့်တည့်တွင်ရှိသော ဆန္ဒပြုခလုတ်ကို တစ်ကြိမ်သာနှိပ်၍ ဆန္ဒပြုရမည်၊ တစ်ကြိမ်ထက်ပို၍ မနှိပ်ရ၊ ခလုတ်တစ်ခုထက်ပို၍ ခလုတ်နှစ်ခု၊ သုံးခုတစ်ပြိုင်တည်း မနှိပ်ရ၊
- ဆန္ဒပြုခန်းအတွင်း၌ မဲပေးစက်၏ စက်အစိတ်အပိုင်းတစ်ခုခုကို မဲပေးခြင်းနှင့်မသက်ဆိုင်သော ဆောင်ရွက်မှုတစ်ခုခုမပြုလုပ်ရ၊
- ဆန္ဒပြုခန်းအတွင်း၌ မဲပေးစက်၏ စက်အစိတ်အပိုင်းတစ်ခုခုကို တစ်နည်းနည်းဖြင့် အနှောင့်အယှက်ပြုခြင်းမပြုလုပ်ရ၊
- ဆန္ဒပြုခန်းအတွင်း၌ အချိန်ကြာမြင့်စွာ ဆောင်ရွက်ခြင်းမပြုလုပ်ရ၊
- ရွေးကောက်ပွဲတစ်ခုခုတွင် လွှတ်တော်မဲဆန္ဒနယ် တစ်နယ်ထက်ပိုသော မဲဆန္ဒနယ်များအတွက် ဆန္ဒမဲမပေးရ၊ မိမိဆန္ဒမဲပေးပိုင်ခွင့်ရှိသော လွှတ်တော်မဲဆန္ဒနယ်အတွက် တစ်ကြိမ်ထက်ပို၍ ဆန္ဒမဲပေးခြင်းမပြုရ၊
- သူတစ်ပါးအယောင်ဆောင်၍ ဆန္ဒမဲပေးခြင်းမပြုရ၊
- ကိုယ်စားလှယ်စေလွှတ်၍ ဆန္ဒမဲမပေးရ၊
- သူတစ်ပါးကိုယ်စားမဲမပေးရ။

**“ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲဖြင့်သာဖော်ဆောင်နိုင်မည်”**
**“လွတ်လပ်မျှတ၊ မဲပေးကြ”**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၈-၁၀-၂၀၂၅(ဗုဒ္ဓဟူးနေ့)

၁။ ၀၆:၀၀ တရားတော်
၂။ ၀၈:၀၀ မောင်မယ်လေးများသိစေချင်
၃။ ၀၉:၀၀ ကျန်းမာသုတ
၄။ ၁၀:၀၀ သီချင်းလက်ဆောင်
၅။ ၁၂:၀၀ ရှေးမြန်မာမင်းများ၏ ခေါင်းဆောင်မှု
၆။ ၁၉:၀၀ **ရုပ်မြင်သံကြားဇာတ်လမ်း ကမ္ဘာတည်သရွေ့ရှိနေမည့် ငါတို့ရဲ့အမွေ (အပိုင်း–၁) သရုပ်ဆောင်– ဟိန်းကိုကိုကျော်၊ သင်ဇာမြင့်မိုရ် ဒါရိုက်တာ–ကျော်နှင်းဆီ**

## သဇင်(FM)အသံလွှင့်အစီအစဉ်

၈-၁၀-၂၀၂၅(ဗုဒ္ဓဟူးနေ့)

၁။ ၀၉:၀၀ Market News
၂။ ၁၁:၅၀ နွယ်မြက်သစ်ပင်ဆေးဖက်ဝင်
၃။ ၁၃:၀၀ ပြည်သူ့ကြားက ပြည်သူ့စကား
၄။ ၁၄:၅၀ ဖတ်သမျှ မှတ်သမျှ
၅။ ၁၅:၃၅ Happy Zone
၆။ ၂၁:၄၀ ချောက်ချောက်ချားချား ဖြစ်ရပ်များ

# MSME ထုတ်ကုန်များရောင်းချနေမှုနှင့် ပထမအကြိမ် မဲစာရင်းကပ်ထားကြေညာထားရှိမှု နေပြည်တော်ကောင်စီဥက္ကဋ္ဌ ကြည့်ရှုစစ်ဆေး



နေပြည်တော် အောက်တိုဘာ ၇

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များ နေပြည်တော်၏ ဒေသထွက်ကုန်များ အဆင်ပြေချောမွေ့စွာ ဝယ်ယူနိုင်စေရန် ခင်းကျင်းရောင်းချထားသည့် နေပြည်တော်ဒေသထွက်ကုန်နှင့် လက်ဆောင်ပစ္စည်းအရောင်းဆိုင်၊ မြန်မာ့ဆေးဝါးလုပ်ငန်း(BPI) ဆေးဝါးအရောင်းဆိုင်၊ ထုတ်ကုန်ပစ္စည်းအရောင်းဆိုင်၊ လူသုံးကုန်ပစ္စည်းအရောင်းဆိုင်၊ ပြည်တွင်းဈေးကွက်ချိတ်ဆက်ရေးအတွက် လက်လီလက်ကားရောင်းချသူများနှင့် ကုန်ထုတ်သမဝါယမအသင်းများ၏ ထုတ်ကုန်ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ပုဗ္ဗသီရိမြို့နယ် ဖြူတ်ခွဲကျေးရွာနှင့် ဇမ္ဗူသီရိမြို့နယ် ဘောဂသိဒ္ဓိရပ်ကွက်တို့သို့သွားရောက်ပြီး ရပ်ကွက်/ ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတို့ အခြေခံ မဲဆန္ဒရှင်စာရင်းများ ပထမအကြိမ် ကပ်ထားကြေညာထားရှိမှု၊ ဒေသခံပြည်သူများမှ မဲစာရင်းလာရောက်ကြည့်ရှုရာတွင် လွယ်ကူအဆင်ပြေစေရေး ကူညီဆောင်ရွက်ပေးနေမှု၊ မဲစာရင်းလာရောက်ကြည့်ရှုရာတွင် မိမိအမည်မဲစာရင်းတွင် မပါဝင်ပါက ပုံစံ (၃) ဖြင့် မဲစာရင်းတွင် အမည်ထည့်သွင်းတောင်းဆိုနိုင်ရေး၊ မဲစာရင်းတွင် မပါဝင်သင့်သူများတွေ့ရှိပါက ပုံစံ(၄)ဖြင့် ကန့်ကွက်နိုင်ရေး၊ မဲစာရင်းပါအချက်အလက်များ မှားယွင်းနေပါက ပုံစံ(၄-က)ဖြင့် ပြင်ဆင်လွှာတင်သွင်းနိုင်ရေးတို့အတွက် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲရုံးများမှ လိုအပ်သော ပုံစံများ ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် (၁၀၅) ကြိမ်မြောက် မြို့နယ်လုံးဆိုင်ရာ နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓရုပ်ပွားတော်များ ဒေသစာရီကြွချီပူဇော်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ဝတ်အသင်းအဖွဲ့များ၊ အလှူရှင်များ၊ ဒေသခံပြည်သူများနှင့်အတူ ပျဉ်းမနားမြို့နယ် နှစ်ကျိပ်ရှစ်ဆူမြတ်စွာဘုရားများ စံကျောင်းတော်ဓမ္မာရုံ၌ ကျင်းပသည့် ပျဉ်းမနားမြို့(၁၀၅)ကြိမ်မြောက် မြို့နယ်လုံးဆိုင်ရာ နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓရုပ်ပွားတော်များ ဒေသစာရီကြွချီလှည့်လည်ပူဇော်ပွဲဖွင့်ပွဲ အခမ်းအနားကိုတက်ရောက်၍နေပြည်တော်ကောင်စီဥက္ကဋ္ဌက နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓရုပ်ပွားတော်များ ဒေသစာရီကြွချီလှည့်လည်ပူဇော်ပွဲအတွက် နေပြည်တော်ကောင်စီမှ လှူဒါန်းသည့် အလှူငွေကျပ် သိန်း ၃၀ ကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် (၁၀၅) ကြိမ်မြောက် ပျဉ်းမနားမြို့နယ်လုံးဆိုင်ရာ နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်များ ဒေသစာရီကြွချီလှည့်လည်ပူဇော်ပွဲအခမ်းအနားကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဝင်များ၊ ဒုတိယမြို့တော်ဝန်နှင့် ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓရုပ်ပွားတော်များအား ဖူးမြော်ကြည်ညို၍ အလှူငွေများနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြကြောင်းသိရသည်။

**အောင်သူရဦး(ဒက္ခိဏ)**

# သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)၌ ပဲခူးမြို့ ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီးအား ဆီမီး ၁၀၀၀၀ ဆက်ကပ်လှူဒါန်းပူဇော်



ပဲခူး အောက်တိုဘာ ၇

ပဲခူးမြို့ ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး၌ ယမန်နေ့ ညပိုင်း အဘိဓမ္မာအခါတော်နေ့တွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ ဆီမီး ၁၀၀၀၀ ဆက်ကပ်လှူဒါန်းပူဇော်ပွဲအား စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီးအား နမောတဿ သုံးကြိမ်ရွတ်ဆိုကန်တော့ကာ ဆီမီး ၁၀၀၀၀ အား စတင်မီးထွန်းညှိပူဇော်ကြသည်။

ထို့နောက်တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများက ဆီမီးများထွန်းညှိကြပြီး ရောင်စုံမီးပုံးပျံများလွှတ်တင်ပူဇော်၍ တေးညွှန့်မင်္ဂလာတေးဂီတအဖွဲ့က ငြိမ့်ညောင်းသာယာသောဓမ္မတေးများဖြင့် သီဆိုပူဇော်ကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ရတနာမိုးဆင်အကအဖွဲ့နှင့် တေးညွှန့်မင်္ဂလာတေးဂီတအဖွဲ့တို့ကို ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်သည်။

သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) ညချမ်းအချိန်တွင် ပဲခူးမြို့ ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး၊ ရွှေသာလျောင်းရုပ်ပွားတော်မြတ်ကြီး၊ ကျိုက်ပွန်လေးမျက်နှာဘုရား၊ မဟာစေတီတော်မြတ်ကြီး၊ ရွှေဂူလေးဘုရား၊ ရွှေဂူကြီးဘုရား၊ ကျိုက်ပညာယျစေတီတော်မြတ်ကြီး စသည့် ရှေးဟောင်းသမိုင်းဝင်ဘုရားစေတီများ၌ သီတင်းကျွတ်အခါသမယတွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများနှင့် အထူးစည်ကားသိုက်မြိုက်လျက်ရှိပြီး ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ ပဲခူးမြို့ ရွှေမော်ဓောစေတီတော်မြတ်ကြီးအနီးရှိ သာသနာ့ဗိမာန်နှင့် ပဲခူးမြို့ရှိ ရှေးဟောင်းဘုရားစေတီပုထိုးများ၊ ရပ်ကွက်/ကျေးရွာများအလိုက် စတုဒိသာကျွေးမွေးမှုများဖြင့် ကုသိုလ်ပြုခဲ့ကြကြောင်း သိရသည်။

**မူမူအေး**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၈-၁၀-၂၀၂၅                ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၈၃၀ | ၂၉၄၀ | ၂၉၁၀ | ၂၈၄၀ | ၂၉၅၀ | ၂၉၆၅ | ၂၉၈၀ | ၂၉၀၀ | ၄၅၀၅ | ၃၀၉၀ | ၂၉၁၅ | ၂၉၂၀ | ၂၉၈၅ | ၂၉၅၀ | ၂၉၇၅ | ၃၂၃၀ |
| 95 Ron | ၂၈၉၅ | ၃၀၁၀ | ၂၉၇၅ | ၂၉၁၀ | ၃၀၁၅ | ၃၀၃၀ | ၃၀၅၀ | ၂၉၆၅ | ၄၅၆၀ | ၃၂၆၀ | ၂၉၈၅ | ၂၉၈၅ | ၃၀၅၅ | ၃၀၂၀ | ၃၀၄၀ | ၃၃၀၀ |
| HSD (500 ppm) | ၂၅၄၅ | ၂၆၅၅ | ၂၆၂၅ | ၂၅၆၀ | ၂၆၆၅ | ၂၆၀၀ | ၂၆၉၅ | ၂၆၁၅ | - | ၂၉၁၀ | ၂၆၃၀ | ၂၆၃၅ | ၂၇၀၅ | ၂၆၇၀ | ၂၆၉၀ | ၂၉၄၅ |
| HSD (50 ppm) | ၃၁၁၅ | ၃၂၃၀ | ၃၁၉၅ | ၃၁၃၀ | ၃၂၃၅ | ၃၂၅၀ | ၃၂၆၅ | ၃၁၈၅ | ၄၈၃၀ | ၃၄၈၀ | ၃၂၀၀ | ၃၂၁၅ | ၃၂၇၅ | ၃၂၄၀ | ၃၂၆၀ | ၃၅၂၀ |
| HSD (10 ppm) | ၃၁၁၅ | ၃၂၃၀ | ၃၁၉၅ | ၃၁၃၀ | ၃၂၃၅ | ၃၂၅၀ | ၃၂၆၅ | ၃၁၈၅ | - | ၃၄၈၀ | ၃၂၀၀ | ၃၂၁၅ | ၃၂၇၅ | ၃၂၄၀ | ၃၂၆၀ | ၃၅၂၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၆၄ | ၂၇၅၁ |
| 95 Ron | ၂၇၃၀ | ၂၈၁၈ |
| HSD (500 ppm) | ၂၃၈၈ | ၂၄၆၅ |
| HSD (50 ppm) | ၂၉၄၂ | ၃၀၃၀ |
| HSD (10 ppm) | ၂၉၄၂ | ၃၀၃၀ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် အောက်တိုဘာ ၇

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား၊ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲ၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင်နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မွန်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

(မိုး/ဇလ)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## လှိုင်ကော်မြို့ သမိုင်းဝင်မြို့နာမ်စေတီတော်မြတ်၌ သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) ဆီမီး ၁၀၀၀၀ ကပ်လှူပူဇော်ပွဲ စည်ကားသိုက်မြိုက်စွာကျင်းပ



လှိုင်ကော် အောက်တိုဘာ ၇

ကယားပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ လှိုင်ကော်မြို့ကျက်သရေဆောင် သမိုင်းဝင်မြို့နာမ်စေတီတော်မြတ်၌ သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) ဆီမီး ၁၀၀၀၀ ကပ်လှူပူဇော်ပွဲအခမ်းအနားကို ယမန်နေ့ညပိုင်းက ကျင်းပသည်။

အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ နယ်မြေခံတပ်မှူးတာဝန်ရှိသူနှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၊ ရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့် ဝတ်အသင်းအဖွဲ့များ တက်ရောက်ပူဇော်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ နယ်မြေခံတပ်မှူးတာဝန်ရှိသူနှင့် လူမှုရေးရာဝန်ကြီးတို့က ပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး မြို့နာမ်စေတီတော်မြတ် ဂန္ဓကုဋိတိုက်အတွင်းရှိ မြတ်စွာဘုရားရုပ်ပွားတော်များအား ဆီမီးများကပ်လှူပူဇော်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မြို့နာမ်စေတီတော်မြတ်အထက်ပစ္စယာရှိ ဗုဒ္ဓရုပ်ပွားတော်များအား ဆီမီးကပ်လှူပူဇော်ကြပြီး စေတီတော်ရင်ပြင်တော်နှင့် စေတီတော်ပရဝဏ်အတွင်း သတ်မှတ်နေရာရှိ ဧည့်ပရိသတ်အပေါင်းတို့ကလည်း ဆီမီးများကပ်လှူပူဇော်ကာ စေတီတော်မြတ်အား လက်ယာရစ်လှည့်လည်ပူဇော်ကြသည်။

ထို့နောက် စေတီတော်ပရဝဏ်ကွင်းအတွင်း၌ မီးပုံးပျံများလွှတ်တင်ပူဇော်ခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ပွဲတော်သို့ လာရောက်ဧည့်ခံဖျော်ဖြေကြသော တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ကာ ပြည်နယ်အစိုးရအဖွဲ့က ကုသိုလ်ပြုကျွေးမွေးလျက်ရှိသည့် စတုဒိသာမဏ္ဍပ်များ၌ ပွဲတော်လာဧည့်ပရိသတ်များအား ဧည့်ခံကျွေးမွေးနေမှုများကို လှည့်လည်ကြည့်ရှုအားပေး၍ ကန္တာဟောဝန်ပန်းခြံ ကျောက်သားရင်ပြင်၌ သီတင်းကျွတ်မီးထွန်းပွဲတော် တေးဂီတဖျော်ဖြေပွဲကို ကြည့်ရှုအားပေးသည်။

သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)တွင် လှိုင်ကော်မြို့အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၊ ဘုရားစေတီပုထိုးများတွင် ဥပုသ်သီလဆောက်တည် တရားဘာဝနာပွားများသူများ၊ ဘုရားဖူးဧည့်သည်များ၊ နောင်ယားကန်သာနှင့် ထေးငွားလျားကန်သာတို့တွင် အပန်းဖြေအနားယူသူများဖြင့် စည်ကားများပြားခဲ့ပြီး ညပိုင်း၌ ဘုရားစေတီပုထိုးများ၊ ပြည်နယ်အစိုးရအဖွဲ့ရုံး၊ ဌာနဆိုင်ရာရုံးများနှင့် ရပ်ကွက်များတွင် ဆီမီးများနှင့် လျှပ်စစ်မီးအလှများ ထွန်းညှိပူဇော်ခဲ့ကြကြောင်း သိရသည်။

**ခင်စောတင့်**

## ရခိုင်ပြည်နယ် စစ်တွေမြို့၌ သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) ဆီမီးပူဇော်ပွဲနှင့် မီးပုံးပျံလွှတ်တင်ပွဲကျင်းပ

စစ်တွေ အောက်တိုဘာ ၇

ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) ဆီမီးပူဇော်ပွဲနှင့် မီးပုံးပျံလွှတ်တင်ပွဲကို ယမန်နေ့ညနေပိုင်းက စစ်တွေမြို့ လောကာနန္ဒာစေတီတော်မြတ်ကြီး၊ အတုလမာရဇိန်ပြည်လုံးချမ်းသာဘုရားကြီးနှင့် ရန်ပြေမာန်ပြေဘုရားကြီးတို့၌ ကျင်းပသည်။



အခမ်းအနားသို့ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ပူဇော်ကြပြီး လောကာနန္ဒာစေတီတော်မြတ်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီးများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လောကာနန္ဒာစေတီတော်မြတ်ကြီးရင်ပြင်တော်၌ ဆီမီးပူဇော်ရန်ဆောင်ရွက်ထားရှိမှုကို လှည့်လည်ကြည့်ရှုကြပြီး ဆီမီးပူဇော်ပွဲသို့တက်ရောက်ကြသည့် ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်၍ ပြည်နယ်ဝန်ကြီးချုပ်က ဦးဆောင်ပြီး ဆီမီးထွန်းညှိပူဇော်ပေးကြကာ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများက ဆီမီးထွန်းညှိပူဇော်ကြပြီး စေတီတော်ရင်ပြင်၌ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့်အတူ တပျော်တပါး မီးပုံးပျံများလွှတ်တင်ပူဇော်ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် စစ်တွေမြို့ ဂစ္ဆပရပ်ကွက်ရှိ ရန်ပြေမာန်ပြေဘုရားကြီးနှင့် အတုလမာရဇိန်ပြည်လုံးချမ်းသာဘုရားကြီး၌ ဆီမီးထွန်းညှိပူဇော်ထားမှုကို သွားရောက်ဖူးမြော်ကြပြီး ဘုရားကြီးရင်ပြင်၌ ဒေသခံပြည်သူများနှင့်အတူ မီးပုံးပျံများလွှတ်တင်ပူဇော်ကြသည်။

လောကာနန္ဒာစေတီတော်မြတ်ကြီး၊ အတုလမာရဇိန်ပြည်လုံးချမ်းသာဘုရားကြီးနှင့် ရန်ပြေမာန်ပြေဘုရားကြီးတို့၌ ကျင်းပသော သီတင်းကျွတ်မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပွဲတွင် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများဖြင့် အထူးစည်ကားလျက်ရှိကြောင်းသိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

## ဘားအံမြို့၌ သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)တွင် သံဃပဝါရဏာ သိမ်ဆင်းလောင်းလှူ၊ ဆီမီး ၉၀၀၀ ထွန်းညှိပူဇော် ကောင်းမှုကုသိုလ်ပြုကြသူများဖြင့်စည်ကား



ဘားအံ အောက်တိုဘာ ၇

ပြည်နယ်သြဝါဒါစရိယ ဓမ္မကပင်တောင်ဆရာတော် ဘဒ္ဒန္တကဝိဓဇ အမှူးပြုသော ဆရာတော်၊ သံဃာတော်များသည် ဝါလကင်းလွတ် (သီတင်းကျွတ်လပြည့်နေ့) ယမန်နေ့ မွန်းတည့် ၁၂ နာရီက ဘားအံမြို့ မဲဘောင်ကျောင်းတိုက်၌ သံဃပဝါရဏာပြုတော်မူကြရာ ကရင်ပြည်နယ်အစိုးရအဖွဲ့က ဦးစီး၍ တပည့်ဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များစုပေါင်း၍ သံဃပဝါရဏာသိမ်ဆင်းလောင်းလှူခဲ့ကြသည်။

ဦးစွာ ဘားအံမြို့ မဲဘောင်ကျောင်းတိုက်သိမ်တော်ကြီးအတွင်း ဘားအံမြို့ပေါ်ရှိ ကျောင်းတိုက်အသီးသီးမှ သြဝါဒါဆရာတော်ကြီးများ၊ သံဃာတော်များက ပဝါရဏာပြုတော်မူကြပြီး ပဝါရဏာပြုပြီးသည့် ဆရာတော်၊ သံဃာတော်များအား ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဘားအံမြို့ပေါ်ရှိ စေတနာရှင်၊ အလှူရှင်များက သိမ်ဆင်းလောင်းလှူကြရာ စုစုပေါင်း ရဟန်း၊ သံဃာ၊ သာမဏေ ၃၃၈ ပါးအား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့်နဝကမ္မအလှူငွေများ စုပေါင်းလောင်းလှူခဲ့ကြသည်။

ညပိုင်းတွင် ဆီမီး ၉၀၀၀ ဆက်ကပ်ပူဇော်ပွဲကို ဘားအံမြို့ အမှတ်(၁) ရပ်ကွက် သေဠမာရ်အောင် ဘုရားကြီးရင်ပြင်တော်၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့၊ ဌာနဆိုင်ရာများ၊ ဝတ်အသင်းအဖွဲ့များ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၊ ရဟန်းရှင်လူ၊ ခရီးသွားဧည့်သည် ဘုရားဖူးပြည်သူများပါဝင်ကာ စည်ကားသိုက်မြိုက်စွာ ဆီမီးများ ထွန်းညှိပူဇော်ခဲ့ကြသည်။

သီတင်းကျွတ်လပြည့်နေ့သည် မြန်မာတို့၏အထွတ်အမြတ်ထားရာ နေ့ထူးနေ့မြတ်တစ်နေ့ဖြစ်သည်နှင့်အညီ ဘားအံမြို့တွင် နံနက်ပိုင်းမှစတင်၍ ကျောင်းတိုက်အသီးသီးသို့ ဥပုသ်သီလခံယူဆောက်တည်ရန်သွားရောက်ကြသူများ၊ ပြည်နယ်အစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသော မီးပုံးပျံလွှတ်တင်ပူဇော်ပွဲ၊ သံဃပဝါရဏာသိမ်ဆင်းလောင်းလှူပွဲ၊ ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ပွဲတို့တွင် ပါဝင်ဆင်နွှဲကြသူများ၊ မိဘ၊ ဘိုးဘွား၊ ဆရာသမားများအား လိုက်လံကန်တော့ကြသူများ၊ ကျောင်း၊ ကန်၊ ဘုရား၊ စေတီများတွင် မိသားစုအလိုက်သော်လည်းကောင်း၊ အစုအဖွဲ့များဖြင့်သော်လည်းကောင်း ကောင်းမှုကုသိုလ်ပြုကြသူများ၊ အများပြည်သူဆိုင်ရာနေရာများ( ပန်းခြံ၊ ဈေး၊ ခရီးစဉ်ဒေသများ၊ မုန့်ဈေးတန်းများတွင် ) အနားယူ အပန်းဖြေကြသူများ၊ ရပ်ကွက်အတွင်းရှိ ဌာနဆိုင်ရာအဆောက်အအုံများ၊ လမ်းများ၊ နေအိမ်များတွင် လျှပ်စစ်မီး၊ ဆီမီး၊ ဖယောင်းတိုင်မီးများ ထွန်းညှိပူဇော်ကြသူများဖြင့် အထူးပင် စည်ကားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

### အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့်CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု ထောက်ခံမှု ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်တို့က (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

⭑ **ရှေ့ဖုံးမှအဆက်**

ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့်ဇနီး၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီတို့မှ ကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ အကဲဖြတ်ပညာရှင်ကြီးများ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ နည်းပြများ၊ အထောက်အကူပြုများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်တိုင်းရင်းသား ညီအစ်ကိုမောင်နှမများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယကကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်တို့က (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဆိုင်းဘုတ်အားစက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် အခမ်းအနားဒုတိယပိုင်းကို စတင်ကျင်းပရာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ အနုပညာရှင်ဝန်ထမ်းများက (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုတေးသီချင်းဖြစ်သည့် “အဖွင့်တေးကဗျာ” သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားရာတွင် ခေတ်အဆက်ဆက် မြန်မာဘိုးဘွားတို့၏ တီထွင်ကြိုးပမ်းအားထုတ်မှုနှင့် အစဉ်အလာကောင်းများကြောင့် မြန်မာ့သမိုင်းတစ်လျှောက်တွင် မိမိတို့တိုင်းရင်းသား ညီအစ်ကိုမောင်နှမများသည် ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများဖြင့် ကမ္ဘာ့အလယ်တွင် ထူးထူးခြားခြားထည်ထည်ဝါဝါရပ်တည်နိုင်ခဲ့ကြကြောင်း။

နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ဂုဏ်ဒြပ်နှင့် အဆင့်အတန်းကို ညွှန်းဆိုဖော်ပြရာတွင် ယင်းနိုင်ငံ၊ ယင်းလူမျိုးတို့၏ အနုသုခုမယဉ်ကျေးမှုအဆင့်အတန်းကို သက်တမ်းကြာအောင် ထိန်းသိမ်းစောင့်ရှောက်နိုင်ခဲ့မှုနှင့် ရှေးအစဉ်အလာမပျက်ဖော်ထုတ်ပြသနိုင်မှုသည် အဓိကကျသည့်အချက်ဖြစ်ကြောင်း၊

မိမိတို့နိုင်ငံသည်လည်း ရှေးနှစ်ပေါင်းများစွာကတည်းက တည်တံ့ဖြစ်ထွန်းခဲ့သည့် ယဉ်ကျေးမှုအနုသုခုမပညာရပ်များကို ယနေ့ထက်တိုင် အရှည်တည်တံ့ခိုင်မြဲပြီး ရှေးမူရှေးဟန်မပျက် ဖော်ထုတ်ပြသနေနိုင်သည်မှာ မိမိတို့နိုင်ငံ၏ဂုဏ်သိက္ခာနှင့် အဆင့်အတန်းကို ကမ္ဘာ့အလယ်တွင်ပြသနေခြင်းပင်ဖြစ်ကြောင်း။

မျက်မှောက်ခေတ်တိုင်အောင် မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ပိုင်ဆိုင်ခွင့်ရရှိနေသည်မှာ မြန်မာ့သမိုင်းစဉ်တစ်လျှောက်ဖြတ်သန်းလာခဲ့ကြသည့် မိမိတို့၏ မြန်မာ့ဘိုးစဉ်ဘောင်ဆက်များက ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ပြီး လက်ဆင့်ကမ်းခဲ့ကြသည့် ကျေးဇူးများကြောင့်ပင်ဖြစ်ကြောင်း၊ ရှေးအစဉ်အလာကောင်းများကို အတုယူပြီး မြန်မာတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုအရင်းအမြစ်များ၊ တန်ဖိုးထားမှုစံနှုန်းများ မေးမှိန်ကျဆင်းမသွားအောင် ဆက်လက်ထိန်းသိမ်းမြှင့်တင်ရန်မှာ မိမိတို့အမွေခံမျိုးဆက်သစ်များ၏ အမျိုးသားရေးတာဝန်နှင့် ဝတ္တရားပင်ဖြစ်ကြောင်း။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က အကဲဖြတ်ပညာရှင်များကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

**❖ ခေတ်အဆက်ဆက် မြန်မာဘိုးဘွားတို့၏ တီထွင်ကြိုးပမ်းအားထုတ်မှုနှင့် အစဉ်အလာကောင်းများကြောင့် မြန်မာ့သမိုင်းတစ်လျှောက်တွင် မိမိတို့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများသည် ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများဖြင့် ကမ္ဘာ့အလယ်တွင် ထူးထူးခြားခြားထည်ထည်ဝါဝါရပ်တည်နိုင်ခဲ့ . . .**

**❖ နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ဂုဏ်ဒြပ်နှင့် အဆင့်အတန်းကို ညွှန်းဆိုဖော်ပြရာတွင် ယင်းနိုင်ငံ၊ ယင်းလူမျိုးတို့၏ အနုသုခုမယဉ်ကျေးမှုအဆင့်အတန်းကို သက်တမ်းကြာအောင် ထိန်းသိမ်းစောင့်ရှောက်နိုင်ခဲ့မှုနှင့် ရှေးအစဉ်အလာမပျက်ဖော်ထုတ်ပြသနိုင်မှုသည် အဓိကကျသည့်အချက်ဖြစ် . . .**

**❖ မျက်မှောက်ခေတ်တိုင်အောင် မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ပိုင်ဆိုင်ခွင့်ရရှိနေသည်မှာ မြန်မာ့သမိုင်းစဉ်တစ်လျှောက်ဖြတ်သန်းလာခဲ့ကြသည့် မိမိတို့၏ မြန်မာ့ဘိုးစဉ်ဘောင်ဆက်များက ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ပြီး လက်ဆင့်ကမ်းခဲ့ကြသည့် ကျေးဇူးများကြောင့်ပင်ဖြစ် . . .**

မြန်မာ့ရိုးရာယဉ်ကျေးမှုနယ်ပယ်တွင် အဆို၊ အက၊ အရေး၊ အတီး အနုပညာရပ်များသည် သီးခြားဂုဏ်ရည်၊ သီးသန့်မူဟန်များဖြင့် ဖြစ်ထွန်းနေခြင်းရှိသကဲ့သို့ အဆိုနှင့်အက၊ အကနှင့် အတီး၊ အတီးနှင့် အဆို၊ အဆိုနှင့် အရေးပညာရပ်များသည် တစ်ခုနှင့်တစ်ခုဆက်စပ်လျက်ရှိပြီး အပြန်အလှန်ထိန်းကွပ်မှု၊ အပြန်အလှန်ပံ့ပိုးမှုများဖြင့် တင့်တင့်တယ်တယ် ဆက်စပ်ဖြစ်ထွန်းနေသည်ကိုလည်း တွေ့နိုင်မည်ဖြစ်ကြောင်း။

ယခု (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် မျိုးဆက်သစ်အနုပညာရှင်များသည်လည်း မိမိတို့၏ အနုပညာစွမ်းရည်များကို အားပေးကြည့်ရှုအကဲဖြတ်နေကြသူများနှင့် ပရိသတ်များအတွက် စိတ်ကျေနပ်အားရဖွယ်ဖြစ်အောင် ပေးစွမ်းနိုင်ကြမည်ဟု မျှော်လင့်ကြောင်း၊ ယခုပြိုင်ပွဲကြီးသည် ယှဉ်ပြိုင်မှုသာမက ပြည်နယ်နှင့်တိုင်းဒေသကြီး အနှံ့အပြားတွင် နေထိုင်ကြသည့် ပြည်ထောင်စုသွေးချင်းများ ချစ်ကြည်ရင်းနှီးစွာ ဆုံစည်းနိုင်မှု၊ မိတ်ကောင်းဆွေကောင်းများ တိုးတက်ရရှိမှု၊ ယဉ်ကျေးမှုအနုပညာအသီးသီးကို နီးနှော ဖလှယ်မျှဝေနိုင်မှု စသည့်အကျိုးရလဒ်များမှတစ်ဆင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို တိုးမြှင့်ဖော်ဆောင်နိုင်မည်လည်းဖြစ်ကြောင်း။

ထို့ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများ၏ အောင်မြင်ဖြစ်ထွန်းမှု အရှိန်အဟုန်ကို ထပ်ဆင့်မြှင့်တင်နိုင်စေရန်နှင့် ယခုကျင်းပသည့် (၂၆)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို ရည်မှန်းချက်များနှင့်အညီ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်စေရန် ဌာနဆိုင်ရာအသီးသီးက တာဝန်ရှိသူများ၊ ဝါရင့်သမ္ဘာရင့် အနုပညာရှင်ကြီးများ၊ အကဲဖြတ်အဖွဲ့ဝင် အနုပညာရှင်ကြီးများ၊ ပြိုင်ပွဲဝင် အနုပညာရှင်များနှင့် အနုပညာမြတ်နိုးသူ ပရိသတ်များအားလုံးက တူညီသည့်စိတ်ထားနှင့် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းမေတ္တာရပ်ခံလိုကြောင်း။

တာဝန်ရှိသူများနှင့် အနုပညာရှင်များကို တိုက်တွန်းပြောကြားလိုသည်မှာ **မြန်မာလူမျိုးတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်အနုပညာနှင့် ကိုယ်ပိုင်အမျိုးသားရေးလက္ခဏာများ ခိုင်ခိုင်မာမာဆက်လက်ရှင်သန်ဖွံ့ဖြိုးစေရေးအတွက် အနုပညာစွမ်းပကားနှင့် စွမ်းဆောင်ပေးကြရန်၊ နှစ်ပေါင်းထောင်ချီပြီး ခမ်းနားထည်ဝါစွာ ဖွံ့ဖြိုးစည်ပင်ခဲ့သည့် မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာစစ်စစ်ကို မြတ်နိုးထိန်းသိမ်းရင်း မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ် အစဉ်ထာဝရနိုးကြားရှင်သန်နေရအောင် အနုပညာစွမ်းပကားနှင့် စွမ်းဆောင်ပေးကြရန်၊ တိုင်းတစ်ပါးယဉ်ကျေးမှုများ လွှမ်းမိုးမှုမရှိစေရေးနှင့် မျိုးဆက်သစ်လူငယ်များကို ယဉ်ကျေးသိမ်မွေ့ပြီး အမျိုးသားရေးစိတ်ဓာတ်ကိုယ်ခံစွမ်းအားများ ပြည့်ဝခိုင်မာအောင် အနုပညာစွမ်းပကားဖြင့် စွမ်းဆောင်ပေးကြရန်၊** ယခုကျင်းပမည့် (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကိုကျင်းပရသည့် ဦးတည်ချက် (၄)ရပ်နှင့်အညီ အောင်မြင်အောင် ကြိုးစားဆောင်ရွက်ပြီး ယဉ်ကျေးမှုအမွေ မျှဝေပေးကြရန် မေတ္တာရပ်ခံတိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က ပြိုင်ပွဲကျင်းပရန် စီစဉ်ဆောင်ရွက်ထားရှိမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး၊ အဖွဲ့ဝင်များသည် အကဲဖြတ်ပညာရှင်များကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

(၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် အမျိုးသားယဉ်ကျေးမှုလက္ခဏာများကို ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်နိုင်ရေး၊ ပြည်ထောင်စုသွေးချင်းများ၏ သွေးစည်းညီညွတ်သည့်စိတ်ဓာတ်နှင့် အမျိုးသားစည်းလုံးညီညွတ်မှုစိတ်ဓာတ်တို့ကို မြန်မာ့အနုပညာဖြင့် ဖော်ထုတ်ပြသနိုင်ရေး၊ မြန်မာ့ရိုးရာအနုပညာရပ်များကို မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်း အမွေပေးအပ်နိုင်ရေး၊ နိုင်ငံတော်၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ယဉ်ကျေးမှုနှင့် အနုပညာ၏ အခန်းကဏ္ဍမှ တစ်တပ်တစ်အားပူးပေါင်းပါဝင်ဆောင်ရွက်ရေး စသည့်ဦးတည်ချက် (၄)ရပ်ဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing addresses opening ceremony of the 26th Myanmar Traditional Cultural Performing Arts Competitions



Acting President of the Republic of the Union of Myanmar Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing delivers an address at the opening ceremony of the 26th Myanmar Traditional Cultural Performing Arts Competitions.

NAY PYI TAW October 7

The opening ceremony of the 26th Myanmar Traditional Cultural Performing Arts Competitions took place at Myanmar International Convention Center-I in Nay Pyi Taw this morning, with an address delivered by Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing.

Also present were Daw Kyu Kyu Hla, wife of the Senior General, SSPC Vice Chairman Vice-Senior General Soe Win and wife Daw Than Than Nwe, SSPC member Prime Minister U Nyo Saw and wife, SSPC Secretary Joint Executive Chief General Ye Win Oo and wife, SSPC members and wives, union level dignitaries, union ministers and wives, the Nay Pyi Taw Council chair, senior military officers from the Office of the Commander-in-Chief, the Nay Pyi Taw Command commander, deputy ministers, senior military officers from the Office of the Commander-in-Chief, members of the steering committee, work committee and subcommittees to hold the competitions, region/state ministers, judges, managers, coaches, supporters, national races contestants from regions and states and officials.

SSPC Vice Chairman Vice-Senior General Soe Win, Patron of the Steering Committee SSPC member Prime Minister U Nyo Saw and Chair of the Steering Committee Union Minister for Religious Affairs and Culture U Tin Oo Lwin formally opened the ceremony.

Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing unveiled the signboard of the competitions by pushing a button.

The second part of the ceremony was opened with a song, "Aphyint-tay-kabya", commemorating the 26th Myanmar Traditional Cultural Performing Arts Competitions.

In his keynote address, the Senior General said in this world, the national brethren of the country are able to stand with pride and uniqueness throughout the course of history, with their own literature, cultural traditions and customs, thanks to the innovations, efforts and honorable mores of the forefathers of the past successive periods.

The ability to preserve the level of their own cultural performing arts for a long time and to demonstrate them in accord with the ancient traditions is the main indicator in showing the prestige and standard of a country and its people. Myanmar has also preserved its age-old cultural performing arts till today, and can expose them in their original form, and this shows its high status and standard on the global stage.

The fact that Myanmar continues to possess its traditional cultural heritage to this day is due to the efforts of ancestors, who throughout Myanmar's history discovered, preserved, promoted, and passed down these traditions. It is therefore the national duty and responsibility of the younger generations, as inheritors of this legacy, to continue preserving and promoting Myanmar's unique cultural roots and values, following the noble customs of the past and ensuring that they do not fade away.

In the realm of Myanmar traditional culture, the arts of singing, dancing, writing, and playing musical instruments each possess their own unique qualities and distinct styles. At the same time, these disciplines—such as singing and dancing, dancing and instrumental music, instrumental music and singing, and singing and



Senior General Min Aung Hlaing and Daw Kyu Kyu Hla cordially greet prominent artists.

See Page - 19

From Page - 18

writing—are closely interrelated. They influence and support one another in mutual harmony, flourishing through their deep and balanced interconnection.

It is also hoped that the new generation of artists participating in the 26th Competition will be able to showcase their artistic talents in a way that brings satisfaction and enjoyment to the judges and audiences. Moreover, this grand competition is not only a contest but also an opportunity for the national brethren from across all states and regions to come together in friendship and harmony, to strengthen bonds of goodwill, and to exchange and share their diverse cultural and artistic traditions. Through these meaningful outcomes, it will also help promote greater unity and solidarity among the national races.

Therefore, in order to further strengthen and enhance the success and momentum of Myanmar's traditional singing, dancing, writing, and instrumental music competitions, and to ensure that the 26th Competition now being held achieves its objectives successfully, it is earnestly urged that all responsible officials from relevant departments, maestros and distinguished artistes, judges, participating performers, and art enthusiasts work together with unity of purpose and collective effort.

It is urged that officials and artistes dedicate their talents and efforts to ensuring the continued vitality and development of the Myanmar people's unique culture, arts, and ethnic identity. They are encouraged to cherish and preserve the authentic Myanmar traditional cultural arts, which have been cultivated magnificently over thousands of years, so that the pride and heritage of the Myanmar people remain alive and vibrant. They should also work to prevent the influence of alien cultures and help the younger generations grow with refined cultural sensibilities and a strong sense of national spirit and resilience. In line with these four objectives, it is earnestly requested that everyone involved strive for the successful organization of the 26th Competition and generously share the nation's cultural heritage.

The Chairman of the Leading Committee Union Minister reported on arrangements for the competition.

After the ceremony, Acting President and SSPC Chairman of the Republic of the Union of Myanmar Senior General Min Aung Hlaing and his wife Daw Kyu Kyu Hla and party cordially greeted maestros.

The 26th Performing Arts Competition is being held in accord with its objectives: to explore, preserve, and enhance Myanmar's national prestige, integrity, and distinctive cultural heritage; to promote and exemplify the spirit of national solidarity and unity through Myanma art; to transmit traditional performing arts to the younger generation; and to function as a national cultural and artistic institution contributing to the State's socioeconomic development.

**100**

# Ayadaw Township plants more than 25,000 acres of pigeon pea this year

AYADAW October 7

A total of 25,435 acres of pigeon pea has been planted in Ayadaw Township of Sagaing Region during this monsoon, according to the statistics of Monywa District Agriculture Department.

In the 2025-2026 monsoon crop cultivation season, local authorities earmarked cultivation of 25,410 acres of pigeon pea crops in Ayadaw Township. Starting from this May, cultivation began, and as of today, 25,435 acres have already been cultivated.

"This year, during the monsoon crop season, the target for pigeon pea cultivation in Ayadaw Township was set at 25,410 acres. As of today, 25,435 acres have already been cultivated, exceeding the target. Efforts are also being made to ensure good yield outcomes for the pigeon pea crops. Pigeon peas are being cultivated both as sole crops and as intercropped or follow-up crops," said Daw San San Myint, Head of the Department of Agriculture for Monywa District.

This year, the Ayadaw Township Department of Agriculture is also providing field-level education to farmers cultivating pigeon peas, focusing on the selection of quality seeds, proper cultivation systems, pest prevention, and achieving high yields.

The Department of Agriculture in Ayadaw Township is also distributing techniques that promote the combined use of natural fertilizer to pigeon pea farmers, so they can reduce the cost of buying compound fertilizers. It is reported that this method helps reduce production costs, keeps crops free from pests, and supports healthy plant growth.

**SK**

# Wetlet Township cultivates more than 120,000 acres of rainfed paddy this year



WETLET October 7

Statistics of Wetlet Township Agriculture Department of Sagaing Region stated that local farmers planted 120,445 acres of rainfed paddy in Wetlet Township this year.

For the 2025–2026 monsoon crop season, a plan was set to cultivate 139,600 acres of rainfed paddy in Wetlet Township. Planting began in June this year, and as of today, 120,445 acres have already been cultivated, according to reports.

"This year, the plan is to grow over 130,000 acres of rainfed paddy in Wetlet Township. So far, more than 120,000 acres have been planted. Efforts are being made to meet the target acreage. The necessary technologies and seed varieties are being provided, and field visits are carried out to help farmers plant rainfed paddy on time," said Daw Khin San, Head of the Wetlet Township Agriculture Department.

This year, during the monsoon crop season, the township agriculture department and local farmers are working together to ensure systematic cultivation of rainfed paddy without difficulties.

In Wetlet Township, paddy farmers are being provided with agricultural techniques, awareness on pest prevention, guidance to minimize crop losses, and advice to keep harvested paddy under proper shelter in a timely manner.

The township agriculture department and staff are also conducting field visits to support farmers in ensuring successful and productive cultivation of rainfed paddy. Technical guidance is being provided on the use of quality and pure seed varieties, pest control, timely weeding, removal of off-types, and systematic use of fertilizers.

**SK**

# Over 10,000 acres of vegetables planted in KhinU Township

KHINU October 7

According to KhinU Township Agriculture Department, local farmers grew 10,441 acres of vegetables as monsoon crops in KhinU Township of Sagaing Region this year.

For the 2025–2026 monsoon crop season, a plan was set to cultivate 10,479 acres of vegetables in KhinU Township. Planting began in May this year, and as of today, a total of 10,441 acres have already been cultivated against the target cultivation, according to reports.

"This year, during the monsoon crop season, the plan is to grow 10,479 acres of vegetables in KhinU Township. So far, 10,441 acres have been planted. Efforts are being made to meet the target acreage. The crops include mustard, chili, condiments, potato, cabbage, eggplant, and cauliflower. Farmers are being provided with technical support to grow all vegetables under the GAP system. They are also being guided to cultivate with minimal use of chemical residues in line with health standards," said U Nay Win Naing, Head of the KhinU Township Agriculture Department.

This year, the township agriculture department is conducting training for farmers to adopt GAP practices in vegetable cultivation, providing technical guidance to ensure harvested crops meet health standards, and assisting farmers in expanding their vegetable farming.

In KhinU Township, seasonal vegetables are cultivated every year. The crops grown have been successful and profitable for households. The township agriculture department is also providing farmers with awareness on proper cultivation methods, pest prevention, the use of natural fertilizers, natural pesticides, and repellents.

**SMK**

# Putin, Netanyahu discuss events in Middle East during phone talks - Kremlin

MOSCOW October 7

Russian President Vladimir Putin held a telephone conversation with Israeli Prime Minister Benjamin Netanyahu and discussed the events in the Middle East, the Kremlin said on Monday.

"Vladimir Putin had a telephone conversation with Prime Minister of the State of Israel Benjamin Netanyahu. The current developments in the Middle East were discussed in detail, including in the context of the plan put forward by the US President for normalization in the Gaza Strip. Vladimir Putin confirmed Russia's unwavering position in favor of a comprehensive settlement of the Palestinian issue on a well-known international legal basis," the statement said.

The leaders also discussed the search for negotiated solutions to the situation around the Iranian nuclear program, the Kremlin added.

"An exchange of views was held on other regional topics. In particular, they expressed interest in finding negotiated solutions to the situation around the Iranian nuclear program and in further stabilization in Syria," the statement said.

Netanyahu expressed his best wishes to Putin on the eve of his birthday, while Putin, in turn, congratulated the Israeli people on the Jewish holiday of Sukkot, the Kremlin added.

**Sputnik**

# Hydropower dam collapses in northern Vietnam



HANOI October 7

A section of the Bac Khe 1 hydropower dam in northern Vietnam's Lang Son Province collapsed on Tuesday afternoon, Vietnam News Agency reported.

The incident was triggered by prolonged rainfall and excessive water pressure following heavy downpours brought by Typhoon Matmo, the 11th storm to hit Vietnam this year, according to local authorities.

Emergency forces including police, military, and rescue teams have been deployed to stabilize the situation and prevent further damage.

So far, no casualties have been reported, while property damage is still being assessed, the report said. **Xinhua**

# Kim sends birthday greetings to Putin

PYONGYANG October 7

North Korean leader Kim Jong-un congratulated Vladimir Putin on his birthday, praising Russia's leadership in building a new multipolar world.

In his message, Kim expressed confidence that the friendship between Pyongyang and Moscow will last forever, highlighting the strong bilateral ties between the two nations.

Kim also promised that both countries would continue to expand and develop their relations in all areas, emphasizing that Pyongyang and Moscow will always stand together.

**Sputnik**

# Thailand floods claim 22 lives, affect 370,000 people

BANGKOK October 7

Floods in Thailand have claimed 22 lives, authorities said on Tuesday, as an estimated 370,000 people across 19 provinces were still battling river overflows and heavy rains.

According to the Department of Disaster Prevention and Mitigation, fatalities have been reported in six provinces, with Uttaradit and Phra Nakhon Si Ayutthaya, north of the capital Bangkok, being among the hardest hit.

Relevant agencies are providing assistance, including distributing food and supplies, evacuating residents, and working to drain floodwaters in the affected areas, the department said in a statement.

**Xinhua**

# At least 3 injured, 4 others missing as building collapses in Madrid

MADRID October 7

A building under renovation partially collapsed in central Madrid on Tuesday, leaving at least three people injured and four others missing, authorities said.

Inmaculada Sanz, deputy mayor of Madrid, told reporters at the scene that the immediate priority is to locate the missing individuals and ensure the safety of all personnel involved in the rescue operation.

The incident occurred shortly after 1:00 p.m. on Calle de las Hileras in the Opera District. Witnesses cited by local media reported hearing a loud crash followed by a cloud of dust and debris filling the street.

According to authorities, the collapse involved the upper floors of a five-story building, including a basement, which gave way progressively downward. The facade remains unstable, posing challenges for emergency teams working on site.

Rescue operations are ongoing as crews carefully navigate unstable structures and large piles of debris. Emergency responders, including firefighters, engineers, medical staff, and psychologists, are assisting victims and supporting affected families, Sanz said.

The cause of the collapse is still under investigation. **Xinhua**

# EU 'shooting itself in the knee' – Slovak PM

MOSCOW October 7

The European Union's attempt to eliminate Russian energy from its market is a self-destructive and dangerous policy, Slovak Prime Minister Robert Fico said Tuesday during the European Nuclear Energy Forum (ENEF) in Bratislava.

In his opening remarks, Fico blasted the REPowerEU initiative – the bloc's plan to completely phase out Russian energy sources – calling it "complete nonsense."

"We are shooting ourselves in the knee," he said. "And I am prepared to argue with the European Commission 24/7 to convince them that it's a senseless ideological step."

Fico emphasized that Slovakia cannot simply stop importing Russian nuclear fuel rods for its Soviet-designed nuclear reactors.

"You wouldn't put an engine from a Mercedes into a Skoda. It doesn't work like that," he remarked, explaining his safety concerns.

Slovakia operates five nuclear reactors and is constructing a sixth at the Mochovce Nuclear Power Plant. Nuclear power currently supplies around 60 percent of the nation's electricity and is essential to its industrial ambitions, including the development of large data centers, Fico noted.

The Prime Minister also announced plans for an additional reactor at the Bohunice Nuclear Power Plant, a project involving an American contractor and potential participation from other nations through a consortium. He pointed out that the US continues to purchase Russian uranium.


A frequent critic of Brussels, Fico argued that the EU's economic plans, such as the 2000 Lisbon Strategy, have repeatedly fallen short of their promises.

Unless the bloc abandons its ideological approach to energy and economic policy, he warned, European nations will lose their competitiveness on the global stage. **RT**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# What are the advantages of a plug-in hybrid vehicle?




The traditional hybrid vehicle mainly uses the engine to provide power, and the battery (or capacitor, etc.) is only used as an energy storage and release device to balance the power demand of the vehicle under different working conditions, so as to make the engine work in the best working condition, so as to achieve the purpose of saving fuel and reducing emissions. Therefore, the main energy of traditional hybrid vehicles comes from fuel, which still has a great dependence on oil. Recently, more and more automobile manufacturers and researchers have begun to focus on the research and development of plug-in hybrid electroc vehicles (PHEVs). PHEV is a vehicle type derived from traditional hybrid vehicles in recent years, and has gradually attracted the attention of countries around the world. The difference between this emerging energy-saving and environmentally friendly vehicle and the previous hybrid vehicle is that the vehicle mainly runs on electric energy, while the engine is only used as an auxiliary power system, thus greatly reducing the vehicle's dependence on fuel and achieving more environmentally friendly and energy-saving effects.

Externally rechargeable hybrid electric vehicles have two sources of propulsion, an electric motor and an internal combustion engine, which can power the vehicle individually or together. The energy of the battery mainly comes from the public grid, and the charged battery pack supplies power to the motor to realize the operation of the vehicle. When the speed of PHEV is lower than 40km/h in urban conditions or when the vehicle is coasting, the vehicle is completely driven by electricity; when the battery power is lower than a certain standard value (for example, the power is reduced to 20 percent), or in the case of heavy load requirements such as acceleration and hill-climbing, the engine starts to work to provide additional power to maintain the vehicle's driving; PHEVs generally have a braking energy recovery device, which converts braking energy into electricity and stores it in the battery, thereby further reducing fuel consumption. The battery capacity of PHEVs can generally reach 6~10kWh, which is 30 percent~50percent of the battery capacity of pure electric vehicles, and 3~5 times that of general hybrid vehicles. It can be said that it is a transitional product between hybrid vehicles and pure electric vehicles. Although the purchase price of PHEVs is slightly higher (1.2 times) than that of conventional sedans and hybrid sedans, but due to the application of new technologies such as high capacity of external batteries and braking energy recovery, vehicles can basically achieve zero emissions when driving in urban areas, and the fuel economy is also 2 to 5 times higher than that of ordinary vehicles. The battery capacity required by a PHEV depends on the size of the layout space. If the battery is smaller, the cost of the PHEV is lower; conversely, if the battery is larger, the cost of the vehicle will increase and the charging time will be longer.

PHEV is beneficial to environmental protection and economic growth for the whole society. The advantages of PHEVs can be demonstrated by calculating the amount of fuel saved and pollution reduction, such as various greenhouse gas (GHG) emissions. The main purposes of developing PHEVs include the following aspects:

(1) The consumption of fossil fuels can be reduced in the field of transportation. Because PHEVs do not have to refuel the car or require very little gasoline, they can save a lot of fossil fuels, which will have long-term political, economic, and environmental impacts.

(2) Reduction of emissions. Due to the reduction in fuel consumption, with the large-scale introduction of PHEVs into the market, the overall emissions will be greatly reduced. The centralized generation of electricity is much more efficient and emits far fewer emissions than gasoline-powered cars. Emissions in cities and towns (caused by driving cars) and emissions in remote areas (caused by the production of electricity in power plants) can mitigate severe pollution in densely populated metropolises. In the future, as electricity comes more and more from renewable energy sources (which can be used by PHEVs), overall emissions will be further reduced.

(3) Saving energy costs. The PHEV starts out using electrical energy. Since the equivalent energy unit of electricity is cheaper than fuel, the electricity cost per kilometer is less than that of gasoline. The current average price of gasoline is about 6 yuan/L, while the price per kilowatt-hour of electricity is 0.6 yuan. For a mid-size car, it can travel 12.7km per litre of petrol and 8km per kWh of electricity. This means that driving 12.7km, the cost of using electricity is 0.95 yuan (that is, 1.6kWh of electricity), and the cost of using gasoline is as high as about 6 yuan. Using electricity every 12.7km can save 5.05 yuan. However, PHEVs require more components, such as batteries and electric motors, resulting in a much higher overall price than conventional gasoline vehicles. The cost of buying a PHEV takes time to recoup through fuel savings. At current oil prices, it will take a longer time for car owners to recoup their initial investment costs. If oil prices rise, it is effective to amortize costs by saving fuel. At the same time, as the output of PHE V continues to rise, its cost will also continue to decline. Government incentives such as tax rebates also help subsidize the initial cost of PHEVs. In conclusion, differential pricing between energy sources is beneficial to the mass use and promotion of PHEVs.

(4) Savings in maintenance costs. PHEVs help save maintenance costs. Since the vehicle uses regenerative braking as the auxiliary of the mechanical braking system, it can effectively reduce the wear and burden of the mechanical braking system during braking, and reduce the frequency of maintenance and repair (such as replacement of brake pads and replacement of brake fluid, etc.) of the braking system. Since the engine sometimes does not work or the working time is greatly reduced, the cycle of engine oil replacement and other maintenance items is long.

(5) Backup power. The PHEV can be used as a backup energy source when using a two-way charger. The battery pack of a PHEV can usually provide 3~10kW of power to a home or office for several hours, and can also be further extended by the power generated by the on-board engine generator/motor.

(6) Reuse of scrapped batteries. When the PHEV's battery pack is no longer sufficient for driving needs, it can be used to store electrical energy from the grid. Especially as more and more renewable energy generation is connected to the grid, the stability of the grid is even more important.

T.R

## ဘေးကင်းတဲ့သောက်ရေကို ပေးစွမ်းနိုင်မယ့် နေရောင်ခြည်စွမ်းအင်သုံးဖလင်ပြား



တရုတ်နိုင်ငံ ဆွန်ယက်ဆန်တက္ကသိုလ်မှ သုတေသနပညာရှင်များက ရေကို သန့်စင်ပေးနိုင်မယ့်ဖလင်ပြားအသစ်တစ်မျိုးကို ဖန်တီးလိုက်နိုင်ပါတယ်။ သူက နေရောင်ခြည်စွမ်းအင်ကို အသုံးပြုထားတာပါ။ နေရောင်ခြည်စွမ်းအင်ဆိုပေမယ့် နေအလင်းရောင်ရှိတယ်ဆိုရင်ကိုပဲ အသုံးပြုလို့ရစေမယ့်ကိရိယာတစ်ခုဖြစ်ပါတယ်။

သူ့ရဲ့ပုံစံကရိုးရှင်းတယ်။ လူတိုင်းတတ်နိုင်တယ်။ ဒါပေမဲ့ ကမ္ဘာနဲ့အဝှမ်းရင်ဆိုင်နေရတဲ့ သောက်ရေသန့်ရှားပါးမှုပြဿနာကိုတော့ ထိရောက်မှုရှိစွာဖြေရှင်းပေးနိုင်စွမ်းရှိပါတယ်။ သူ့ရဲ့စွမ်းဆောင်ရည်အရဆိုရင် တော်တော်လေးကိုညစ်ညမ်းနေတဲ့ရေကိုတောင်မှ စိတ်ချစွာသောက်သုံးနိုင်တဲ့ရေအဖြစ် ပြောင်းလဲပေးနိုင်တယ်လို့ ဆိုပါတယ်။ သူ့အနေနဲ့ ဗက်တီးရီးယားတွေကိုချေမှုန်းနိုင်စွမ်းက ၉၉ ဒသမ ၉၉ ရာခိုင်နှုန်းရှိပါတယ်။

သုတေသနပညာရှင်များက သောက်ရေသန့်မရနိုင်တဲ့နေရာတွေ၊ သဘာဝဘေးကျရောက်နေတဲ့နေရာတွေမှာ ရေသန့်ကို သောက်သုံးနိုင်စေရေးရည်မှန်းပြီးတော့ ဒီလိုမျိုး ပိုးသတ်ရေသန့်ကိရိယာကိုတီထွင်လိုက်တာပါ။ ဒါ့အပြင် သူက တခြားရေသန့်ကိရိယာတွေထက် အချိန်ပိုမိုကြာမြင့်စွာ အသုံးခံပါသေးတယ်။ **Ref: IE**

**ကိုထက်**

## အာဖရိက၊ အာရှနဲ့အမေရိကတို့ရှိ အဆောက်အအုံပေါင်း သန်း ၁၀၀ ပင်လယ်ရေမျက်နှာပြင်မြင့်တက်မှုအန္တရာယ်နဲ့ရင်ဆိုင်နေရ



မက်ဂေးတက္ကသိုလ်မှ သုတေသနပညာရှင်များရဲ့ထုတ်ပြန်ချက်တစ်ခုအရဆိုရင် အာဖရိက၊ အာရှနဲ့ အမေရိကဒေသတို့ရှိ အဆောက်အအုံပေါင်း သန်း ၁၀၀ အနေနဲ့ ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာမှုအန္တရာယ်နဲ့ရင်ဆိုင်နေရတယ်လို့ သိရပါတယ်။ အထူးသဖြင့် လက်ရှိဖြစ်ပွားနေတဲ့ ရုပ်ကြွင်းလောင်စာများအသုံးပြုမှုကြောင့် ဖန်လုံအိမ်ဓာတ်ငွေ့များ ထွက်ရှိမှုကို မထိန်းချုပ်နိုင်ဘူးဆိုရင်ပေါ့။

ပင်လယ်ရေမျက်နှာပြင်မြင့်တက်မှုက နှေးကွေးပါတယ်။ ဒါပေမဲ့ မရပ်တန့်နိုင်တဲ့ နောက်ဆက်တွဲ အကျိုးဆက်တွေကို ကြီးမားစွာဖြစ်ပေါ်စေနိုင်ပါတယ်။ လက်ရှိမှာဆိုရင်ပဲ အဲဒီအကျိုးဆက်က ကမ်းရိုးတန်းဒေသမှာနေထိုင်သူတွေကို သက်ရောက်နေပါတယ်။ ဒီအတိုင်းဆက်သွားရင် နောင်ရာစုနှစ်များစွာတိုင်တဲ့အထိ ဒီထက်ဆိုးတဲ့ ဒုက္ခတွေကိုရင်ဆိုင်ရမှာပါလို့ သုတေသနပညာရှင်များကပြောထားပါတယ်။

တကယ်လို့များ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို သတ်မှတ်ထားတဲ့အတိုင်း လျှော့ချနိုင်ခဲ့သည့်တိုင် အဆောက်အအုံသုံးသန်းလောက်ကတော့ ရေအောက်ကိုရောက်သွားနိုင်တယ်လို့ ပညာရှင်များက ဆိုပါတယ်။ **Ref: IE**

**ကိုထက်**

## ဂျက်လေယာဉ်လိုပျံသန်းပြီး ရဟတ်ယာဉ်လိုလေပေါ်မှာဝဲနိုင်တဲ့ ပြေးလမ်းမလိုသောအကြီးစားဒရုန်း



လေ့ဟိမာတင်ကုမ္ပဏီက ဒရုန်းတစ်မျိုးကို ထုတ်ဖော်ပြသလိုက်ပါတယ်။ ဒေါင်လိုက်အတက်အဆင်းလုပ်နိုင်တဲ့ အဲဒီဒရုန်းမှာတပ်ဆင်ထားတာက ဒေါက်တိုင်ပါတဲ့လေဒလက်များဖြစ်ပါတယ်။ ဒီလေဒလက်များကြောင့် ဒရုန်းဟာလေပေါ်ပျံသန်းဖို့အတွက် ဒေါင်လိုက်တက်သွားနိုင်ပြီး လေထဲအရောက်မှာတော့ ဂျက်လေယာဉ်တစ်စင်းလိုမျိုး အရှိန်နဲ့ပျံသန်းနိုင်စွမ်းရှိစေမှာဖြစ်ပါတယ်။

လေ့ဟိမာတင်ကုမ္ပဏီအနေနဲ့ ဒီဒရုန်းကိုဖန်တီးရတဲ့ရည်ရွယ်ချက်က စစ်ဘက်သာမက အရပ်ဘက်မှာပါအသုံးပြုနိုင်တဲ့ ပြေးလမ်းမလိုသော မောင်းသူမဲ့လေယာဉ်တစ်စင်းကိုဖန်တီးမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ဖြစ်ပါတယ်။ ဒီလိုရည်ရွယ်ချက်နဲ့ဖန်တီးလိုက်တဲ့အတွက် ကာကွယ်ရေး၊ အမျိုးသားလုံခြုံရေး၊ သစ်တောရေးရာနဲ့ အရပ်ဘက်အဖွဲ့အစည်းများအတွက် မြေပြင်၊ ရေပြင်အခြေပြုစစ်ဆင်ရေး လုပ်ငန်းများကို ထမ်းဆောင်နိုင်စွမ်းရှိစေမှာပါ။

ဒီလေယာဉ်တွေမှာ လေ့ဟိမာတင်က ထုတ်လုပ်ထားတဲ့ MATRIX အမည်ရှိ အလိုအလျောက်နည်းပညာကို ထည့်သွင်းအသုံးပြုထားပါတယ်။ **Ref: IE**

**ကိုထက်**

## အပူချိန် ၁၂၀၀ ဒီဂရီစင်တီဂရိတ်အထိ ခံနိုင်ရည်ရှိစေမယ့် အပူခံအပေါ်ယံလွှာ

Axalta Coating Systems ဆိုတဲ့ ဂျာမနီကုမ္ပဏီတစ်ခုက အပေါ်ယံလွှာအသစ်နှစ်မျိုးကို ထုတ်ဖော်ပြသမိတ်ဆက်လိုက်ပါတယ်။ အဓိကကတော့ လျှပ်စစ်စွမ်းအင်သုံးယာဉ် (EV)တွေရဲ့ ဘက်ထရီတွေ ဘေးကင်းစိတ်ချရမှုနဲ့ စွမ်းဆောင်ရည်ပြည့်ဝမှုရှိစေဖို့အတွက်ဖြစ်ပါတယ်။ အဲဒီအပေါ်ယံလွှာနှစ်မျိုးက Alesta e-PRO FG Black နဲ့ Alesta e-PRO Dielectric Gray တို့ဖြစ်ပါတယ်။

EV တွေမှာ မီးလောင်မှုဖြစ်ပွားတယ်ဆိုတာက ရှားပါတယ်။ ဒါပေမဲ့ ဘက်ထရီထဲမှာဖြစ်ပေါ်လာတဲ့အပူကို မစွန့်ထုတ်နိုင်ဘူး။ ဒါမှမဟုတ် မထိန်းချုပ်နိုင်ဘူးဆိုရင်တော့ ဘက်ထရီကနေစပြီး ကားတစ်စီးလုံးကို မီးလောင်စေသည်အထိဖြစ်သွားစေမှာပါ။ Axalta Coating Systems က အခုဖန်တီးလိုက်တဲ့ အပေါ်ယံလွှာများက အပူချိန်မြင့်တက်မှုကို ကာကွယ်ပေးနိုင်တဲ့အပြင် လျှပ်စစ်စီးကြောင်းကြောင့်ဖြစ်ပေါ်လာတဲ့အပူကိုလည်း ကာကွယ်ပေးနိုင်မှာဖြစ်ပါတယ်။

သူတို့ဖန်တီးထားတဲ့ အပေါ်ယံလွှာနှစ်မျိုးအနက် Alesta e-PRO FG Black က အပူစီးဆင်းမှုတည်ငြိမ်ရေးနဲ့ အရန်မီးဘေးကာကွယ်ရေးအတွက် ဒီဇိုင်းဆွဲထားတာဖြစ်ပြီး အပူချိန် ၁၂၀၀ ဒီဂရီစင်တီဂရိတ်အထိကိုခံနိုင်ရည်ရှိစေမှာပါ။ နောက်တစ်မျိုးကတော့ ဗို့အားမြင့်မားတဲ့အခြေအနေတွေမှာ ဘက်ထရီတွေမီးမလောင်အောင်ကာကွယ်ပေးနိုင်ပါတယ်။ **Ref: IE**

**ကိုထက်**



## နေရောင်ခြည်နဲ့လေစွမ်းအင်သုံး လျှပ်စစ်ထုတ်လုပ်မှုက ကျောက်မီးသွေးသုံးလျှပ်စစ်ထုတ်လုပ်မှုကို ပထမဆုံးကျော်လွန်

နေရောင်ခြည်စွမ်းအင်နဲ့ လေစွမ်းအင်တို့ကိုအသုံးပြုပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုပမာဏက ကျောက်မီးသွေးစွမ်းအင်သုံး လျှပ်စစ်ဓာတ်ထုတ်လုပ်မှုပမာဏကိုပထမဆုံးကျော်လွန်သွားပြီလို့ ဆိုပါတယ်။ ဒါဟာ တစ်ကမ္ဘာလုံးအတိုင်းအတာအနေနဲ့ သန့်ရှင်းစွမ်းအင်အသုံးပြုမှုဆီ ပြောင်းလဲလာမှုကို သိသာထင်ရှားစွာမြင်တွေ့ရခြင်းဖြစ်ပါတယ်။



Ember အမည်ရှိ တတ်သိပညာရှင်များအဖွဲ့ရဲ့ထုတ်ပြန်ချက်အရ ၂၀၂၅ ခုနှစ်ရဲ့ ပထမနှစ်ဝက်ကာလအတွင်း နေရောင်ခြည်စွမ်းအင်နဲ့ လေစွမ်းအင်သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်မှုပမာဏက ကျောက်မီးသွေးစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုပမာဏကိုကျော်လွန်လာတာဖြစ်တယ်လို့သိရပါတယ်။ အဓိကအားဖြင့် တရုတ်နိုင်ငံနဲ့ အိန္ဒိယနိုင်ငံတို့မှာ ဆိုလာစွမ်းအင်နဲ့လေစွမ်းအင်တို့ကို ပိုမိုအသုံးချလာခြင်းကြောင့်ဖြစ်ပါတယ်။

ကမ္ဘာ့လျှပ်စစ်ဓာတ်အားလိုအပ်ချက်က ၂ ဒသမ ၆ ရာခိုင်နှုန်းမြင့်တက်လာချိန်မှာ သန့်ရှင်းစွမ်းအင်များက ဒီလိုမြင့်တက်လာမှုကို ဖြည့်ဆည်းပေးနိုင်ရုံသာမက ဓာတ်ငွေ့နဲ့ကျောက်မီးသွေးအသုံးပြုမှုကိုလည်း သိသာစွာလျော့ကျသွားစေတာဖြစ်တယ်လို့ တတ်သိပညာရှင်များက ပြောထားပါတယ်။ **Ref: IE**

**ကိုထက်**

## တရုတ်ဝန်ကြီးချုပ်က မြောက်ကိုရီးယားသို့ ချစ်ကြည်ရေးခရီး သွားမည်

**ပေကျင်း၊ ချစ်ကြည်ရေး**

တရုတ်နိုင်ငံဝန်ကြီးချုပ် လီကျန်းသည် မြောက်ကိုရီးယားနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားမည်ဖြစ်ကြောင်း၊ ထိုခရီးစဉ်တွင် မြောက်ကိုရီးယား၏ အာဏာရပါတီ တည်ထောင်မှု နှစ်(၈၀)ပြည့်အထိမ်းအမှတ် အခမ်းအနားများသို့ တက်ရောက်မည်ဖြစ်ကြောင်းသိရသည်။

ထို့ပြင် လီကျန်းသည် မြောက်ကိုရီးယားအစိုးရ၏ဖိတ်ကြားချက်အရ ပါတီနှင့်အစိုးရအဖွဲ့ကိုယ်စားလှယ်များကိုဦးဆောင်ကာ အောက်တိုဘာလ ၉ ရက်မှ ၁၁ ရက်အထိ မြောက်ကိုရီးယားနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားမည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

မြောက်ကိုရီးယားနိုင်ငံက အာဏာရပါတီဖြစ်သော ကိုရီးယားအလုပ်သမားပါတီ ထူထောင်မှုနှစ်(၈၀)ပြည့်အထိမ်းအမှတ် အခမ်းအနားကို နှစ်စဉ်အောက်တိုဘာလ ၁၀ ရက်တွင် ကျင်းပလေ့ရှိကြောင်းသိရသည်။

**Ref: YH**

## ထိုင်းနိုင်ငံ၌ ရေကြီးမှုဖြစ်သည့် ပြည်နယ် ၁၉ ခုအထိရှိလာ သေဆုံးသူ ၂၂ ဦးအထိမြင့်တက်




**ဘန်ကောက်၊ သဘာဝဘေး**

ထိုင်းနိုင်ငံ၌ ရေကြီးမှုဖြစ်သည့်ပြည်နယ်စုစုပေါင်း ၁၉ ခုအထိရှိလာကြောင်းနှင့် ထိုကဲ့သို့ရေကြီးမှုများကြောင့်သေဆုံးသူ ၂၂ ဦးအထိမြင့်တက်လာကြောင်း၊ သေဆုံးသူ ၂၂ ဦးမှာ အဆိုးဝါးဆုံးရေဘေးသင့်သည့် ပြည်နယ်ခြောက်ခုမှဖြစ်ကြောင်း ထိုင်းနိုင်ငံ သဘာဝဘေးကာကွယ်ရေးဌာနက အောက်တိုဘာလ ၇ ရက်တွင်ထုတ်ပြန်ထားသည်။

ထို့ပြင် ရေဘေးသင့်ပြည်သူစုစုပေါင်း ၃၆၉၀၀၀ ကျော်အထိရှိလာပြီဖြစ်ကြောင်းနှင့် ရေဘေးသင့်သည့် အိမ်ထောင်စုတစ်စုလျှင် ထောက်ပံ့ငွေအဖြစ်ဘတ်ငွေ ၉၀၀၀ စီ ပေးအပ်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

သဘာဝဘေးကာကွယ်ရေးဌာနအနေဖြင့် ရေကြီးမှုဖြစ်ပွားနေသည့်ဒေသများရှိ တာဝန်ရှိသူများနှင့်အတူ ပူးပေါင်းစောင့်ကြည့်မှုများလုပ်ဆောင်နေကြောင်း၊ ကူညီကယ်ဆယ်ရေးယာဉ် ၇၉၀ ကျော်ကို ပြည်နယ် ၂၅ ခုရှိ ကူညီကယ်ဆယ်ရေးဌာနများသို့ပို့ဆောင်ထားကြောင်းနှင့် ရေကြီးမှုကာကွယ်ရေး၊ အရေးပေါ်တုံ့ပြန်ရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင်ဆက်လက်ဖော်ပြထားသည်။

ယခုကဲ့သို့ ရေကြီးမှုများဖြစ်ပွားခြင်းသည် အပူပိုင်းမုန်တိုင်းဖြစ်သည့် မတ်မိုကြောင့်ဖြစ်ကြောင်း၊ ယင်းမုန်တိုင်းကြောင့် ဗီယက်နမ်နိုင်ငံတွင်လည်း ရေကြီးမှုများဖြစ်ပွားနေကြောင်းသိရသည်။

**Ref: NT**

## ကွမ်တမ်ရူပဗေဒ သဘောတရားများကို ဖော်ထုတ်နိုင်သူသုံးဦး ရူပဗေဒဆိုင်ရာ နိုဘယ်ဆုရရှိ

**စတော့ဟုမ်း၊ နိုဘယ်ဆု**

အမေရိကန်နိုင်ငံသား သိပ္ပံပညာရှင်များဖြစ်သည့် ဂျွန်ကလာ့၊ မီရှဲဒီဗိုရက်နှင့် ဂျွန်မာတီနစ်တို့သည် ကွမ်တမ်ရူပဗေဒသဘောတရားများကို ဖော်ထုတ်နိုင်သောကြောင့် ၂၀၂၅ ခုနှစ်အတွက် ရူပဗေဒပညာရပ်ဆိုင်ရာနိုဘယ်ဆုကိုရရှိကြောင်း ဆုရွေးချယ်ရေးအဖွဲ့က အောက်တိုဘာလ ၇ ရက်တွင် ထုတ်ပြန်ထားသည်။

ယခုနှစ်အတွက် ရူပဗေဒဆိုင်ရာနိုဘယ်ဆုရရှိသူများကြောင့် မျိုးဆက်သစ်ကွမ်တမ်နည်းပညာကို ဖန်တီးနိုင်မည့်အခွင့်အလမ်းများရရှိလာကြောင်း နိုဘယ်ဆုရွေးချယ်ရေးအဖွဲ့၏ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

အဆိုပါသိပ္ပံပညာရှင်များသည် လျှပ်ကူးပစ္စည်းများဖြင့် တည်ဆောက်ထားသည့် လျှပ်စီးပတ်လမ်းတစ်ခုကိုသုံး၍ ၁၉၈၀ ပြည့်နှစ်အလွန်ကာလများမှ စတင်ကာ ကွမ်တမ်နည်းပညာနှင့် ပတ်သက်၍ လေ့လာမှုများ လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

**Ref: AGC**

## ဂါဇာပဋိပက္ခအတွင်း အမေရိကန်က အစ္စရေးကို စစ်ပစ္စည်းများစွာ ထောက်ပံ့ပေးထား

**ဝါရှင်တန်၊ စစ်ရေး**

ဂါဇာပဋိပက္ခဖြစ်ပွားနေသည့်ကာလအတွင်း အမေရိကန်က အစ္စရေးကို ဒေါ်လာ ၂၁ ဒသမ ၇ ဘီလီယံတန်ဖိုးရှိ စစ်ပစ္စည်းများစွာ ထောက်ပံ့ပေးထားကြောင်း ထုတ်ပြန်ချက်တစ်ခုတွင်ဖော်ပြထားသည်။

ဟားမက်အဖွဲ့က အစ္စရေးနယ်မြေသို့ ကျူးကျော်ဝင်ရောက်တိုက်ခိုက်မှု နှစ်နှစ်ပြည့်သည့် အောက်တိုဘာလ ၇ ရက်တွင် ဘရောင်းတက္ကသိုလ်မှ သုတေသနတစ်ခုက ယခုကဲ့သို့ထုတ်ပြန်လာခြင်းဖြစ်သည်။ အစ္စရေး၏တုံ့ပြန်တိုက်ခိုက်မှုကြောင့် လူ ၆၇၀၀၀ ကျော် သေဆုံးထားသည်။

ထို့ပြင် အမေရိကန်နိုင်ငံသည် ယီမင်နှင့် အရှေ့အလယ်ပိုင်းဒေသရှိနိုင်ငံများအပေါ် အစ္စရေး၏စစ်ဆင်ရေးများနှင့်ပတ်သက်၍ ဒေါ်လာဘီလီယံပေါင်းများစွာ ထောက်ပံ့ပေးမှုများရှိကြောင်း၊ ထို့ကြောင့် အစ္စရေးအပေါ် အမေရိကန်၏ထောက်ပံ့မှုပမာဏသည် ဒေါ်လာ ၃၁ ဒသမ ၃၅ ဘီလီယံမှ ၃၃ ဒသမ ၇၇ ဘီလီယံကြားအထိရှိကြောင်း ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

**Ref: RT**

## အသက် ၁၅ နှစ်အောက်ကလေးများ လူမှုမီဒီယာအသုံးပြုမှုကို ဒိန်းမတ်တားမြစ်မည်




**ကိုပင်ဟေဂင်၊ ပြည်တွင်းရေး**

ဒိန်းမတ်နိုင်ငံ၌ အသက် ၁၅ နှစ်အောက်ကလေးငယ်များကို လူမှုမီဒီယာများအသုံးပြုမှုတားမြစ်ရန်စီစဉ်နေကြောင်း အစိုးရက အောက်တိုဘာလ ၇ ရက်တွင်ထုတ်ပြန်သည်။

သို့သော် တားမြစ်ပိတ်ပင်မှုအောက်သို့ ရောက်ရှိမည့် လူမှုမီဒီယာမှာ မည်သည့်လူမှုမီဒီယာများဖြစ်သည်နှင့် လက်တွေ့တွင် မည်သို့ကျင့်သုံးမည်တို့နှင့်ပတ်သက်၍ ဝန်ကြီးချုပ်က အသေးစိတ်ရှင်းပြထားခြင်းမရှိကြောင်းသိရသည်။

ထို့ပြင် ဥပဒေကိုပြဋ္ဌာန်းမည့်အချိန်ကာလအတိုင်းအတာကို သတ်မှတ်ထားခြင်းမရှိသေးသော်လည်း ထိုကလေးငယ်များအနေဖြင့် မိဘအုပ်ထိန်းမှုအောက်တွင်သာ လူမှုမီဒီယာကိုအသုံးပြုရန် ခွင့်ပြုပေးနိုင်ဖွယ်ရှိသည်ဟု တာဝန်ရှိသူများကပြောသည်။

လက်ကိုင်ဖုန်းများနှင့် လူမှုမီဒီယာများက ကလေးငယ်များ၏ ကလေးဘဝကို လုယူနေကြောင်း၊ အသက် ၁၁ နှစ်မှ ၁၉ နှစ်ကြားရှိ ဒိန်းမတ်ကလေးငယ် ၆၀ ရာခိုင်နှုန်းသည် သူငယ်ချင်းများနှင့် ပျော်ပါးဆော့ကစားရမည့်အစား အိမ်တွင်းအောင်းပြီးနေလိုကြောင်းတွေ့ရှိရသည်ဟု ဝန်ကြီးချုပ်ကပြောသည်။ လက်ရှိတွင် ဩစတြေးလျက ယင်းကဲ့သို့လုပ်ဆောင်ချက်ကို အောင်မြင်စွာလုပ်ဆောင်ထားနိုင်ကြောင်း သိရသည်။

**Ref: ST**

## တိုမာဟော့ဒုံးကျည်များရောင်းချရေးကို ဘက်ပေါင်းစုံမှစဉ်းစားထားဟု ထရမ့်ပြော

**ဝါရှင်တန်၊ စစ်ရေး**

ယူကရိန်းနိုင်ငံသို့ လွှဲပြောင်းရောက်ရှိသွားနိုင်သည့် တိုမာဟော့ဒုံးကျည်များကို ဥရောပနိုင်ငံများသို့ရောင်းချရေးနှင့်ပတ်သက်၍ ဘက်ပေါင်းစုံမှစဉ်းစားပြီး ဆုံးဖြတ်ချက်ချထားကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အောက်တိုဘာလ ၆ ရက်တွင်ပြောသည်။

အဆိုပါ တာဝေးပစ်ဒုံးကျည်များကို ယူကရိန်းအစိုးရက အမေရိကန်မှတောင်းဆိုထားခြင်းဖြစ်သည်။ ထို့ကြောင့် အမေရိကန်က ထိုဒုံးကျည်များကို ဥရောပနိုင်ငံများသို့ ရောင်းချရေးနှင့်ပတ်သက်၍ ယင်းဒုံးကျည်ကြောင့် ရုရှားသမ္မတ ဗလာဒီမာပူတင်ကိုကောင်းမွန်သောပြဋ္ဌာန်းချက်များဖြင့် ဆွေးနွေးမှုများလုပ်ရန်သိမ်းသွင်းနိုင်မည်လား၊ ယူကရိန်းအနေဖြင့် ယင်းဒုံးကျည်များကိုမရရှိပါက ဆက်လက်လုပ်ဆောင်မည့်အစီအစဉ် အစရှိသည့်အချက်အလက်များကို ထည့်သွင်းစဉ်းစားထားကြောင်း ထရမ့်ကပြောသည်။

လက်ရှိအချိန်တွင် အမေရိကန်အနေဖြင့် ယူကရိန်းသို့ရောက်ရှိမည့် တိုမာဟော့ဒုံးကျည်များရောင်းချပေးမည်ဟု ဆုံးဖြတ်ထားခြင်းမရှိသေးသော်လည်း ယင်းကဲ့သို့ ရောင်းချပေးလိုက်ပါက တင်းမာမှုအသစ်များပိုမိုမြင့်တက်လာသည်အထိဖြစ်လာနိုင်သည်ဟု ရုရှားသမ္မတက အောက်တိုဘာလ ၅ ရက်တွင်ပြောထားသည်။

**Ref: AXIO**



# ပေါင်းတည်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ လူထုအသိပညာပေး ဆိုင်းဘုတ်စိုက်ထူခြင်းအခမ်းအနားကျင်းပ



ပေါင်းတည် အောက်တိုဘာ ၇

၂၀၂၅ ခုနှစ်ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ပေါင်းတည်မြို့နယ်၌ လူထုအသိပညာပေးဆိုင်းဘုတ် စိုက်ထူခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် လူစည်ကားရာနေရာ ဈေး(၂)ရပ်ကွက် ရန်ကုန်လမ်း သာသနာ့ဗိမာန်အနီးတွင် ကျင်းပခဲ့ကြသည်။

ထိုအသိပညာပေးဆိုင်းဘုတ် စိုက်ထူခြင်းအခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးမြင့်လှိုင်ကိုယ်စား အဖွဲ့ဝင်များနှင့်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ သက်ဆိုင်ရာမြို့နယ်ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ခဲ့ကြပြီး “နိုင်ငံသားအခွင့်အရေး မဆုံးရှုံးဖို့ မဲပေးကြပါစို့” ဟူသောဆောင်ပုဒ်ပါ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ လူထုအသိပညာပေး ဆိုင်းဘုတ်ကို သတ်မှတ်နေရာ၌ စိုက်ထူကာ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီးနောက် ဆိုင်းဘုတ်အား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းကြသည်။

ထို့နောက် အခမ်းအနားတက်ရောက်လာကြသူများအား အမှတ်တရစုပေါင်း မှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခဲ့ကြကြောင်း သိရသည်။

**ရွှေသား(IPRD)**

# ကံမမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ မဲဆန္ဒရှင်အသိပညာပေးဆိုင်းဘုတ်စိုက်ထူ

ကံမ အောက်တိုဘာ ၇

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့ အမှတ်(၂)ရပ်ကွက် လူစည်ကားရာလမ်းဆုံနေရာအနီး မြေကွက်လပ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ မဲဆန္ဒရှင်အသိပညာပေး ဆိုင်းဘုတ်စိုက်ထူပွဲကို ယနေ့တွင်ပြုလုပ်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မင်းနိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ခံအရာရှိများ၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်ကျေးရွာ ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။



ထိုသို့ ဆိုင်းဘုတ်စိုက်ထူရာတွင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ “နိုင်ငံသားအခွင့်အရေး မဆုံးရှုံးဖို့ မဲပေးကြပါစို့” မဲဆန္ဒရှင်အသိပညာပေးကြော်ငြာဆိုင်းဘုတ်အား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မင်းနိုင်၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးရွှေလွင်ဦးနှင့်အတွင်းရေးမှူးတို့က သပြေခက်ဖြင့် အမွှေးနံ့သာရည်များပက်ဖျန်းပေးခဲ့ကြကြောင်း သိရသည်။

**ကျော်ဇေယျဝင်း(ကံမ)**

# မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း(ဗဟို)နှစ်ပတ်လည်အထွေထွေ အစည်းအဝေး(AGM)နှင့် အသင်းသားစုံညီအစည်းအဝေး(၂၀၂၅)ကျင်းပ

ရန်ကုန် အောက်တိုဘာ ၇

မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း(ဗဟို)၏နှစ်ပတ်လည်အထွေထွေအစည်းအဝေး(AGM)နှင့် အသင်းသားစုံညီအစည်းအဝေး(၂၀၂၅)ကို ယနေ့တွင် ရန်ကုန်မြို့ Novotel Yangon Max Hotel ၌ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးကဖွင့်လှစ်ပေးပြီး အိုးစည်အဖွဲ့နှင့် သူငယ်တော်အကဖြင့်ဖျော်ဖြေကြသည်။

ထို့နောက် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးက မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်းအနေဖြင့် မိမိတို့ကျရာကဏ္ဍမှ ပါဝင်လှုပ်ရှားနေကြကြောင်း၊ အသင်းကြီးရေရှည်တည်တံ့ခိုင်မြဲစေရန် အမြဲတမ်းကြိုးစားအားထုတ်ရမည်ဖြစ်ကြောင်းနှင့် အိမ်ခြံမြေစည်းမျဉ်းစည်းကမ်း၊ ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို လိုက်နာရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြင်သစ်အခြေစိုက် ကမ္ဘာ့အိမ်ခြံမြေအဖွဲ့ချုပ်မှတာဝန်ရှိသူတစ်ဦးက Video Click ဖြင့် မိန့်ခွန်းပြောကြားပြီး မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း(ဗဟို) ဒုတိယဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားကာ မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း(ဗဟို)ဥက္ကဋ္ဌ ဒေါ်မို့မို့အောင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ We Are Asean အကဖြင့်လည်းကောင်း၊ ရှမ်းကိန္နရီအကဖြင့်လည်းကောင်း ဖျော်ဖြေတင်ဆက်ကြပြီး မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း(ဗဟို) အထွေထွေအတွင်းရေးမှူးချုပ် ဦးမောင်အေးက အသင်း၏လုပ်ဆောင်ချက်များ၊ ရည်ရွယ်ချက်များကိုပြောကြားကာ မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း(ဗဟို) တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးသက်မောင်ဦးက ဘဏ္ဍာရေးငွေစာရင်းရှင်းတမ်းကို ဖတ်ကြားသည်။

ယင်းနောက် နေပြည်တော်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ ခရိုင်များအတွက် ဂုဏ်ပြုမှတ်တမ်းလွှာများကို တာဝန်ရှိသူများက ပေးအပ်ပြီး ထာဝရမြန်မာ၊ စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ်တေးသီချင်းများဖြင့် ဖျော်ဖြေကြကြောင်း သိရသည်။

**ခင်မောင်တင်**

# ပွင့်ဖြူမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စားတော်ပဲဧက ၃၀၀၀ ကျော် လျာထားစိုက်ပျိုးမည်

ပွင့်ဖြူ အောက်တိုဘာ ၇

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စားတော်ပဲဧက ၃၀၀၀ ကျော် လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စားတော်ပဲ ၃၁၈၂ ဧက စိုက်ပျိုးရန်လျာထားပြီး အောက်တိုဘာလတွင် စတင်စိုက်ပျိုးလျက်ရှိကြောင်း၊ သတ်မှတ်စိုက်ဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရန်နှင့် ပန်းတိုင်အထွက်နှုန်းရရှိစေရန် စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

“ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်မှာ စားတော်ပဲ ၃၁၈၂ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်သွားမှာပါ။ တောင်သူတွေကိုလည်း စိုက်ဧကတွေတိုးချဲ့စိုက်ပျိုးကြဖို့၊ အထွက်နှုန်းကောင်းတဲ့မျိုးတွေ ရွေးချယ်စိုက်ပျိုးဖို့၊ မြေဩဇာနဲ့ သွင်းအားစုတွေ စနစ်တကျသုံးစွဲဖို့ ၊ စိုက်ပျိုးရေစနစ်တကျသုံးစွဲဖို့နဲ့ GAP နည်းစနစ်နဲ့စိုက်ပျိုးဖို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးမှာဖြစ်ပါတယ်” ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စားတော်ပဲစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သီးနှံများပန်းတိုင်အထွက်နှုန်းရရှိစေရန် ဒေသနှင့်ကိုက်ညီသော အထွက်နှုန်းကောင်းမျိုးများရရှိရေး၊ စိုက်ဧကများ တိုးချဲ့စိုက်ပျိုးရေး၊ ပိုးမွှားရောဂါကင်းရှင်းရေး စသည့် စိုက်ပျိုးရေးအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

စားတော်ပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ တောင်သူများ၏ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်သောကြောင့် ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း သိရသည်။ **လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

မြဝတီ ကာတွန်း



# ရှမ်းပြည်နယ် (အရှေ့ပိုင်း) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ




နေပြည်တော် အောက်တိုဘာ ၇

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ရှမ်းပြည်နယ် (မြောက်ပိုင်း) တာဝန်ခံ ဦးမြင့်ဦးနှင့် (အရှေ့ပိုင်း)တာဝန်ခံ ဦးမျိုးမောင်တို့သည် ရှမ်းပြည်နယ် ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းခရိုင်၊ ကျိုင်းတုံခရိုင်နှင့်မြို့နယ်အတွင်းရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြန်မာအီလက်ထရောနစ် မဲပေးစက်ဆိုင်ရာကြီးကြပ်ရေးအဖွဲ့ဝင်များ၊ မဲပေးစက်ဆိုင်ရာနည်းပညာအထောက်အကူပြုအဖွဲ့များနှင့် ကျိုင်းတုံမြို့ စည်ပင်သာယာခန်းမ၌ တွေ့ဆုံ၍ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များက ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အပိုင်းလိုက်ခွဲပြီးဆောင်ရွက်မည့်အခြေအနေ၊ ပထမအကြိမ် မဲဆန္ဒရှင်စာရင်းကပ်ထားကြေညာပြီးစီးမှု၊ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) များ မဲရုံများသို့ သယ်ယူပို့ဆောင်နိုင်ရေးအတွက် စီမံဆောင်ရွက်ထားရှိမှု၊ ရွေးကောက်ပွဲဆိုင်ရာစုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးမည့်အခြေအနေ၊ တရားမဲ့ပြုကျင့်မှုများ၊ ရွေးကောက်ပွဲဆိုင်ရာပြစ်မှုပြစ်ဒဏ်များ၊ ကြိုတင်မဲပေးခြင်းဆိုင်ရာကိစ္စရပ်များ၊ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) များ ထုတ်ယူ၊ ပြင်ဆင်ပြီး သက်ဆိုင်ရာမဲရုံများသို့ သယ်ယူပို့ဆောင်နိုင်ရန်အတွက် ခရိုင်/မြို့နယ် MEVM စက်များကြီးကြပ်မှုအဖွဲ့နှင့် နည်းပညာအထောက်အကူပြုအဖွဲ့များ၏ စီမံဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ချပြရှင်းလင်းဆွေးနွေးသည်။

အစည်းအဝေးသို့ တက်ရောက်လာသော ပြည်နယ်ခွဲ/ခရိုင်နှင့်မြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ၊ အဖွဲ့ဝင်များက တင်ပြချက်များကို ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်းသိရသည်။ မြဝတီ

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၃˚c | / | ၃၃˚c |
| ရန်ကုန် | ၂၄˚c | / | ၃၃˚c |
| မန္တလေး | ၂၄˚c | / | ၃၄˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

## ၇-၁၀-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား ( ၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၅,၉၉၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်နှင့် ရေယာဉ်ဖမ်းဆီးရမိ




GS – Battery



MV. Shwe Nann Shin



**အကောက်ခွန်**

**ဦးစီးဌာနမှ**

**ဖမ်းဆီးရမိမှု။**

နေပြည်တော် အောက်တိုဘာ ၇

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၅ ရက်**တွင် Ahlone International Port Terminal (AIPT) ဆိပ်ကမ်း၌ ရေယာဉ် (၁)စင်းပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁၂၈)မျိုး၊ လူသုံးကုန်ပစ္စည်း (၉)မျိုး၊ စားသောက်ကုန်ပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ်၂၆၈၉၃၅၁၉၉၈) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် MV. Shwe Nann Shin ရေယာဉ်(၁)စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၅၆၁၉၂၆၁) ကိုလည်းကောင်း၊ ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ် (၁) စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Toyota Hiace (၁) စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀) ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၁၁၇၇၁၂၅၉)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

**အောက်တိုဘာလ ၅ ရက်**တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၁၉)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၁၁၇၇၁၂၅၉)**ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင် တင်သွင်းမှုများကြောင့် သွင်းကုန်အစားထိုး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်ပါ၍ ၎င်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

မြဝတီ

# တာချီလိတ်မြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၆ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၂၀၇ ကီလိုဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၇

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့နယ်၊ ဖန်မင်ကျေးရွာအုပ်စု၊ မယ်ယန်းကျေးရွာ၌ အောက်တိုဘာလ ၄ ရက်တွင် အိုက်စ် (မက်သ်အဖက်တမင်း) ၂၀၇ ကီလို (ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၆၅၆ ဘီလီယံခန့်) ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရှိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာလ ၄ ရက်နေ့ နံနက် ၉ နာရီခန့်တွင် တာချီလိတ်မြို့နယ်၊ ဖန်မင်ကျေးရွာအုပ်စု၊ မယ်ယန်းကျေးရွာရှိ စိုင်းရှဲန်တွီ၏ နေအိမ်အား သတင်းအရ ဝင်ရောက်ရှာဖွေရာ စိုင်းရှဲန်တွီ၊ ဖိုလစ်(ခ)အကိန်၊ အိုက်မောင်၊ စိုင်းဝန်း၊ အိုက်အွန်ကျောက်၊ စိုင်းရှဲန်ဖနှင့် စိုင်းလောင်နွဲ့တို့ ၇ ဦးကို အိုက်စ်(မက်သ်အဖက်တမင်း) ၂၀၇ ကီလို (ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၆၅၆ ဘီလီယံ)၊ TOYOTA FORTUNER ယာဉ် ၁ စီး၊ HONDA CIVIC ယာဉ် ၁ စီး၊ TOYOTA CROWN ယာဉ် ၁ စီး၊ ISUZU D–MAX ယာဉ် ၁ စီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ ဖမ်းဆီးရမိ အိုက်စ်(မက်သ်အဖက်တမင်း)များ၏ ပိုင်ရှင်ဖြစ်သူ စိုင်းမွန်း နေထိုင်သည့် တာချီလိတ်မြို့နယ်၊ မိုင်းဖုန်း(ခ)ကျေးရွာအုပ်စု၊ ဟိုခိုကျေးရွာရှိ နေအိမ်အား နံနက် ၁၀ နာရီ ၃၀ မိနစ်ခန့်တွင် ဝင်ရောက်ရှာဖွေရာ စိုင်းမွန်းမှာ တိမ်းရှောင်လျက်ရှိကြောင်း သိရှိရသည်။

အဆိုပါ မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသူများအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများအား ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)




တရားခံ စိုင်းရှဲန်ဖ၊ အိုက်အွန်ကျောက်၊ စိုင်းဝန်း၊ စိုင်းရှဲန်တွီ၊ အိုက်မောင်၊ ဖိုလစ်(ခ) အကိန်နှင့် စိုင်းလောင်နွဲ့တို့အား သိမ်းဆည်းရမိသည့် အိုက်စ်(မက်သ်အဖက်တမင်း) များနှင့်အတူတွေ့ရစဉ်။

# မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၁၀ ဦး သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံပြည်နှင်လွှဲပြောင်းပေးအပ်

နေပြည်တော် အောက်တိုဘာ ၇

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ်၊ မြဝတီ-ရွှေကုက္ကို၊ မဲ့ထော်သလေး (KK Park)နှင့် ကျောက်ခတ်နယ်မြေများတွင် တရားမဝင်အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် တောင်အာဖရိကနိုင်ငံသား ခြောက်ဦး၊ မလေးရှားနိုင်ငံသား သုံးဦးနှင့် ရုရှားနိုင်ငံသားတစ်ဦး၊ စုစုပေါင်း ပြည်ပနိုင်ငံသား ၁၀ ဦးတို့အား မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

ပြည်နှင်လွှဲပြောင်းပေးရေးလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကရင်ပြည်နယ်၊ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များနှင့် တွေ့ဆုံ၍ ပြည်ပနိုင်ငံသားများအား ပြည်နှင်လွှဲပြောင်းပေးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ စာရင်းဇယားအချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိရေးဆောင်ရွက်နေမှုတို့ကိုကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကရင်ပြည်နယ်၊ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံရုံးမှ Counsellor Mr. Ilya Ilin နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ တောင်အာဖရိကနိုင်ငံသံရုံးမှသံရုံးကိုယ်စားလှယ် Mr. Tana Judah Hira နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံသံရုံးမှ Deputy Chief of Mission Mr. Bong Yik Jui နှင့် တာဝန်ရှိသူများ၊ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ အောက်တိုဘာလ ၇ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားစုစုပေါင်း ၉၄၃၉ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၃၃၇ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၁၀၂ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန်အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင်ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလောင်းကစားမှုနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများကို တားဆီးကာကွယ်တိုက်ဖျက်နိုင်ရန်အတွက် အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ စုံစမ်းဖော်ထုတ်အရေးယူမှုများကို ဆောင်ရွက်လျက်ရှိပြီး အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသည့် နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)



မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးနိုင်ရေး ဆောင်ရွက်စဉ်။

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် အောက်တိုဘာ ၇

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့်ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)




**ဖခင်အမည်မှန်**
မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ဆတ်သွားရွာ အခြေခံပညာအထက်တန်းကျောင်း ကျောင်းဝင်အမှတ် C-၂၉၂၃ မငြိမ်းငြိမ်းအေး Grade-10 သင်ဆဲ/၂၀၂၅ ၏ဖခင်အမည် ဦးကျော်ကြီး၏အမည်မှန်မှာဦးကျော် ၈/တတက(နိုင်)၁၅၇၀၉၃ ဖြစ်ပါကြောင်း။ ဦးကျော်

**ပျောက်ဆုံးကြောင်း**
မန္တလေးတိုင်း၊ ပြင်ဦးလွင်နေ ခင်မာဒေဗီ အဘ ဦးဘီရုံမန် ၉/ပဥလ(နိုင်)၀၈၁၀၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၉၅၁၈၆၁၀

**ပျောက်ဆုံးကြောင်း**
မောင်အားချူးရင်(ဘ)ဦးကျော်စီး ၁၃/ကတန(နိုင်)၂၀၁၀၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၉၅၁၈၆၁၀

**ပျောက်ဆုံးကြောင်း**
မြစ်ပယ်(ဘ)ဦးမြဝင်း ၉/မခန(နိုင်)၃၃၇၁၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 979986)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
နီနီအေး(ဘ)ဦးမောင်ချို ၉/ပဘန(နိုင်)၂၇၉၂၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
နုထွေးနိုင်(ဘ)ဦးအယ်လ်တီစန်းငါ ၁၂/တမန(နိုင်)၀၇၉၆၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၁၀၅၂၉၂၅

**ပျောက်ဆုံးကြောင်း**
မြင့်မြင့်နိုင်(ဘ)ဦးမောင်အေးဝင်း ၁၁/စတန(နိုင်)၁၄၅၉၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၅၁၁၃၁၃၀၄

**ပျောက်ဆုံးကြောင်း**
လီလောက်ချေး(ဘ)ဦးလီလောက်အိန်း ၁၃/လကန(နိုင်)၀၄၃၁၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
လီရှောက်ဖန်း(ဘ)ဦးလီလောက်ချေး ၁၃/လကန(နိုင်)၀၁၆၀၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
အိသဉ္ဇာမောင်(ဘ)ဦးမောင်မောင် ၇/သဝတ(နိုင်)၁၃၂၁၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 508739)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ခင်သက်မှူးပိုင်(ဘ)ဦးနေမျိုးနိုင် ၁၂/ရပသ(နိုင်)၀၇၉၆၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ထက်လင်းအောင်(ဘ)ဦးအောင်ငွေ ၈/မမန(နိုင်)၂၅၉၁၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၀၁၇၉၄၀၅၇

**ပျောက်ဆုံးကြောင်း**
ရန်နိုင်အောင်(ဘ)ဦးခင်မောင်သန်း ၈/စတရ(နိုင်)၀၃၉၇၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၀၀၂၁၅၅၃၂

**ပျောက်ဆုံးကြောင်း**
ရဲထွဋ်အောင်(ဘ)ဦးခင်မောင်ကြည် ၁၂/ကခက(နိုင်)၀၉၂၂၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၁၆၀၁၀၂

**ပျောက်ဆုံးကြောင်း**
ခန့်မင်းဝေ(ဘ)ဦးသံချောင်း ၇/ဝမန(နိုင်)၂၀၇၁၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၆၅၈၇၇၅၃၃

**ပျောက်ဆုံးကြောင်း**
မအိသဇင်(ဘ)ဦးဝင်းနိုင် ၁၄/မအပ(နိုင်)၂၇၇၁၂၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၂၂၁၁၆၂၉

**ပျောက်ဆုံးကြောင်း**
ဇော်မင်းထွေး(ဘ)ဦးကြည်ဝင်း ၁၀/မလမ(နိုင်)၂၈၁၄၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၂၃၇

**ပျောက်ဆုံးကြောင်း**
နိုင်းကမ္ဘာမိုး(ဘ)ဦးဇော်မိုး ၁၂/ဥကမ(နိုင်)၂၇၅၆၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၂၃၇

**ပျောက်ဆုံးကြောင်း**
အင်းစိန်မြို့နယ်၊ ဈေးတုန်းအနောက်ရပ်ကွက်နေ ဖြိုးရဇာအောင်(ဘ)ဦးအောင်လင်း ၁၂/အစန(နိုင်)၁၈၇၇၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၀၀၅၀၁၂၇၉

**ပျောက်ဆုံးကြောင်း**
နတ်တလင်းမြို့နေ သက်နိုင်ဦး(ဘ)ဦးတင်ဆွေ ၇/နတလ(နိုင်)၁၃၉၀၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 209379)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ရေတာရှည်မြို့၊ ရပ်ကွက်(၅)နေ မယွန်းမီမီဇော်(ဘ)ဦးမြင့်ဇော် ၇/ရတရ(နိုင်)၁၉၇၄၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ဒိုက်ဦးမြို့နေ အောင်နိုင်စိုး(ဘ)ဦးအောင်ဝင်း ၇/ဒဥန(နိုင်)၂၀၄၃၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
တွန်းဇံမြို့၊ ခိန်းကန်းရွှနေ မကျိန်လောညောင်(ဘ)ဦးမန်ကျင့်ဟောက် ၄/တဇန(နိုင်)၀၂၉၄၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ပျော်ဘွယ်မြို့နယ်၊ နတ်စူးမော်နေ နိုင်စိုး(ဘ)ဦးဝင်းစိန် ၉/ပဘန(နိုင်)၁၇၈၇၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (MD 516229)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

➢ **ကျောဖုံးမှအဆက်**


အိုက်စ် **၃၄၃၈ ကီလိုဂရမ်**၊ ကက်တမင်း ၂၁၉၈ ကီလိုဂရမ်တို့ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် မူးယစ်ဆေးဝါးသယ်ဆောင်လေ့ရှိသည့် လမ်းကြောင်းများ၌ စစ်ဆေးရှာဖွေဖော်ထုတ်ဖမ်းဆီးမှုများတိုးမြှင့်လုပ်ဆောင်နေသကဲ့သို့ အိမ်နီးချင်းနိုင်ငံများနှင့်ပူးပေါင်း၍ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ပူးတွဲစစ်ဆင်ရေးများကို ဆောင်ရွက်ခြင်းများကြောင့် မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်သူများသည် ပင်လယ်ရေကြောင်း၏ အားသာချက်ကိုအသုံးချကာ ရေလမ်းကြောင်းအား ပြောင်းလဲအသုံးပြုလာသည်ကို တွေ့ရှိရကြောင်း၊ ထို့အတူ AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အနေဖြင့်လည်း မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှုများကို ပြုလုပ်ကာ ရရှိသည့်ငွေကြေးများဖြင့် လက်နက်၊ ခဲယမ်းများဝယ်ယူ၍ ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ခြင်း၊ လက်နက်အားကိုးဖြင့် အပြစ်မဲ့ပြည်သူများအပေါ် အနိုင်ကျင့်နှိပ်စက်သတ်ဖြတ်ခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း သိရှိရသည်။

သို့ဖြစ်၍ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ခြင်းနှင့် အကြမ်းဖက်လုပ်ရပ်များကိုမလိုလားသည့် ဒေသခံပြည်သူများ၏ သတင်းပေးပို့ချက်အရ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်တွင် ရှမ်းပြည်နယ်မှ မူးယစ်ဆေးဝါးများအား ရန်ကုန်မြို့မှတစ်ဆင့် ရခိုင်ပြည်နယ်နှင့် မလေးရှားနိုင်ငံသို့ ပို့ဆောင်မည်ဖြစ်ကြောင်း သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပိတ်ဆို့ရှာဖွေစစ်ဆေးခဲ့ရာ **လှည်းကူးမြို့နယ်၊ လှည်းကူး-ဖောင်ကြီးလမ်းမပေါ်**၌ ယာဉ်မောင်း **အောင်ခန့်ကျော်**နှင့် ယာဉ်နောက်လိုက် **ထက်ဝေဖြိုး**တို့ကို ၎င်းတို့မောင်းနှင်လာသည့် NISSAN CONDOR ယာဉ်ပေါ်မှ အိုက်စ် **၁၄၃၉ ကီလိုဂရမ်**၊ တန်ဖိုးငွေကျပ် ၃၅ ဒသမ ၉၇ ဘီလီယံခန့်နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့ ၂ ဦး၏ ထွက်ဆိုချက်အရ စက်တင်ဘာလ ၂၅ ရက်တွင် **ရွှေပြည်သာမြို့နယ်၊ ဒညင်းကုန်းလမ်းဆုံအနီးရှိ "ရွှေမောင်း"လက်ဖက်ရည်ဆိုင်၌ မူးယစ်ဆေးဝါးသယ်ဆောင်မည့်ယာဉ်အား ငှားရမ်းချိတ်ဆက်ပေးသည့် ဇော်ဝင်းထွန်း**နှင့် **ဆန်းထွန်းကျော်**တို့ ၂ ဦးအားလည်းကောင်း၊ ထန်းတပင်မြို့နယ်၊ စည်ပင်သာကျေးရွာရှိ နေအိမ်၌ မူးယစ်ဆေးဝါးများ သိုလှောင်သိမ်းဆည်းပေးသူ ဇော်လင်း၊ စောဇင်မင်းဟန်တို့ကို အိုက်စ် **၁၉၉၉ ကီလိုဂရမ်**၊ တန်ဖိုးငွေကျပ် ၄၉ ဒသမ ၉၇ ဘီလီယံခန့်နှင့်အတူလည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

ဖမ်းဆီးရမိသူများ၏ ဖော်ထုတ်ချက်အရ မူးယစ်ဆေးဝါးများအား သုံးခွမြို့နယ်၊ သမစိတ္တကမ်းခြေမှ မလေးရှားနိုင်ငံသို့ ပို့ဆောင်မည်ဖြစ်ကြောင်း သိရှိရသဖြင့် လုံခြုံရေးပူးပေါင်းအဖွဲ့ဖြင့် ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ စက်တင်ဘာလ ၂၇ ရက်တွင်

**စာမျက်နှာ ၂၉ သို့** ➢






လှည်းကူးမြို့နယ်၊ လှည်းကူး-ဖောင်ကြီးလမ်းမပေါ်နှင့် ထန်းတပင်မြို့နယ်နေအိမ်တို့၌ ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများကိုတွေ့ရစဉ်။






လှည်းကူးမြို့နယ်၊ လှည်းကူး-ဖောင်ကြီးလမ်းမပေါ်၌ ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများသယ်ဆောင်လာသည့်ယာဉ်နှင့် သိုဝှက်ထားရှိမှုကို တွေ့ရစဉ်။





မူးယစ်ဆေးဝါးများဖမ်းဆီးရမိခဲ့သည့် ထန်းတပင်မြို့နယ်၊ စည်ပင်သာကျေးရွာရှိ နေအိမ်နှင့် နေအိမ်အတွင်း သိုဝှက်ထားသည့် မူးယစ်ဆေးဝါးများကိုတွေ့ရစဉ်။













ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ၏ ထုပ်ပိုးမှုပုံစံများ။



ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နယ်၊ သမစိတ္တကျေးရွာအနီး၌ ဖမ်းဆီးရမိခဲ့သည့် တရားခံများနှင့် မူးယစ်ဆေးဝါးများကိုတွေ့ရစဉ်။



ဖမ်းဆီးရမိ မူးယစ်ဆေးဝါး (ကက်တမင်း) ထုပ်ပိုးမှုပုံစံကို တွေ့ရစဉ်။

➢ **စာမျက်နှာ ၂၈ မှအဆက်**

**သမစိတ္တကျေးရွာအနီး**ရှိ နေအိမ်ဂိုဒေါင်၌ ဂိုဒေါင်ပိုင်ရှင်ဖြစ်သူ **ကျော်နိုင်**နှင့် မူးယစ်ဆေးဝါးသယ်ဆောင်ပေးခဲ့သည့် ယာဉ်မောင်း/ယာဉ်မောင်းအကူများဖြစ်သော **သက်ပိုင်ဦး၊ ရဲကို၊ ဟိန်းထက်စိုး၊ ထက်နေလင်း၊ ဇင်မင်းလှိုင်၊ ဝေဖြိုးအောင်** တို့ကို **ကက်တမင်း ၂၁၉၈ ကီလိုဂရမ်၊ တန်ဖိုးငွေကျပ်၁၀၉ ဒသမ ၉ ဘီလီယံခန့်**နှင့်မူးယစ်ဆေးဝါးသယ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် MITSUBISHI FUSO အဖြူရောင်ယာဉ် ၁ စီး၊ NISSAN VANETTE အဖြူရောင်ယာဉ် ၁ စီး၊ HYUNDAI PORTER အဖြူရောင်ယာဉ် ၁ စီးတို့နှင့်အတူလည်းကောင်း၊ လှိုင်သာယာမြို့နယ်၊ ရွှေဥက္ကံကျေးရွာ၌ မူးယစ်ဆေးဝါးသယ်ဆောင်မည့် ယာဉ်မောင်းများအား ချိတ်ဆက်ပေးသူ **စိုးမင်းပိုင်** အားလည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး သတင်းဆက်အရ စက်တင်ဘာလ ၂၈ ရက်တွင် လှိုင်သာယာမြို့နယ်၊ (၁၅)ရပ်ကွက်၊ Smile World Spa ဆိုင်၌ မူးယစ်ဆေးဝါးများသိုလှောင်သိမ်းဆည်းပေးသူ **ခင်မောင်တွတ်** အားလည်းကောင်း၊ စက်တင်ဘာလ ၂၉ ရက်တွင် တွံတေးမြို့နယ်၊ ဘုရားငူကျေးရွာ၌ **တင့်နိုင်ထွန်း** အားလည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် ဖြစ်စဉ်တွင် ဖမ်းဆီးရမိသူ ၁၆ ဦး၊ မော်တော်ယာဉ် ၄ စီးနှင့် အိုက်စ် **၃၄၃၈ ကီလိုဂရမ်**၊ ကက်တမင်း ၂၁၉၈ ကီလိုဂရမ်၊ စုစုပေါင်း မူးယစ်ဆေးဝါးတန်ဖိုးငွေကျပ် ၁၉၅ ဒသမ ၈၅ ဘီလီယံခန့်ကိုဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။







သုံးခွမြို့နယ်၊ သမစိတ္တကျေးရွာရှိ ငါးကုန်စည်ဒိုင်အဆောက်အအုံနှင့် ငါးသယ်ယူပို့ဆောင်သည့် ရေခဲပုံးများအတွင်း မူးယစ်ဆေးဝါးများ သိုဝှက်ထားမှုကိုတွေ့ရစဉ်။





သုံးခွမြို့နယ်၊ သမစိတ္တကျေးရွာရှိ ကုန်စုံဆိုင်တွင် ဆန်အိတ်များနှင့်ရောနှော၍ သိုဝှက်သိမ်းဆည်းထားသည့် မူးယစ်ဆေးဝါးများကို တွေ့ရစဉ်။

ဖမ်းဆီးရမိသူများ၏ ထွက်ဆိုချက်အရ ကာလိမြို့နေ စိုင်းနော်ခမ်း(ခ)ကိုစိုင်း(ဖမ်းဆီးရန်ကျန်)က ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ ကျေးသီးမြို့နယ်၊ ဝမ်းဟိုင်းဒေသမှ မူးယစ်ဆေးဝါးများကို ရမည်းသင်းမြို့သို့ ပို့ဆောင်ပေးခဲ့ရာ ရမည်းသင်းမြို့မှ ရန်ကုန်မြို့သို့ **အောင်ခန့်ကျော်** နှင့် **ထက်ဝေဖြိုး**တို့က ဆက်လက်သယ်ဆောင်ခဲ့ကြောင်း၊ စိုင်းနော်ခမ်း(ဖမ်းဆီးရန်ကျန်)၏ စေခိုင်းချက်အရ ရခိုင်ပြည်နယ်သို့ပို့ဆောင်မည့် မူးယစ်ဆေးဝါးများကို **ဓော်လင်း** ငှားရမ်းထားသည့် ထန်းတပင်မြို့နယ်၊ စည်ပင်သာကျေးရွာရှိ နေအိမ်၌ သိုလှောင်သိမ်းဆည်းထားစဉ် ဖမ်းဆီးခံရခြင်းဖြစ်ကြောင်းနှင့် မလေးရှားနိုင်ငံသို့ပို့ဆောင်မည့် မူးယစ်ဆေးဝါးများကို ခင်မောင်တွတ်က လှိုင်သာယာမြို့နယ်၌ ခေတ္တသိုလှောင်သိမ်းဆည်းပေးခဲ့ပြီး ၎င်းနေရာမှတစ်ဆင့် ပင်လယ်ကမ်းစပ်ဖြစ်သည့် သုံးခွမြို့နယ်၊ သမစိတ္တကျေးရွာရှိ ကျော်နိုင်၏ဂိုဒေါင်သို့ ပို့ဆောင်သိုလှောင်ခဲ့ကြောင်း၊ ဖမ်းဆီးရမိသူ ကျော်နိုင်၏ထွက်ဆိုချက်အရ ဂိုဒေါင်၌ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများကို AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့မှ စီးပွားရေးတာဝန်ခံများဖြစ်သည့် ရဲဇော်(ဖမ်းဆီးရန်ကျန်)နှင့် ချစ်မင်း(ဖမ်းဆီးရန်ကျန်)တို့က ပင်လယ်ရေလမ်းကြောင်းဖြင့် မလေးရှားနိုင်ငံသို့ ဆက်လက်ပို့ဆောင်ရန် စီစဉ်နေစဉ် ဖမ်းဆီးခံရခြင်းဖြစ်ကြောင်း သိရှိရသည်။



ဖမ်းဆီးရမိ NISSAN VANETTE အဖြူရောင်ယာဉ်ကို တွေ့ရစဉ်။




ဖမ်းဆီးရမိ HYUNDAI PORTER အဖြူရောင်ယာဉ်ကို တွေ့ရစဉ်။





ဖမ်းဆီးရမိ MITSUBISHI FUSO အဖြူရောင်ယာဉ်ကို တွေ့ရစဉ်။





လှိုင်သာယာမြို့နယ်၊ ဂိုဒေါင်အဆောက်အအုံအတွင်းရှိ မူးယစ်ဆေးဝါးများသိုဝှက်ထားခဲ့သည့် မြေအောက်အခန်းအား ရှာဖွေမှုမှတ်တမ်းဓာတ်ပုံ။

သို့ဖြစ်၍ မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသူများအား ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး တရားခံပြေးများအပါအဝင် ကွင်းဆက်ပြစ်မှု ကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိပြီး ပြည်သူများအနေဖြင့်လည်း မူးယစ်ဆေးဝါးသယ်ဆောင်သည့် သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာသတင်းပေးတိုင်ကြားနိုင်ကြောင်းနှင့် သတင်းပေးသူနှင့် ပူးပေါင်းပါဝင်ဖမ်းဆီးပေးသူများအား လျှို့ဝှက်၍ ဆုငွေများထိုက်တန်စွာ ချီးမြှင့်ပေးမည်ဖြစ်ကြောင်း အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

(၁၀၀)

# (၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများ ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသော ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်း ရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့်ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီးထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ အများအပြားကိုဖြစ်စေထည့်သွင်းဖွဲ့ဆိုရေးသားနိုင်ပါသည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန်အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့် ကိုက်ညီသည့်ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို(အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သီးသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့်ကဗျာ(ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ)ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်း/ဝါသနာရှင်) စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့်ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက်မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သီးသာစွာရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်)နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု (ဝတ္ထုတို/ဝတ္ထုရှည်)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (Pyidaungsu Font စာလုံးအရွယ်အစား ၁၃)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်းဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၇၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀,၀၀၀ ကျပ် |

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၇၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀,၀၀၀ ကျပ် |

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၅၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၃၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀,၀၀၀ ကျပ် |

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀,၀၀၀ ကျပ် |

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၅၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၃၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀,၀၀၀ ကျပ် |

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀,၀၀၀ ကျပ် |

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၆၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၅၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၄၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၃၀၀,၀၀၀ ကျပ် |

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၇၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၆၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၅၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၄၀၀,၀၀၀ ကျပ် |

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

**ပြိုင်ပွဲကျင်းပရေးကော်မတီ**




ကုန်ဆုံးသွားသော စွမ်းအားများ
DAGON Malta Fresh
နဲ့ ဖြည့်စွမ်းထား
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
DAGON
MALTA FRESH
AIBA
2016




ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့ မှ
ထုတ်လုပ်သော ကြံ့၊ ဆင်နှစ်ကောင်၊ Blue Diamond နှင့် မြင်းပျံ အမှတ်တံဆိပ် ဘိလပ်မြေများအား
စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။
RHINO
PORTLAND CEMENT
PRODUCT OF MEC
EXPORT QUALITY
DOUBLE ELEPHANT
PORTLAND CEMENT
PRODUCT OF MYANMAR
OPC-EN 197-1:2000
CEM-I 42.5N
BLUE DIAMOND CEMENT
PORTLAND CEMENT
A Product of
HIGHLAND CEMENT
INTERNATIONAL CO., LTD
Strength Class 42.5
NET WEIGHT
50 Kg
မြင်းပျံ
PORTLAND CEMENT
BS 12 : 1996 , 42.5 N
PRODUCT OF MYANMAR
SINCE 1986
NET WEIGHT 50 Kg
ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၉၂၅၂၃၂၇
အရောင်းကိုယ်စားလှယ်- ဖုန်း - ၀၉ ၇၇၇၀၀၂၇၀၄၊ ၀၉၇၇၇၀၀၄၀၉၇
ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၇၇၇၀၀၄၇၄၀
အရောင်းကိုယ်စားလှယ်- ဖုန်း - ၀၉ ၇၇၇၀၀၂၆၇၀




Quality For You
VEGA
ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ
အရည်အသွေးမှာ အကောင်းဆုံး ဗီဂါ
Quality For You
သစ်ပင်တွေရှင်သန်ဖို့ ရေအစက်ချကိုအသုံးပြုစို့
ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဥ့်ကိုင်မြို့။ ၀၉-၂၀၀၂၀၅၁၊ ၀၉-၄၀၂၆၃၉၆၈၉၊ ၀၉-၆၉၈၃၅၈၃၁

AVAILABLE SERVICES
Inland Container Depot
Warehouse Service
Customs Freight Station Service
Trucking Service
Logistic Service
Multi-modal Transportation Services
LPM
LANN PYI MARINE
COMPANY LIMITED
No. 55/61, Strand Road, Botahtaung Township, Yangon, Myanmar.
Tel. 01 8372879, 8373013 Fax. 095 1 8373011
Email. lannpyi.hq@lpm-myanmar.com, lannpyi.icd@lpm-myanmar.com

❖ မိမိတို့နိုင်ငံအပေါ် စီးပွားရေးအရပိတ်ဆို့မှုများရှိသဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှုများကိုတိုးမြှင့်၍ ပို့ကုန်ကဏ္ဍမြှင့်တင်နိုင်ရန်လို . . .

❖ ဈေးကွက်ရှိပြီးဖြစ်သည့် ထုတ်ကုန်ပစ္စည်းများကိုတိုးမြှင့်ထုတ်လုပ်၍ ပြည်ပသို့တင်ပို့နိုင်ရန်လို . . .

❖ အဓိကအားဖြင့် စိုက်ပျိုးရေးနှင့်ပတ်သက်သည့် ထုတ်ကုန်ပစ္စည်းများကို ပိုမိုထုတ်လုပ်တင်ပို့နိုင်ရန်လို. . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်ရှိ Asia World Port Terminal–AWPT ဆိပ်ကမ်းလုပ်ငန်းကဏ္ဍ စွမ်းဆောင်နိုင်မှုအခြေအနေများနှင့် ကုန်သွယ်မှုဆိုင်ရာအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ် လမ်းညွှန်မှာကြားမှုမှကောက်နုတ်ချက်)

❖ **နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။**

❖ **နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။**

❖ **နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။**

# ကျောက်မဲမြို့၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းအပ်စတင်လက်ခံ၊ ကျောက်မဲမြို့ ယာယီဆေးရုံ၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၇

တပ်မတော်က ပြည်သူလူထုအေးချမ်းစွာ နေထိုင်နိုင်ရေးအတွက်အကြမ်းဖက်ချေမှုန်းမှု စစ်ဆင်ရေး(Counter– Terrorism Operation) ကို တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ ကျောက်မဲမြို့အား အလုံးစုံပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တပ်မတော်သားများပူးပေါင်း၍ ဒေသခံ

**စာမျက်နှာ ၁၁ ကော်လံ ၃ ○**



ကျောက်မဲမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူများအား ကျောင်းအပ်လက်ခံနေမှုကိုတွေ့ရစဉ်။

# AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ရခိုင်ပြည်နယ်နှင့် မလေးရှားနိုင်ငံသို့ပို့ဆောင်မည့် ငွေကျပ် ၁၉၅ ဘီလီယံကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ရန်ကုန်မြို့၌ ဖမ်းဆီးရမိ



နေပြည်တော် အောက်တိုဘာ ၇

နိုင်ငံတော်အစိုးရအနေဖြင့် အနာဂတ်မျိုးဆက်သစ် လူငယ်များအပါအဝင် လူသားမျိုးနွယ်စုတစ်ခုလုံးကို အန္တရာယ်ဖြစ်စေသည့် မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှုများအား ထိရောက်စွာ တားဆီးကာကွယ်တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်၍ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ရခိုင်ပြည်နယ်နှင့် မလေးရှားနိုင်ငံသို့ပို့ဆောင်မည့် ငွေကျပ် ၁၉၅ ဒသမ ၈၅ ဘီလီယံခန့်တန်ဖိုးရှိ

**စာမျက်နှာ ၂၈ ကော်လံ ၁ ➢**

လှည်းကူးမြို့နယ်၊ လှည်းကူး–ဖောင်ကြီးလမ်းမပေါ်နှင့် ထန်းတပင်မြို့နယ်နေအိမ်တို့၌ ဖမ်းဆီးရမိသည့် တရားခံများနှင့် မူးယစ်ဆေးဝါးများကိုတွေ့ရစဉ်။

**တာချီလိတ်မြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၆ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၂၀၇ ကီလို ဖမ်းဆီးရမိ**

စာ – ၂၆ သို့

**မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၁၀ ဦး သက်ဆိုင်ရာနိုင်ငံများသို့ထပ်မံပြည်နှင့် လွှဲပြောင်းပေးအပ်**

စာ – ၂၇ သို့

**တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်နှင့် ရေယာဉ် ဖမ်းဆီးရမိ**

စာ – ၂၆ သို့


OKKAN SUGAR MILL

ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး

FDA ထောက်ခံချက်အမှတ်–စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la











Phone; 09973037364(Office), 09971922346(Mill)

မြန်မာပြည်တွင်ထုတ်လုပ်သည်

သကြားဖြူ White Sugar